ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

**ကြီးသူတို့ကို ရိုသေလုပ်ကျွေးပြုစုခြင်းသည် ချမ်းသာ၏**

လောက၌ အမိကိုပြုစုလုပ်ကျွေးခြင်းသည် ချမ်းသာ၏၊ အဖကို ပြုစုလုပ်ကျွေးခြင်းသည် ချမ်းသာ၏၊ လောက၌ ရဟန်းတို့ကို ပစ္စည်းလေးပါးတို့ဖြင့် အရိုအသေပြုစုခြင်းသည် ချမ်းသာ၏၊ မကောင်းမှုကင်းကုန်သော ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ သာဝက တို့ကို ပစ္စည်းလေးပါးတို့ဖြင့် အရိုအသေပြုစုခြင်းသည် ချမ်းသာ၏။

နာဂဝဂ် ( ဓမ္မပဒ- ၃၃၂)

၁၃၈၆ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၉ ရက်၊ စနေနေ့။ Saturday, 9 November 2024 ၁၁၆၃၆

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချုံချင့်မြို့ရှိ စက်ရုံ၊ အလုပ်ရုံများသို့ သွားရောက်လေ့လာ

**နေပြည်တော် နိုဝင်ဘာ ၈**

တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ရောက်ရှိနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ယနေ့တွင် ချုံချင့်မြို့ရှိ စက်ရုံ၊ အလုပ်ရုံများသို့ သွားရောက်လေ့လာသည်။

**Zhongyue Aviation UAV Firefighting–Drone Co.,Ltd.**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် Zhongyue Aviation UAV Firefighting–Drone Co.,Ltd. သို့ ရောက်ရှိကြရာ ကုမ္ပဏီမှ Founder & Chairman ဖြစ်သူ Mr. CAO, Bing နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် ကုမ္ပဏီပြခန်းအတွင်း ကုမ္ပဏီ၏ သမိုင်းအကျဉ်းနှင့် နှစ်အလိုက် ဖွံ့ဖြိုးတိုးတက်မှုများ၊ သုတေသန ပြုလုပ်ဆောင်ရွက်ခဲ့မှုများနှင့် လူသားအကျိုးပြု

စာမျက်နှာ ၃ ကော်လံ ၁ သို့ ○



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် Zhongyue Aviation UAV Firefighting–Drone Co.,Ltd. မှ ထုတ်လုပ်ထားသော လူမှုကယ်ဆယ်ရေးလုပ်ငန်းများတွင် အသုံးပြုသည့် အဆင့်မြင့်ဒရုန်းများ ခင်းကျင်းပြသထားရှိမှုကို ကြည့်ရှုလေ့လာစဉ်။



ကြေးမုံ

# ပိုမိုကောင်းမွန်သောအသိုက်အဝန်း ဆန်းသစ်တီထွင်မှုဖြင့် ဖော်ဆောင်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့ ဟိုင်ဂန်ကွန်ဗင်းရှင်းစင်တာတွင် နိုဝင်ဘာလ ၇ ရက်နေ့ကကျင်းပသည့် အဋ္ဌမအကြိမ် မဟာမဲခေါင်ဒေသခွဲ(ဂျီအမ်အက်စ်) ထိပ်သီးအစည်းအဝေးသို့တက်ရောက်ပြီး နိုင်ငံအချင်းချင်းနှင့် ဘက်စုံပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ်များအပါအဝင် အခြားသောနိုင်ငံတကာ ကတိကဝတ်များကို အကောင်အထည်ဖော်ရာတွင် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အဆိုပါအစည်းအဝေး ပထမပိုင်း နိုင်ငံ့ခေါင်းဆောင်များ သီးသန့်အစည်းအဝေးတွင် တက်ရောက်လာကြသည့် နိုင်ငံ့ခေါင်းဆောင်များက "ဆန်းသစ်တီထွင်မှုဖော်ဆောင်ခြင်းဖြင့် ဖွံ့ဖြိုးတိုးတက်ရေး" ခေါင်းစဉ်ဖြင့် ဒေသတွင်း ပေါင်းစည်းဆောင်ရွက်သင့်သည့် လုပ်ငန်းစဉ်များနှင့် ပြင်ဆင်ထားရမည့်ကိစ္စရပ်များအပေါ် အကြံပြုဆွေးနွေးကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က "တစ်ချိန်တည်းမှာပဲ တီထွင်ဆန်းသစ်မှုတွေဟာ မိမိနိုင်ငံရဲ့ ရေမြေသဘာဝ၊ ပထဝီအနေအထားတွေနဲ့ ကိုက်ညီဖို့လိုတဲ့အပြင် အစိုးရ၊ ဖွံ့ဖြိုးမှုမိတ်ဖက်များ၊ ပုဂ္ဂလိကနဲ့ ဒေသန္တရအစိုးရတွေအပြင် အသိပညာရှင် အတတ်ပညာရှင်တွေ၊ စွန့်ဦးတီထွင်သူတွေနဲ့ စီးပွားရေးလုပ်ငန်းရှင်တွေကပါ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရမှာဖြစ်ပါတယ်"ဟု ပြောကြားခဲ့သည်။

တိုးတက်ပြောင်းလဲဖြစ်ထွန်းနေသော ယနေ့ကာလတွင် နည်းပညာနှင့် သုတေသန တီထွင်ဆန်းသစ်မှုများသည် နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအထောက်အကူပြုနေသည်ကို မြင်တွေ့ရမည်ဖြစ်သည်။ လျင်မြန်စွာပြောင်းလဲနေသည့် ကမ္ဘာ့စီးပွားရေးစနစ်တွင် ဆန်းသစ်တီထွင်မှုကို အားပေးမြှင့်တင်သည့် နိုင်ငံများ၊ ဒေသများအနေဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို သိသာထင်ရှားစွာမြှင့်တင်နိုင်ပြီး အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ခြင်း၊ ကုန်ထုတ်လုပ်မှုနှင့် ကုန်သွယ်မှုကဏ္ဍတွင် ယှဉ်ပြိုင်နိုင်စွမ်း မြှင့်တင်လာနိုင်ခြင်းစသည့် လူမှုစီးပွားဘဝ အရည်အသွေးများကို တိုးတက်ပြောင်းလဲလာအောင် ဆောင်ရွက်လာနိုင်သည်ကို တွေ့မြင်နေရသည်။

ဆန်းသစ်တီထွင်မှုဖြင့် အောင်မြင်သည့်ဒေသခွဲတစ်ခု ပေါ်ပေါက်လာစေရန်အတွက် အရင်းအမြစ်များရရှိနိုင်မှုသည် အလွန်အရေးကြီးသည်။ ဆန်းသစ်တီထွင်နိုင်မှုအတွက် သုတေသနနှင့်ဖွံ့ဖြိုးမှုသည် မရှိမဖြစ်လိုအပ်သည့် အရင်းအမြစ်ဖြစ်သကဲ့သို့ ဆန်းသစ်တီထွင်မှုရန်ပုံငွေ တောင့်တင်းရန်လည်းလိုအပ်သည်။ ဆန်းသစ်တီထွင်မှုရန်ပုံငွေအတွက် အစိုးရ၊ ပုဂ္ဂလိကနှင့် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှု၊ ဖွံ့ဖြိုးမှုမိတ်ဖက်များ၏ပံ့ပိုးမှု စသည့်နယ်ပယ်ပေါင်းစုံမှ အရင်းအမြစ်များနှင့် ပေါင်းစည်းပြီးဆောင်ရွက်မှသာ ပြည့်စုံမည်ဖြစ်သည်။

ဂျီအမ်အက်စ်ဒေသခွဲအနေဖြင့် စိုက်ပျိုးစီးပွား ပိုမိုတိုးတက်ထွန်းကားလာရန်နှင့် စားနပ်ရိက္ခာဖူလုံရန်အတွက် ဆန်းသစ်တီထွင်မှုနှင့် အရှိန်မြှင့်တင်ရမည်ပင်ဖြစ်ကြောင်း၊ ဂျီအမ်အက်စ်အစီအစဉ်၏ ကဏ္ဍအားလုံးကို ဆန်းသစ်တီထွင်မှု မဟာဗျူဟာနှင့် ချိတ်ဆက်ဆောင်ရွက်ရန် အရေးကြီးကြောင်း၊ မဟာဗျူဟာအရ အထူးသဖြင့် စိုက်ပျိုးရေး၊ ခရီးသွားလုပ်ငန်း၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍတို့ကို ဦးစားပေးဆောင်ရွက်သွားမည်ဆိုသည့် လုပ်ငန်းစဉ်ကလည်း ဒေသတွင်းလိုအပ်ချက်အရ များစွာသင့်တော်ကြောင်း၊ ယင်းဦးစားပေးကဏ္ဍများအပြင် ကျန်ရှိနေသည့် စွမ်းအင်၊ ကျန်းမာရေး၊ မြို့ပြဖွံ့ဖြိုးတိုးတက်ရေးနှင့် ပို့ဆောင်ရေးကဏ္ဍတို့တွင် ဆက်လက်ဆောင်ရွက်သွားရန် ပြင်ဆင်ထားရမည်ဖြစ်ကြောင်း နိုင်ငံတော်အကြီးအကဲက ပြောကြားခဲ့သည်။

မျက်မှောက်ကာလတွင် ကမ္ဘာ့နိုင်ငံများအနေဖြင့် ရာသီဥတုပြောင်းလဲမှု၊ စားရေရိက္ခာဖူလုံမှု၊ သဘာဝဘေးအန္တရာယ်ကျရောက်မှု၊ ငွေကြေးဖောင်းပွမှု၊ ကျန်းမာရေးအကျပ်အတည်းဖြစ်မှု၊ စွမ်းအင်ဈေးနှုန်းမြင့်တက်လာမှု၊ ရွှေ့ပြောင်းလုပ်သားများနှင့် စီးပွားရေးမညီမျှမှု စသည့်အပြန်အလှန်ဆက်နွှယ်နေသည့် စိန်ခေါ်မှုများကို ရင်ဆိုင်နေရသည်။ ယင်းစိန်ခေါ်မှုများကို တစ်နိုင်ငံတည်း၊ အဖွဲ့အစည်းတစ်ခုတည်းအနေဖြင့် ဖြေရှင်း၍မရသည့်အတွက် ညှိနှိုင်းပေါင်းစပ်မှုနှင့်ဘက်စုံချဉ်းကပ်ဆောင်ရွက်မည့် နည်းလမ်းများကို ဂျီအမ်အက်စ်အဖွဲ့ဝင်နိုင်ငံများ၊ မိတ်ဖက်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်သည်။ ထိုသို့ဆောင်ရွက်ရာတွင် အရင်းအမြစ်များကို ပေါင်းစည်းအသုံးပြုခြင်း၊ အသိပညာမျှဝေခြင်း၊ မူဝါဒများကို လိုအပ်သလိုချိန်ညှိဆောင်ရွက်ခြင်းဖြင့် ရေရှည်တည်တံ့ခိုင်မြဲမှုကို မြှင့်တင်ပေးနိုင်မည်ဖြစ်သည်။

သို့ဖြစ်ရာ ဂျီအမ်အက်စ်အစည်းအဝေး ဒုတိယပိုင်းအစီအစဉ်ခေါင်းစဉ်ပါ "ဆန်းသစ်တီထွင်မှု ဖော်ဆောင်ခြင်းဖြင့် ပိုမိုကောင်းမွန်သည့် အသိုက်အဝန်းဆီသို့" ရည်မှန်းချက်အတိုင်း နိုင်ငံအချင်းချင်းဖြစ်စေ၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများမှတစ်ဆင့်ဖြစ်စေ၊ ဆန်းသစ်တီထွင်မှုကဏ္ဍတွင် ချိတ်ဆက်ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်ခြင်းဖြင့် ဒေသတွင်းနိုင်ငံများအားလုံး ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်နိုင်မည်ဟု ယုံကြည်ပါကြောင်း။ ။

## ပထမနှစ်ဝင်ခွင့်ရသူများစာရင်း ထုတ်ပြန်ကြေညာထားမည်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန**
**နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန**
**ကြေညာချက်**

၂၀၂၄ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ခဲ့ကြသူများအတွက် ပထမနှစ်ဝင်ခွင့်ရသူများစာရင်းကို ၁၀-၁၁-၂၀၂၄ ရက်တွင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၏ Website: https://www. most.gov.mm၊ နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန၏ Website: https://www. dtvet. edu.mm၊ https://www.dtvet.gov.mm နှင့် သက်ဆိုင်ရာအစိုးရနည်းပညာကောလိပ်များတွင် ကြေညာထားမည်ဖြစ်ပါသည်။ **နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန**

## ပထမနှစ်ဝင်ခွင့်ရသူများစာရင်း ထုတ်ပြန်ကြေညာထားမည်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန**
**အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန**
**ကြေညာချက်**

၂၀၂၄ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ခဲ့ကြသူများအတွက် ပထမနှစ်ဝင်ခွင့်ရသူများစာရင်းကို (၁၀-၁၁-၂၀၂၄) ရက်တွင် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၏ Website: http://www.most.gov.mm၊ အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန၏ Website: http://www.dast. edu.mm၊ http:// www.dast.gov.mm နှင့် သက်ဆိုင်ရာတက္ကသိုလ်များတွင် ကြေညာထားမည်ဖြစ်ပါသည်။

**အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန**

## ပထမနှစ် နေ့သင်တန်းဝင်ခွင့်ရစာရင်းများ ထုတ်ပြန်မည်

**ပညာရေးဝန်ကြီးဌာန**
**အဆင့်မြင့်ပညာဦးစီးဌာန**
**ပထမနှစ် နေ့သင်တန်းဝင်ခွင့်ရစာရင်းများ ထုတ်ပြန်မည်**

၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများအတွက် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ပထမနှစ် နေ့သင်တန်း ဝင်ခွင့်ရသူများစာရင်းကို ၁၀-၁၁-၂၀၂၄ ရက်တွင် သက်ဆိုင်ရာတက္ကသိုလ်နှင့် ဒီဂရီကောလိပ်အသီးသီးတွင် ကြေညာထားမည်ဖြစ်ပြီး ပညာရေးဝန်ကြီးဌာန website http://www.moe.gov.mm နှင့် အဆင့်မြင့်ပညာဦးစီးဌာန website http://www.dhe.gov.mm တို့တွင်လည်း ကြေညာထားမည်ဖြစ်ပါသည်။ **အဆင့်မြင့်ပညာဦးစီးဌာန**

## လျှပ်စစ်သုံးမော်တော်ယာဉ်များ တင်သွင်းရောက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၈**

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် Dongfeng Motor Co., Ltd. က တင်သွင်းလာသော တရုတ်နိုင်ငံထုတ် DONGFENG EX1 NANO BOX နှင့် FAW TOYOTA bZ3 အမျိုးအစား လျှပ်စစ်သုံးယာဉ်များ ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## လေဖိအားနည်း ရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်

**နေပြည်တော် နိုဝင်ဘာ ၈**

ယနေ့ ညနေ ၃ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်း၌ နောက် ၄၈ နာရီအတွင်း လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်သည်။

**မိုး/ဇလ**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၈-၁၁-၂၀၂၄

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၆၀၀ | ၈,၉၀၀ | ၃၃၁ | ၂,၈၆၅,၁၀၀ |
| MTSH | ၃,၃၀၀ | ၃,၃၀၀ | ၅,၉၂၃ | ၁၉,၅၄၅,၉၀၀ |
| MCB | ၈,၄၀၀ | ၈,၄၀၀ | ၄၇ | ၃၉၄,၈၀၀ |
| FPB | ၁,၉၅၀ | ၁,၉၅၀ | ၃၄ | ၆၆,၃၀၀ |
| TMH | ၂,၉၀၀ | ၂,၈၅၀ | ၂ | ၅,၇၅၀ |
| EFR | ၁,၇၀၀ | ၁,၇၀၀ | ၅၃၀ | ၉၀၁,၀၀၀ |
| AMATA | ၄,၅၀၀ | ၄,၅၀၀ | ၀ | ၀ |
| MAEX | ၃,၃၀၀ | ၃,၃၀၀ | ၂၀၂ | ၆၆၅,၁၀၀ |
| MADPL(PLB) | ၃၅,၀၀၀ | ၃၅,၀၀၀ | ၀ | ၀ |

**ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။**

ကြေးမုံ

**စာတည်းမှူးချုပ်** - ဦးဝင်းနိုင်
**ခေတ္တ စာတည်းမှူး** - ဦးအေဝမ်းစိုး
**စာတည်းများ** - ဦးစန်းအောင်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ
**ဘာသာပြန် စာတည်းများ** - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
**အကြီးတန်း သတင်းထောက်များ** - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ
**အငယ်တန်း သတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
**သုတေသန** - ဒေါ်ဇင်မာဝင့်
**စာပြင်** - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့
**အီးမေးလ်နှင့် အွန်လိုင်း** - ဦးစိုးချစ်ဦးနှင့်အဖွဲ့

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )







နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် SERES မော်တော်ကားကုမ္ပဏီ၏ စက်ရုံအတွင်း ကားထုတ်လုပ်နေမှုအဆင့်ဆင့်ကို ကြည့်ရှုလေ့လာစဉ်။

❍ ရှေ့ဖုံးမှ

ဆောင်ရွက်ချက် များကြောင့် ပြည်တွင်း ပြည်ပမှ ချီးမြှင့်ခြင်းခံခဲ့ရသည့် ဆုတံဆိပ်များကို လိုက်လံရှင်းလင်းပြသပြီး လူမှုကယ်ဆယ်ရေးလုပ်ငန်းများတွင် အဆင့်မြင့်ဒရုန်းများ အသုံးပြု၍ ကူညီဆောင်ရွက်ခဲ့သည့် မှတ်တမ်း Video ကို ပြသသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကုမ္ပဏီကထုတ်လုပ်ထားသော လူမှုကယ်ဆယ်ရေးလုပ်ငန်းများတွင် အသုံးပြုသည့် အဆင့်မြင့်ဒရုန်းများ ခင်းကျင်းပြသထားရှိမှုကို လိုက်လံကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက အထပ်မြင့် အဆောက်အအုံများ၊ တောမီး လောင်ကျွမ်းမှုများနှင့် အခြားသော သဘာဝဘေး ကယ်ဆယ်ရေးလုပ်ငန်းတို့တွင် ဒရုန်းများအသုံးပြု၍ ပြုလုပ်ပုံအဆင့်ဆင့်ကို ရှင်းလင်းတင်ပြကြပြီး ဒရုန်းဖြင့် မီးငြိမ်းသတ်မှုအား လက်တွေ့သရုပ်ပြသသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် Chongqing International Logistics Hub Park တွင် ကြည့်ရှုလေ့လာစဉ်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်သည် ကုမ္ပဏီတာဝန်ခံအား ယခုကဲ့သို့ အဆင့်မြင့် နည်းပညာများကို အသုံးပြု၍ လူသားအကျိုးပြု ဒရုန်းများ တီထွင်ထုတ်လုပ်မှုနှင့် ဘေးအန္တရာယ် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ခဲ့မှုကို ချီးကျူးဂုဏ်ပြုပါကြောင်း ပြောကြားပြီး အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

**SERES မော်တော်ကားကုမ္ပဏီ**

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် SERES မော်တော်ကားကုမ္ပဏီသို့ သွားရောက်လေ့လာကြရာ ကုမ္ပဏီမှ Chairman ဖြစ်သူ Mr. Li Bo နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား ကားစက်ရုံ၏သမိုင်းအကျဉ်း၊ ကုမ္ပဏီက ထုတ်လုပ်လျက်ရှိသည့် ကားအမျိုးအစားများကို ပြကွက်တစ်ခုချင်းစီအလိုက်၊ ကားအမျိုးအစားအလိုက် အချက်အလက်များနှင့် စက်ရုံအတွင်း ကားထုတ်လုပ်နေမှုအဆင့်ဆင့်ကို အသေးစိတ် လိုက်လံရှင်းလင်းပြသကြရာ သိရှိလိုသည်များ ပြန်လည်မေးမြန်းခဲ့သည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အား ကုမ္ပဏီက

**စာမျက်နှာ ၄ သို့ ❍**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား SERES မော်တော်ကားကုမ္ပဏီမှ Chairman ဖြစ်သူ Mr. Li Bo က ကုမ္ပဏီမှထုတ်လုပ်ထားသည့် မော်တော်ကားပုံစံငယ်ကို ဂါရဝပြုပေးအပ်စဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် Weima လယ်ယာစက်မှု ထုတ်ကုန်ကုမ္ပဏီမှ ထုတ်လုပ်ထားသည့် စက်ပစ္စည်းများ ခင်းကျင်းပြသထားမှုကို ကြည့်ရှုလေ့လာစဉ်။

❍ စာမျက်နှာ ၃ မှ

ထုတ်လုပ်သည့် မော်တော်ကား ပုံစံငယ်ကို ဂါရဝပြုပေးအပ်ရာ အမှတ်တရ လက်ဆောင်ပစ္စည်း ပြန်လည်ပေးအပ်သည်။

### Chongqing International Logistics Hub Park

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် Chongqing International Logistics Hub Park သို့ ရောက်ရှိကြရာ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြပြီး တရုတ်-ဥရောပ-အနောက်နိုင်ငံတို့အကြား ကုန်စည်စီးဆင်းလျက်ရှိသည့် ကုန်းလမ်း၊ ရေလမ်း လမ်းပြမြေပုံ၊ ချုံချင့်မြို့၏ ဖွံ့ဖြိုးတိုးတက်မှုသမိုင်း၊ ယန်စီမြစ်ပေါ်ရှိ ကုန်စည်စီးဆင်းမှု ဆိပ်ကမ်းများနှင့် လမ်းပန်းဆက်သွယ်ရေးနှင့် မြို့ပြပုံစံငယ်တို့ကို လိုက်လံရှင်းလင်းပြသကြသည်။

ရှင်းလင်းပြသမှုများ အပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က သိရှိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေးပြီး ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးသည်။

### Weima လယ်ယာစက်မှု ထုတ်ကုန်ကုမ္ပဏီ

ဆက်လက်၍ မွန်းလွဲပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် Weima လယ်ယာစက်မှုထုတ်ကုန် ကုမ္ပဏီသို့ သွားရောက်လေ့လာကြရာ ဥက္ကဋ္ဌဖြစ်သူ Mr. Yan Hua နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။ ယင်းနောက် ကုမ္ပဏီ၏ သမိုင်းအကျဉ်းနှင့် အိမ်နီးချင်းနိုင်ငံများ၊ အရှေ့တောင်အာရှနိုင်ငံများနှင့် ဥရောပနိုင်ငံများသို့ လယ်ယာလုပ်ငန်းသုံး ထုတ်ကုန်စက်ပစ္စည်းများ၊ ရေစုပ်စက်၊ မီးစက်၊ နှင်းရှင်းစက်နှင့် လမ်းရှင်းစက်များ တင်ပို့ရောင်းချရလျက်ရှိမှု၊ ကုမ္ပဏီမှထုတ်လုပ်ထားရှိသည့် စက်ပစ္စည်းများ ခင်းကျင်းပြသထားရှိမှုနှင့် အဆင့်ဆင့်ထုတ်လုပ်နေမှုတို့ကို လိုက်လံရှင်းလင်းပြသရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က သိရှိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေးသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် Chongqing Planning Exhibition ပြတိုက်တွင် မြို့ပြပုံစံငယ်များ ပြသထားရှိမှုကို ကြည့်ရှုလေ့လာစဉ်။

### Chongqing Planning Exhibition ပြတိုက်

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် Chongqing Planning Exhibition ပြတိုက်သို့ ရောက်ရှိကြရာ ချုံချင့်မြို့ ဒုတိယမြို့တော်ဝန်နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ပြတိုက်မှ တာဝန်ရှိသူများက ချုံချင့်မြို့၏ ခေတ်အဆက်ဆက် ဖြစ်ပေါ်ပြောင်းလဲတိုးတက်ခဲ့မှုများ၊ ဒေသနေပြည်သူများ၏ လူနေမှုဘဝအဆင့်အတန်း မြင့်မားတိုးတက်လာမှုနှင့် ရိုးရာယဉ်ကျေးမှုပုံစံများ၊ မြို့ပြပုံစံငယ်များ၊ ကဏ္ဍပေါင်းစုံမှ ဖွံ့ဖြိုးတိုးတက်နေမှုကို ဖော်ပြထားသည့် အထူးပြုလုပ်ချက် ဗီဒီယိုများ စသည်ဖြင့် ပြကွက်တစ်ခုချင်းစီအလိုက် လိုက်လံရှင်းလင်းပြသကြရာ သိရှိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေးသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ပြတိုက်ဧည့်သည်တော် မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးပြီး ပြတိုက်တာဝန်ခံများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ညပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ချုံချင့်မြို့ရှိ Yuantongsi သဘော်ဆိပ်သို့ ရောက်ရှိပြီး ယန်စီမြစ်အတွင်း သဘော်စီး၍ လေ့လာခဲ့ကြကြောင်းနှင့် သဘော်ပေါ်တွင် လိုက်ပါလာသည့် ချုံချင့်မြို့မှ စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံကာ တရုတ်-မြန်မာ စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများနှင့် ရင်းနှီးမြှုပ်နှံမှုများကို တိုးမြှင့် ဆောင်ရွက်သွားနိုင်မည့် အခြေအနေများနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီအဖွဲ့ဝင် ချုံချင့်မြူနီစီပယ်ပါတီကော်မတီ အတွင်းရေးမှူး Mr. Yuan Jiajun နှင့် တွေ့ဆုံဆွေးနွေးစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီအဖွဲ့ဝင် ချုံချင့်မြူနီစီပယ်ပါတီကော်မတီအတွင်းရေးမှူး Mr. Yuan Jiajun နှင့် တွေ့ဆုံဆွေးနွေး

**နေပြည်တော် နိုဝင်ဘာ ၈**

တရုတ်ပြည်သူ့ သမ္မတနိုင်ငံ ချုံချင့်မြို့သို့ ရောက်ရှိနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီအဖွဲ့ဝင် ချုံချင့်မြူနီစီပယ်ပါတီကော်မတီအတွင်းရေးမှူး Mr. Yuan Jiajun နှင့် ယနေ့ညနေပိုင်းတွင် Yuzhou Hotel ဧည့်ခန်းမဆောင်၌ တွေ့ဆုံဆွေးနွေးသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အဖွဲ့ဝင် ချုံချင့်မြူနီစီပယ်ပါတီ ကော်မတီ အတွင်းရေးမှူးက လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ပြီး မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

**အမြင်ချင်းဖလှယ်ဆွေးနွေး**

ထို့နောက်တွေ့ဆုံဆွေးနွေးရာ၌ ချုံချင့်မြို့သည် တရုတ်ပြည်သူ့ သမ္မတနိုင်ငံ၏ အချက်အချာကျသည့်နေရာတွင် တည်ရှိပြီး ခေတ်အဆက်ဆက် ပြောင်းလဲတိုးတက်လာမှု အခြေအနေများ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် အနေဖြင့် ချုံချင့်မြို့သို့ ခရီးစဉ်လာရောက်မှုသည် မြန်မာ-ချုံချင့် စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု၏ လမ်းစတစ်ခုဖြစ်သည့် အခြေအနေများနှင့် ချုံချင့်မြို့နယ်အနေဖြင့် ၎င်းတို့၏ နည်းပညာ အားသာချက်များ၊ လမ်းပန်းဆက်သွယ်မှု အချက်အချာကျသည့် အားသာချက်များအပေါ်တွင်မူတည်၍ မြန်မာနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက် ဆောင်ရွက်သွားနိုင်မည့် အလားအလာများ၊ မြန်မာနိုင်ငံနှင့် သိပ္ပံနှင့်နည်းပညာဆိုင်ရာ ပူးပေါင်း ဆောင်ရွက်မှုများ၊ ယဉ်ကျေးမှုဖလှယ်မှုများ၊ ပညာရေးကဏ္ဍနှင့် ခရီးသွားကဏ္ဍမြှင့်တင် ဆောင်ရွက်နိုင်မည့် အခြေအနေများနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့် ခရီးစဉ်တွင်လိုက်ပါလာကြသည့် အရာရှိကြီးများနှင့် တာဝန်ရှိသူများ၊ တရုတ်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီးတို့ တက်ရောက်ကြပြီး တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီအဖွဲ့ဝင် ချုံချင့်မြူနီစီပယ်ပါတီ ကော်မတီအတွင်းရေးမှူးနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အဖွဲ့ဝင် ချုံချင့်မြူနီစီပယ်ပါတီ ကော်မတီ အတွင်းရေးမှူးတို့သည် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ခရီးစဉ်တွင်လိုက်ပါလာကြသည့် အဖွဲ့ဝင်များသည် တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီအဖွဲ့ဝင် ချုံချင့်မြူနီစီပယ်ပါတီကော်မတီအတွင်းရေးမှူးက တည်ခင်းဧည့်ခံသည့် ညစာကို အတူတကွသုံးဆောင်ခဲ့ကြသည်။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တရုတ်ပြည်သူ့ သမ္မတနိုင်ငံ အတွင်းရှိ အထင်ကရနေရာများ၊ စက်ရုံ၊ အလုပ်ရုံများ၊ တက္ကသိုလ်များသို့ ဆက်လက်လေ့လာသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီအဖွဲ့ဝင် ချုံချင့်မြူနီစီပယ်ပါတီကော်မတီ အတွင်းရေးမှူး Mr. Yuan Jiajun တို့ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီအဖွဲ့ဝင် ချုံချင့်မြူနီစီပယ်ပါတီကော်မတီ အတွင်းရေးမှူး Mr. Yuan Jiajun က တည်ခင်းဧည့်ခံသည့် ညစာကို အတူတကွသုံးဆောင်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ချုံချင့်မြို့ရှိ မြန်မာကောင်စစ်ဝန်ချုပ်ရုံး ဝန်ထမ်းမိသားစုများနှင့် ပညာတော်သင် သင်တန်းသားများအား တွေ့ဆုံအမှာစကား ပြောကြားစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချုံချင့်မြို့သို့ရောက်ရှိ၊ ကောင်စစ်ဝန်ချုပ်ရုံး ဝန်ထမ်းမိသားစုများနှင့်တွေ့ဆုံ

**နေပြည်တော် နိုဝင်ဘာ ၈**

တရုတ်ပြည်သူ့ သမ္မတနိုင်ငံ ကူမင်းမြို့၌ ကျင်းပခဲ့သည့် အဌမအကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲ ထိပ်သီးအစည်းအဝေး (8th Greater Mekong Subregion–GMS) အပါအဝင် ထိပ်သီးအစည်းအဝေးများသို့ တက်ရောက်ခဲ့သော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့သည် နိုဝင်ဘာ ၇ ရက် ညနေပိုင်းတွင် ကူမင်းမြို့မှ ချုံချင့်မြို့သို့ထွက်ခွာရာ တရုတ်ကွန်မြူနစ်ပါတီ အမြဲတမ်းကော်မတီအဖွဲ့ဝင် Mr. Yang Yalin နှင့် တာဝန်ရှိသူများ၊ တရုတ်ရိုးရာယဉ်ကျေးမှုအဖွဲ့များက နှစ်နိုင်ငံအလံများဝှေ့ယမ်း၍ ရိုးရာယဉ်ကျေးမှုအကအလှများ ကပြကာ လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

## ကြိုဆိုနှုတ်ဆက်

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ညပိုင်းတွင် ချုံချင့်မြို့ ကျန်းပေ အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြရာ ချုံချင့်မြို့ ဒုတိယမြို့တော်ဝန် Mr. Shang Kui နှင့် အဖွဲ့ဝင်များ၊ ချုံချင့်မြို့ရှိ မြန်မာ ကောင်စစ်ဝန်ချုပ်ရုံးမှ ကောင်စစ်ဝန်ချုပ် ဦးကျော်ဇေယျာလင်းနှင့် တာဝန်ရှိသူများက ပန်းစည်းကမ်း၍ လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် ယနေ့နံနက်ပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် အဖွဲ့ဝင်များလိုက်ပါ၍ ချုံချင့်မြို့ရှိ မြန်မာကောင်စစ်ဝန်ချုပ်ရုံး ဝန်ထမ်းမိသားစုများနှင့် ပညာတော်သင် သင်တန်းသားများအား တွေ့ဆုံအမှာစကား ပြောကြားသည်။ ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား ကောင်စစ်ဝန်ချုပ်ရုံး ဝန်ထမ်းမိသားစုများက လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။ ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်သည် ကောင်စစ်ဝန်ချုပ်ရုံးခန်း အတွင်း လှည့်လည် ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ချုံချင့်မြို့ ဒုတိယမြို့တော်ဝန် Mr. Shang Kui နှင့်အဖွဲ့ဝင်များ၊ ချုံချင့်မြို့ရှိ မြန်မာကောင်စစ်ဝန်ချုပ်ရုံးမှ ကောင်စစ်ဝန်ချုပ် ဦးကျော်ဇေယျာလင်းနှင့် တာဝန်ရှိသူများက ချုံချင့်မြို့ ကျန်းပေအပြည်ပြည်ဆိုင်ရာလေဆိပ်၌ လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြစဉ်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မြန်မာကောင်စစ်ဝန်ချုပ်ရုံး ဝန်ထမ်းမိသားစုများနှင့် ပညာတော်သင် သင်တန်းသားများအား တွေ့ဆုံရာ ကောင်စစ်ဝန်ချုပ်က စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် အခြားနယ်ပယ်ပေါင်းစုံတို့တွင် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်နိုင်ရေး လုပ်ဆောင်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။ ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ကောင်စစ်ဝန်ချုပ်ရုံးတွင် နိုင်ငံ့ တာဝန်ထမ်းဆောင်နေသူများအနေဖြင့် သံတမန်ရေးရာဆိုင်ရာ ဆက်ဆံရေးသာမက အခြား ကဏ္ဍများ၌လည်း အောင်မြင်အောင် ဆောင်ရွက်သွားနိုင်ကြရန် လိုကြောင်း၊

**စာမျက်နှာ ၇ သို့ ❍**



## ပို့ဆောင်နှုတ်ဆက်

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ ကူမင်းမြို့မှ ချုံချင့်မြို့သို့ထွက်ခွာရာ တရုတ်ကွန်မြူနစ်ပါတီ အမြဲတမ်းကော်မတီအဖွဲ့ဝင် Mr. Yang Yalin နှင့် တာဝန်ရှိသူများ၊ တရုတ်ရိုးရာ ယဉ်ကျေးမှုအဖွဲ့များက လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြစဉ်။

❍ စာမျက်နှာ ၆ မှ
နှစ်နိုင်ငံအကြား အကျိုးတူစီးပွားရေးလုပ်ငန်းများ၊ ပို့ကုန်သွင်းကုန်လုပ်ငန်းများ၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် အခွင့်အလမ်းများ ဖော်ဆောင်ပေးနိုင်ရမည် ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ပါက ကူးလူးဆက်ဆံမှုများ ပိုမိုတိုးတက်လာမည်ဖြစ်ပြီး နှစ်နိုင်ငံပြည်သူများအတွက် အကျိုးစီးပွားကို ဖြစ်ပေါ်စေနိုင်မည်ဖြစ်သကဲ့သို့ နိုင်ငံ့စီးပွားရေးကိုလည်း မြှင့်တင်နိုင်မည် ဖြစ်ကြောင်း၊ ထို့ပြင် နိုင်ငံတစ်နိုင်ငံ၊ ဒေသတစ်ခု ဖွံ့ဖြိုးတိုးတက်မှု၏ အခြေခံအုတ်မြစ်သည် လူသားအရင်းအမြစ်များ အများအပြားမွေးထုတ်ပေးနိုင်ခြင်းပင် ဖြစ်သည့်အတွက် ပညာရေးမြှင့်တင်မှု အခန်းကဏ္ဍအတွက်လည်း သံတမန်ဝန်ထမ်းများအနေဖြင့် ဖော်ဆောင်ပေးကြရမည်ဖြစ်ကြောင်း၊ တာဝန်များကို ထမ်းဆောင်ရာတွင် မိမိကိုယ်ကို ထိန်းထိန်းသိမ်းသိမ်းနေထိုင်ခြင်း၊ လုပ်ငန်းတာဝန်များကို ကျေပွန်အောင် ဆောင်ရွက်ခြင်း၊ ဆက်ဆံရေးကောင်းမွန်ခြင်းတို့ဖြင့် မိမိတို့နိုင်ငံ၏ ဂုဏ်ကိုလည်း မြှင့်တင်ဆောင်ရွက်သွားရန်လိုကြောင်း၊ မြန်မာ-တရုတ် ချစ်ကြည်ရေးနှင့် ကူးသန်းရောင်းဝယ်ရေးတွင် အဓိကအထောက်အကူပြုသည့် နေရာတစ်ခုအဖြစ် ရောက်ရှိအောင် ဆောင်ရွက်ပြီး နိုင်ငံ့ဂုဏ်ကို မြှင့်တင်နိုင်ပါစေကြောင်း မှာကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကောင်စစ်ဝန်ချုပ်ရုံး ဝန်ထမ်းမိသားစုများနှင့် ပညာတော်သင် သင်တန်းသားများအတွက် လက်ဆောင်ပစ္စည်းများနှင့် ချီးမြှင့်ထောက်ပံ့ငွေများ ပေးအပ်စဉ်။

**ထောက်ပံ့ငွေများပေးအပ်**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်က ကောင်စစ်ဝန်ချုပ်ရုံး ဝန်ထမ်းမိသားစုများနှင့် ပညာတော်သင် သင်တန်းသားများအတွက် လက်ဆောင် ပစ္စည်းများနှင့် ချီးမြှင့် ထောက်ပံ့ငွေများကို ပေးအပ်ရာ ကောင်စစ်ဝန်ချုပ်နှင့် ပညာတော်သင် သင်တန်းသားတို့က လက်ခံရယူကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ချုံချင့်မြို့ မြန်မာကောင်စစ်ဝန်ချုပ်ရုံး ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် အမှတ်တရလက်မှတ်ရေးထိုးပေးပြီး ကောင်စစ်ဝန်ချုပ်ရုံး ဝန်ထမ်းမိသားစုများနှင့် ပညာတော်သင် သင်တန်းသားများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ဆွေမျိုးပေါက်ဖော် ရွှေ့ခရီး

❖ အိမ်နီးနားချင်း၊ ချစ်ကြည်ခြင်းသည်
ကောင်းခြင်းဖြာဖြာ မင်္ဂလာတည့်။

❖ ရပ်နီးနားချင်း၊ ဖေးကူခြင်းသည်
ရင်းနှီးချစ်ခင်၊ သံယောဇဉ်ကို
ထင်ရှားပြသ နေသည်တကား။

❖ အိမ်ရှေ့ အိမ်နောက်
အိမ်အောက် အိမ်ပေါ်
တိုင်ပင်ဖော်ဟု၊ ယုံကြည်မှုဖြင့်
လူမှုအရေး၊ စီးပွားရေးနှင့်
ပြည့်ရေးပြည့်ရာ၊ အဖြာဖြာကို
သူ့, ငါ ကောင်းကျိုး၊ ဆတက် တိုးအောင်
ကြိုးပမ်းဆောင်မြန်း၊ အခန်းခန်းလျှင်
ရှင်လန်းကြည်နူး ဖွယ်တကား။

❖ ဩော် အတီအတော၊ ရှေးပဝေမှ
မသွေခုတိုင်၊ မယိမ်းယိုင်ဘဲ
ခိုင်မြဲချိတ်ဆက်၊ ပေါင်းစုလက်ဖြင့်
နှစ်ဖက်ပြည်ထောင်၊ ပြည်ကျိုးဆောင်မည်
အောင်မည်ခံယူ မုချတည်း။
ဆွေမျိုးပေါက်ဖော် ရွှေ့ခရီး။ ။

မျိုးမြတ်မြတ်မြင့်မောင်

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့၌ ကျင်းပပြုလုပ်သည့် ထိပ်သီးအစည်းအဝေးများသို့ တက်ရောက်လာသည့် ထိုင်းနိုင်ငံဝန်ကြီးချုပ် H.E. Ms. Paetongtarn Shinawatra နှင့် တွေ့ဆုံဆွေးနွေး



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ထိုင်းနိုင်ငံဝန်ကြီးချုပ် H.E. Ms. Paetongtarn Shinawatra တို့ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

**နေပြည်တော် နိုဝင်ဘာ ၈**

နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် နိုဝင်ဘာ ၇ ရက် မွန်းလွဲပိုင်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့၌ ကျင်းပပြုလုပ်သည့် အဌမအကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲ ထိပ်သီးအစည်းအဝေးအပါအဝင် ထိပ်သီးအစည်းအဝေးများသို့ တက်ရောက်လာသည့် ထိုင်းနိုင်ငံဝန်ကြီးချုပ် H.E. Ms. Paetongtarn Shinawatra နှင့် ကူမင်းမြို့ရှိ Wyndham Grand ဟိုတယ်၌ တွေ့ဆုံဆွေးနွေးသည်။

**အမြင်ချင်းဖလှယ်ဆွေးနွေး**

ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့သည် ခွဲခြား၍မရသည့် အိမ်နီးချင်း မိတ်ဆွေကောင်းနိုင်ငံများဖြစ်ပြီး တစ်နိုင်ငံ၏အရေးကိစ္စသည် တစ်နိုင်ငံအပေါ် သက်ရောက်မှုရှိသည့် အခြေအနေများ၊ နှစ်နိုင်ငံနယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ နိုင်ငံဖြတ်ကျော်မှုခင်းတိုက်ဖျက်ရေး၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးနှင့် အွန်လိုင်းလောင်းကစားမှုတိုက်ဖျက်ရေးဆိုင်ရာကိစ္စရပ်များ၊ နယ်စပ်ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးမြှင့်တင်ဆောင်ရွက်သွားနိုင်မည့် အခြေအနေများ၊ အလုပ်သမားဆိုင်ရာ ကိစ္စရပ်များ၊ နှစ်နိုင်ငံ ဝန်ကြီးဌာနအချင်းချင်းနှင့် ဌာနဆိုင်ရာ အချင်းချင်းတို့အကြား ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ဆောင်ရွက်နိုင်မည့်အခြေအနေများ၊ မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုနှင့် ချမှတ်ထားသည့်ဦးတည်ချက်များအတိုင်း အကောင်အထည်ဖော် ဆောင်ရွက်နေမှုအခြေအနေများ၊ လွတ်လပ်၍ တရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှုအခြေအနေများနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ထိုင်းနိုင်ငံတို့မှ ဝန်ကြီးချုပ်တို့သည် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

**❖ ယခုနှစ်မိုးရာသီကာလတွင် မိုးများပြားစွာရွာသွန်းခဲ့ခြင်း၊ ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့ခြင်းကြောင့် မြေသားများ စိုထိုင်းဆများပြားလျက်ရှိပြီး ကျစ်လျစ်မှုအားနည်းနေသည့်အတွက် ယခင်ရာဂီကဲ့သို့ မိုးရေချိန်လက်မများစွာ ရရှိပါက တိုင်းဒေသကြီး / ပြည်နယ်အချို့တွင် ထိခိုက်လာနိုင်သည့်အတွက် ကြိုတင်ပြင်ဆင် ဆောင်ရွက်သွားရန် လိုအပ်**

**❖ ထိုသို့ကြိုတင်ပြင်ဆင်ရေးဆောင်ရွက်ရာတွင် ကြိုတင်သတိပေးချက်များထုတ်ပြန်ခြင်း၊ ယခင်အတွေ့အကြုံအရ ရေကြီးရေလျှံမှုဖြစ်ပေါ်နိုင်သည့်နေရာများတွင် နေထိုင်သူများကို ပြောင်းရွှေ့နေရာချထားနိုင်ရန်အတွက် ရွှေ့ပြောင်းမည့်နေရာများ သတ်မှတ်ခြင်း၊ ရေသန့်နှင့်အစားအသောက်များ ကြိုတင်ပြင်ဆင်ထားရှိခြင်း၊ ရွှေ့ပြောင်းရန် ယာဉ်ယန္တရားများ စုဖွဲ့ပြင်ဆင်ထားခြင်း၊ အချိန်မီရွှေ့ပြောင်းခြင်း၊ ရွှေ့ပြောင်းရန်လိုအပ်သူများအား ရွှေ့ပြောင်းပေးရာတွင်လည်း ငြင်းဆန်သူများကို သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဥပဒေအရ စည်းရုံး၊ တိုက်တွန်းရွှေ့ပြောင်းပေးနိုင်ရေးတို့ကို ကြိုတင်ပြင်ဆင်ထားရမည်**

✪ ကျောဖုံးမှ

မျက်မှောက်ကာလတွင် ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များကို ကမ္ဘာ့နိုင်ငံအများအပြား တွေ့ကြုံခံစားနေရပြီး ပြင်းထန်သည့်သဘာဝဘေး များဖြစ်သော ရုတ်တရက်ရေကြီးခြင်း၊ ပြင်းထန်အားကောင်းသည့် မုန်တိုင်းကြီးများဖြစ်ပေါ်ခြင်းများကို တွေ့ကြုံခံစားနေရကြောင်း၊ အမေရိကန်နိုင်ငံတွင် ၂၀၂၄ ခုနှစ် စက်တင်ဘာလနှင့် အောက်တိုဘာလအတွင်း ရက်သတ္တနှစ်ပတ်ခန့်ခြားကာ အင်အားအလွန်ပြင်းထန်သည့် ဟာရီကိန်းမုန်တိုင်းများဖြစ်သော Helene၊ Milton၊ Leslie မုန်တိုင်းများဖြစ်ပွားခဲ့၍ လူသန်းနှင့်ချီပြီး ရွှေ့ပြောင်းခဲ့ရသကဲ့သို့ အမေရိကန်ဒေါ်လာ ဘီလီယံရာနှင့်ချီပြီး ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ကြောင်း၊ ထို့အပြင် ပြီးခဲ့သည့် ရက်ပိုင်းအတွင်းကလည်း စပိန်နိုင်ငံတွင် ဖြစ်ပေါ်ခဲ့သည့် ရေဘေးကြောင့် သေဆုံးသူ ၂၀၀ ကျော်ခန့်ရှိခဲ့သည်ကို တွေ့ရှိရကြောင်း။ အလားတူ ဖိလစ်ပိုင်နိုင်ငံတွင်လည်း သဘာဝဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ကြောင်း။

**ရာသီဥတုဖောက်ပြန် ပြောင်းလဲမှုကြောင့် ဖြစ်ပေါ်သည့် သဘာဝဘေးအန္တရာယ်များ ရင်ဆိုင်နေရ**

မြန်မာနိုင်ငံအနေဖြင့်လည်း အခြားနိုင်ငံများကဲ့သို့ ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုကြောင့် ဖြစ်ပေါ်သည့်သဘာဝဘေးအန္တရာယ်များကို ရင်ဆိုင်နေရပြီး သဘာဝဘေးအန္တရာယ် ထိခိုက်ပျက်စီးဆုံးရှုံးနိုင်ခြေအများဆုံး စာရင်းထဲတွင် ပါဝင်နေကြောင်း၊ ယခုလတ်တလောတွင် မုတ်သုံကာလလွန်မြောက်ပြီ ဖြစ်သော်လည်း တောင်တရုတ်ပင်လယ်ပြင်မှ ရွေ့လျားလာသော လေပွေလှိုင်းများကြောင့် လည်းကောင်း၊ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့မှ လေနွေးများနှင့် တရုတ်ပြည်မကြီးပေါ်ရှိ လေဖိအားကြီးရပ်ဝန်းဒေသမှ ရွေ့လျားလာသည့် လေအေးများတွေ့ဆုံမှုကြောင့်လည်းကောင်း၊ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတို့တွင် လေထုမငြိမ်မသက်မှုများဖြစ်ပေါ်လာနိုင်သည့်အတွက်လည်းကောင်း ယခုရက်ပိုင်းအတွင်း မိုးသည်းထန်စွာရွာသွန်းမှုများ ဖြစ်ပေါ်နိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနက ထုတ်ပြန်ခဲ့ပြီးဖြစ်ကြောင်း၊ နိုဝင်ဘာ ၇ ရက်က ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ်၌ မိုးရေချိန် ရှစ်လက်မခန့် ရွာသွန်းမှုဖြစ်ပေါ်ခဲ့ကြောင်း။

ထို့ပြင် တိုင်ဖွန်းမုန်တိုင်း ရင်ရှင်း (YINXING)သည် နိုဝင်ဘာ ၇ ရက်တွင် ဖိလစ်ပိုင်နိုင်ငံကို ဝင်ရောက်ခဲ့ပြီး အနောက်ဘက်နှင့် အနောက်မြောက်ဘက်ဆီသို့ ဦးတည်လျက်ရှိသည်ကို သတင်းများ၌ တွေ့ရကြောင်း၊ မုန်တိုင်းလမ်းကြောင်းသည် ယခင်ရာဂီမုန်တိုင်း ဝင်ရောက်ခဲ့သည့် လမ်းကြောင်းနှင့် တူညီကြောင်း သိရှိရကြောင်း၊ ယခင်ရာဂီမုန်တိုင်း ဝင်ရောက်စဉ်က စက်တင်ဘာ ၂ ရက်တွင် ဖိလစ်ပိုင်နိုင်ငံ၊ ၇ ရက်တွင် ဗီယက်နမ်နိုင်ငံ၊ ၈ ရက်နှင့် ၉ ရက်တို့တွင် မြန်မာနိုင်ငံသို့ ဖြတ်ကျော်ဝင်ရောက်ခဲ့သည်ကို တွေ့ရှိရကြောင်း၊ ယခုဖြစ်စဉ်တွင် တိုင်ဖွန်းမုန်တိုင်း ရာဂီအဖျားခတ်ချိန်၌ ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်းမှတစ်ဆင့် မုန်တိုင်းငယ်ဖြစ်ပေါ်ချိန်တိုက်ဆိုင်လျက် မြန်မာနိုင်ငံ အလယ်ပိုင်းဒေသနှင့် ရှမ်းပြည်နယ်တို့တွင်မိုးကြီးပြီး ရေလျှံဒုက္ခဘေးခံစားခဲ့ရသလို ယခုအခါလည်း မြန်မာနိုင်ငံအပေါ်၌ လေအေးစီးကြောင်းနှင့်လေနွေးစီးကြောင်းထိတွေ့မှုကြောင့် မိုးရွာသွန်းချိန် ဖိလစ်ပိုင်မှ တိုင်ဖွန်းမုန်တိုင်းရင်ရှင်းကလည်း ဗီယက်နမ်နိုင်ငံဘက်သို့ ဦးတည်ချိန်နှင့် ဖြစ်စဉ်တူ၊ လမ်းကြောင်းတူတိုက်ဆိုင်နေသဖြင့် မိုးကြီးရေလျှံမှုနှင့် မြေပြိုမှုများဖြစ်ပွားလာမှုအပေါ် ကြိုတင်မြော်တွေး၍ လိုအပ်သည်များဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားကြရမည်ဖြစ်ကြောင်း။

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနနှင့် နိုင်ငံတကာမိုးလေဝသခန့်မှန်းဌာနများ၏ ထုတ်ပြန်ချက်အရ မြန်မာနိုင်ငံအတွင်း နိုဝင်ဘာ ၈ ရက်မှ ၁၇ ရက်အတွင်း ရွာသွန်းမြဲအောက်နှင့် ရွာသွန်းမှုအနည်းငယ်သာရှိမည်ဟု ခန့်မှန်းထားသော်လည်း မိမိတို့ဘက်မှ ထပ်မံ၍ ရာဂီမုန်တိုင်း အဖျားခတ်မှုဖြစ်စဉ်ကဲ့သို့ ထပ်မံမဖြစ်စေရေး ကြိုတင်ပြင်ဆင်ခြင်း၊ ဇာတ်တိုက်လေ့ကျင့်ခြင်းများကို မဖြစ်မနေဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံအနေဖြင့် ယခုနှစ်မိုးရာသီကာလတွင် မိုးများပြားစွာရွာသွန်းခဲ့ခြင်း၊ ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့ခြင်းကြောင့် မြေသားများ စိုထိုင်းဆများပြားလျက်ရှိပြီး ကျစ်လျစ်မှုအားနည်းနေသည့်အတွက် ယခင်ရာဂီကဲ့သို့ မိုးရေချိန်လက်မများစွာ ရရှိပါက တိုင်းဒေသကြီး/ပြည်နယ်အချို့တွင် ထိခိုက်လာနိုင်သည့်အတွက်ကြိုတင်ပြင်ဆင် ဆောင်ရွက်သွားရန်လိုအပ်ကြောင်း၊ ထိုသို့ကြိုတင်ပြင်ဆင်ရေး ဆောင်ရွက်ရာတွင်ကြိုတင်သတိပေးချက်များထုတ်ပြန်ခြင်း၊ ယခင်အတွေ့အကြုံအရ ရေကြီးရေလျှံမှုဖြစ်ပေါ်နိုင်သည့် နေရာများတွင် နေထိုင်သူများကို ပြောင်းရွှေ့နေရာ ချထားနိုင်ရန်အတွက် ရွှေ့ပြောင်းမည့်နေရာများ သတ်မှတ်ခြင်း၊ ရေသန့်နှင့် အစားအသောက်များကြိုတင်ပြင်ဆင်ထားရှိခြင်း၊ ရွှေ့ပြောင်းရန် ယာဉ်ယန္တရားများ စုဖွဲ့ပြင်ဆင်ထားခြင်း၊ အချိန်မီရွှေ့ပြောင်းခြင်း၊ ရွှေ့ပြောင်းရန်လိုအပ်သူများအား ရွှေ့ပြောင်းပေးရာတွင်လည်း ငြင်းဆန်သူများကို သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေအရ စည်းရုံး၊ တိုက်တွန်းရွှေ့ပြောင်းပေးနိုင်ရေးတို့ကို ကြိုတင်ပြင်ဆင်ထားရမည်ဖြစ်ကြောင်း၊ ရာဂီမုန်တိုင်းကြောင့် ဖြစ်ပေါ်ခဲ့သည့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများကို သင်ခန်းစာယူပြီး လိုအပ်သည့်ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်သွားရန်လိုကြောင်း၊ ပျက်စီးဆုံးရှုံးမှုအနည်းဆုံး (သို့မဟုတ်) မရှိသလောက် ဖြစ်အောင် လိုအပ်သည့် ကြိုတင်ပြင်ဆင်မှုများကို အားလုံးဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြစေလိုကြောင်း။

ရာဂီမုန်တိုင်းကြောင့် ဖြစ်ပေါ်ခဲ့သည့် ရေကြီးရေလျှံမှုများနှင့် ပတ်သက်ပြီး ရေဘေးသင့်ဒေသများ၏ အရေးပေါ်တုံ့ပြန်ရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာတွင်လည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌကိုယ်တိုင် ဦးဆောင်လမ်းညွှန်မှုများ ပြုလုပ်ခဲ့သည့်အပေါ်တွင် အမျိုးသားကော်မတီအနေဖြင့် ချက်ချင်းလိုက်နာ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ဘေးသင့်ဒေသများအတွက် လိုအပ်သည့် ထောက်ပံ့မှုများပြုလုပ်ခြင်း၊ သေဆုံးထိခိုက် ဒဏ်ရာရရှိသူများ၊ အိုးအိမ်ဆုံးရှုံးခဲ့ရသူများအတွက် ထောက်ပံ့မှုများပြုလုပ်ခြင်း၊ အရေးပေါ်စားနပ်ရိက္ခာများ ထောက်ပံ့ခြင်းစသည့် လုပ်ငန်းများအတွက် ငွေကျပ် ၂၅ ဘီလီယံကျော်ကို သုံးစွဲထောက်ပံ့ပေးနိုင်ခဲ့ကြောင်း။

ထို့အပြင် ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ လမ်းပန်းဆက်သွယ်ရေးစသည့် ကဏ္ဍပေါင်းစုံကိုလည်း အမြန်ဆုံးပြန်လည်ထူထောင်နိုင်ရန်အတွက် တာဝန်ရှိသူအဆင့်ဆင့်က ကြီးကြပ်ကွပ်ကဲ ဆောင်ရွက်လျက်ရှိခြင်းကြောင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအနေဖြင့် အရှိန်ရနေသည်ကို တွေ့ရကြောင်း။

နိုင်ငံတော်၏ မတည်ရန်ပုံငွေ၊ အလှူရှင်များ၏ ထည့်ဝင်လှူဒါန်းငွေများဖြင့် ရေဘေးသင့်ဒေသများရှိ စာသင်ကျောင်းများကို အမြန်ဆုံးပြုပြင်၍ ပြန်လည်ဖွင့်လှစ်နိုင်အောင် ဆောင်ရွက်ခဲ့ရာ ရေဘေးဖြစ်ပွားပြီး တစ်လခန့်အတွင်းတွင် အခြေခံပညာကျောင်းများအားလုံးကို ပြန်လည်ဖွင့်လှစ်နိုင်ခဲ့သည်ကို တွေ့ရှိရကြောင်း၊ ထိုသို့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်အောင် စေတနာမေတ္တာအပြည့်ဖြင့် လှူဒါန်းပေးကြသည့်အလှူရှင်များကို ကျေးဇူးတင်ရှိပါကြောင်း၊ ထို့အတူ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများအတွက်လည်း လိုအပ်သည့် မျိုးစပါးနှင့် တိရစ္ဆာန်ဆေးဝါးများကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း၊ အခြားသောစိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍများတွင်လည်း ဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း။

မိမိတို့အနေဖြင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အားကြိုးမာန်တက် ဆောင်ရွက်နေချိန်တွင် နောက်ထပ်ဖြစ်ပေါ်လာနိုင်သည့် သဘာဝဘေးအန္တရာယ်များကိုလည်း အလေးထားစောင့်ကြည့်ပြီး လိုအပ်သလို ပြင်ဆင်မှုများဆောင်ရွက်ကြရန် အရေးကြီးလိုအပ်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့် ဝန်ကြီးဌာနများ/အဖွဲ့အစည်းများ၊ လုပ်ငန်းကော်မတီများ၊ နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များအနေဖြင့် လတ်တလော ဖြစ်ပေါ်လာနိုင်သည့် ရာသီဥတုအခြေအနေများနှင့် စပ်လျဉ်းပြီး ကြိုတင်ပြင်ဆင်ထားရှိမှု အခြေအနေများ၊ ပြည်ထောင်စုအဆင့်က ဖြည့်ဆည်းဆောင်ရွက်ပေးရန် လိုအပ်သည်များကို ဆွေးနွေးတင်ပြကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ကော်မတီဒုတိယဥက္ကဋ္ဌပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်နှင့် ဒေါက်တာစိုးဝင်းတို့က လတ်တလောဖြစ်ပေါ်နေသည့် ရာသီဥတုအခြေအနေကြောင့် ဖြစ်ပေါ်လာနိုင်သည့် သဘာဝဘေးအန္တရာယ်အခြေအနေများ၊ သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်ပါက ထိခိုက်မှုနည်းပါးစေရန် ဒေသအလိုက်အရေးပေါ်တုံ့ပြန်ရေးအဖွဲ့များဖွဲ့စည်း၍ ကြိုတင်ပြင်ဆင်ရေးလုပ်ငန်းများ ဆောင်ရွက်ထားမှုနှင့် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုရန်ပုံငွေဖြင့် ကူညီကယ်ဆယ်ရေးပစ္စည်းများ ဝယ်ယူဖြည့်ဆည်းထားရှိမှုများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က တောင်တရုတ်ပင်လယ်ပြင်တွင်ဖြစ်ပေါ်နေသည့် တိုင်ဖွန်းမုန်တိုင်းရင်ရှင်း၏ လမ်းကြောင်းအခြေအနေနှင့် ဆက်လက်ဖြစ်ပေါ်နိုင်သည့် မိုးလေဝသခန့်မှန်းချက်အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ကော်မတီအဖွဲ့ဝင်များဖြစ်ကြသည့် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များနှင့် တာဝန်ရှိသူများက ဒေသအလိုက်၊ ကဏ္ဍအလိုက် အရေးပေါ်တုံ့ပြန်ရေး၊ ကူညီကယ်ဆယ်ရေး၊ ထောက်ပံ့ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်ရန် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားမှု အခြေအနေများကို ဆွေးနွေးတင်ပြကြသည်။

ထို့နောက် သတင်းနှင့်ပြန်ကြားရေးလုပ်ငန်းကော်မတီ၊ ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာစီမံခန့်ခွဲမှု လုပ်ငန်းကော်မတီ၊ ပို့ဆောင်ဆက်သွယ်ရေးလုပ်ငန်းကော်မတီ၊ ကနဦးလိုအပ်ချက်စစ်တမ်းကောက်ယူရေး၊ လိုအပ်ချက်များဆန်းစစ်ဖော်ထုတ်ရေးလုပ်ငန်းကော်မတီ၊ နိုင်ငံတကာ ဆက်ဆံရေးလုပ်ငန်းကော်မတီ၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်ထူထောင်ရေးလုပ်ငန်းကော်မတီ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းကော်မတီနှင့် ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းကော်မတီတို့မှ ကော်မတီဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများက သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကြိုတင် ကာကွယ်ရေးလုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍအလိုက် ဝိုင်းဝန်းအကြံပြုဆွေးနွေးကြသည်။

ဆက်လက်၍ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။ **သတင်းစဉ်**

**❖ ဘေးသင့်ဒေသများအတွက် လိုအပ်သည့်ထောက်ပံ့မှုများပြုလုပ်ခြင်း၊ သေဆုံးထိခိုက်ဒဏ်ရာရရှိသူများ၊ အိုးအိမ်ဆုံးရှုံးခဲ့ရသူများအတွက် ထောက်ပံ့မှုများပြုလုပ်ခြင်း၊ အရေးပေါ်စားနပ်ရိက္ခာများထောက်ပံ့ခြင်း စသည့် လုပ်ငန်းများအတွက် ငွေကျပ် ၂၅ ဘီလီယံကျော်ကို သုံးစွဲထောက်ပံ့ပေးနိုင်ခဲ့**

**❖ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အားကြိုးမာန်တက်ဆောင်ရွက်နေချိန်တွင် နောက်ထပ်ဖြစ်ပေါ်လာနိုင်သည့် သဘာဝဘေးအန္တရာယ်များကိုလည်း အလေးထားစောင့်ကြည့်ပြီး လိုအပ်သလိုပြင်ဆင်မှုများဆောင်ရွက်ကြရန် အရေးကြီးလိုအပ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်နှင့် ခွန်စံလွင် သံလွင်မြစ်အတွင်း ငါးမျိုးစိုက်ထည့်၊ တောင်သူများထံ မြေသြဇာများထောက်ပံ့

**နေပြည်တော် နိုဝင်ဘာ ၈**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်၊ ခွန်စံလွင်၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဗဟိုအကြံပေးအဖွဲ့ခေါင်းဆောင်ဦးစောထွန်းအောင်မြင့်၊ ပြည်နယ်ဝန်ကြီးချုပ်ဦးစောမြင့်ဦး၊ ဒုတိယဝန်ကြီး ဦးဇော်အေးမောင်နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များသည် ယနေ့နံနက်ပိုင်းတွင် ဘားအံမြို့နယ် တရုတ်လှကျေးရွာ တရုတ်လှလျှပ်စစ်မြစ်ရေတင်၌ သံလွင်မြစ်အတွင်း ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားသို့ တက်ရောက်ကြသည်။

ဦးစွာ ကရင်ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်အတွင်းရှိဘားအံငါးလုပ်ငန်းစခန်းနှင့် ကျုံဒိုးငါးလုပ်ငန်းစခန်းတို့မှ နှစ်လက်မအရွယ် ငါးသားပေါက်ကောင်ရေ ၁၃ သိန်းကိုထုတ်လုပ်ပြီး ၅ ဒသမ ၂ သိန်းကို သဘာဝမြစ်ချောင်းများအတွင်း ငါးမျိုးစိုက်ထည့်သွားရန် လျာထားဆောင်ရွက်ခဲ့ရာ ယခုအခါ ငါးသားပေါက်ကောင်ရေ ခုနစ်သိန်းကို ငါးမျိုးစိုက်ထည့်ပေးခဲ့ပြီး ယနေ့တွင် ငါးသားပေါက်ကောင်ရေ တစ်သိန်းကို ငါးမျိုးစိုက်ထည့်မည်ဖြစ်သည့်အတွက် ယခုနှစ်လျာထားချက်အပေါ် ရာနှုန်းပြည့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ကြောင်း ငါးမျိုးစိုက်ထည့်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့်အဖွဲ့သည် လူမှုရေးအသင်းအဖွဲ့များ၊ ကျေးရွာနေပြည်သူများနှင့်အတူ ငါးမြစ်ချင်းကောင်ရေ ငါးသောင်း၊ ငါးခုံးမကြီးကောင်ရေ ငါးသောင်း စုစုပေါင်းကောင်ရေတစ်သိန်းကို သံလွင်မြစ်အတွင်း ငါးမျိုးစိုက်ထည့်ပေးခဲ့ကြပြီး တရုတ်လှလျှပ်စစ်မြစ်ရေတင်လုပ်ငန်း 37 KW Motor လေးစုံဖြင့် သံလွင်မြစ်မှ ရေကို စုပ်တင်၍ စိုက်ပျိုးရေပေးဝေနေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်က လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ ဘားအံမြို့နယ် နောင်ခရိုင်ကျေးရွာ၌ ကျင်းပသည့် မိုးစပါးစိုက်ခင်းများအား သဘာဝမြေသြဇာနှင့် ဓာတ်မြေသြဇာအချိုးကျ ရောစပ်စုပေါင်းကြဲပက်ခြင်း ကွင်းသရုပ်ပြပွဲနှင့်မြေသြဇာများ ထောက်ပံ့ပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်ကြပြီး နောင်ခရိုင်၊ ထောင်ဝိ၊ ကော့လှိုက်၊ ကော့သင်းရှူး၊ ရဲသာ(ကမော့ကစင်)၊ ကော့ထမလိန်း၊ တော်ပုံ၊ လှိုင်ကမ္ဘာကျေးရွာများမှ တောင်သူများနှင့်တွေ့ဆုံ၍ တောင်သူများကို ဓာတ်မြေသြဇာနှင့် သဘာဝမြေသြဇာ စုစုပေါင်း အိတ် ၃၀၀ ကို ထောက်ပံ့ပေးအပ်ကြပြီး တောင်သူများ၏ မိုးစပါးစိုက်ခင်းများအတွင်း သဘာဝမြေသြဇာနှင့် ဓာတ်မြေသြဇာများ အချိုးကျ ရောစပ်စုပေါင်းကြဲပက်ခြင်း ကွင်းသရုပ်ပြပွဲကို ကြည့်ရှုအားပေးကြကာ တက်ရောက်လာသော ယဉ်ကျေးမှုအဖွဲ့များအား ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်ကြသည်။



အလားတူ နိုဝင်ဘာ ၇ ရက် မွန်းလွဲပိုင်းက ဘားအံမြို့ ကရင်ကျောင်းသားများရိပ်သာရှေ့ရှိ ဘောလုံးကွင်း၌ (၆၉)နှစ်မြောက် ကရင်ပြည်နယ်နေ့ အထိမ်းအမှတ် ရိုးရာလက်ဝှေ့ပြိုင်ပွဲ စာချုပ်စိန်ခေါ်ပွဲများ ယှဉ်ပြိုင်ထိုးသတ်နေမှုများကို ကြည့်ရှုအားပေး၍ ဂုဏ်ပြုဆုငွေများပေးအပ်ချီးမြှင့်ခဲ့ကြပြီး ပြည်နယ်ဝန်ကြီးချုပ်က စာချုပ်စိန်ခေါ်ပွဲ ခေါင်းပွဲစဉ်အဖြစ် ရန်နိုင်ထွန်း(ဖွဲ့ကပင်မြေ)နှင့်အောင်ခိုင်(ဘိလပ်မြေစက်ရုံ)တို့၏ သရေရလဒ်ထွက်ပေါ်မှုကို တစ်ဦးလျှင် ငွေကျပ်သိန်း ၅၀ စီ ချီးမြှင့်သည်။

ယင်းနောက် ဘားအံမြို့ သီရိကွင်း၌ (၆၉)နှစ်မြောက် ကရင်ပြည်နယ်နေ့ အထိမ်းအမှတ် ဒုံးအကပြိုင်ပွဲ တတိယညအနေဖြင့် ဒုံးအဖွဲ့ကိုးဖွဲ့တို့၏ မြူးကြွသွက်လက်မြိုင်ဆိုင်စွာ ကပြယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်က ဒုံးအဖွဲ့များအတွက် ငွေကျပ် ၁၀ သိန်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ခွန်စံလွင်က ၁၀ သိန်း၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်က ၁၀ သိန်း၊ ဒုတိယဝန်ကြီး ဦးဇော်အေးမောင်က ကိုးသိန်း ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# သင်ကြားပေးခဲ့သည့် စာတွေ့၊ လက်တွေ့ ပညာရပ်များနှင့် အတွေ့အကြုံများကို ပေါင်းစပ်ပြီး ထိထိရောက်ရောက် အကျိုးရှိအောင် အသုံးချ၍ ပြည်သူလူထုက အားကိုးထိုက်သော ဝန်ထမ်းကောင်းများဖြစ်အောင် လေ့ကျင့်ကြိုးစား

**နေပြည်တော် နိုဝင်ဘာ ၈**

မြန်မာနိုင်ငံ သစ်တောကျောင်း အခြေခံသစ်တောပညာသင်တန်း အမှတ်စဉ်(၁၁၇) သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပြင်ဦးလွင်မြို့ရှိ မြန်မာနိုင်ငံ သစ်တောကျောင်း ကျွန်းရတနာ ခန်းမ၌ ကျင်းပရာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်ဦးမျိုးအောင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ သစ်တောကျောင်းသည် ၁၈၉၈ ခုနှစ်မှစပြီး အခြေခံသစ်တောပညာရပ်များကို သင်ကြားပို့ချပေးခဲ့ရာ ယခု ၁၂၆ နှစ်တိုင်ခဲ့ပြီဖြစ်ပြီး ခေတ်အဆက်ဆက် သစ်တောအမှုထမ်းကောင်းများစွာ မွေးထုတ်ပေးနိုင်ခဲ့ရာ ယနေ့အထိ ၆၆၁၄ ဦးရှိပြီဖြစ်ကြောင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကိုအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် စည်းကမ်းပြည့်ဝ၍ စွမ်းဆောင်ရည်မြင့်မားသော ဝန်ထမ်းကောင်းများဖြစ်စေရန် ရည်ရွယ်ကာ ယခုသင်တန်းကို ဖွင့်လှစ်သင်ကြားပို့ချပေးခြင်းဖြစ်ကြောင်း၊ ရေရှည်တည်တံ့စေသော သစ်တောစီမံအုပ်ချုပ်လုပ်ကိုင်မှုတွင် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးသည် အရေးပါသည့် အခန်းကဏ္ဍဖြစ်သည့်အတွက် ဝန်ထမ်းများအနေဖြင့် စွမ်းဆောင်ရည် မြင့်မားတိုးတက်စေရန် ခေတ်စနစ်နှင့်အညီ လေ့လာကြိုးစားသွားကြရမည်ဖြစ်ကြောင်း၊ သင်ကြားပေးခဲ့သည့် စာတွေ့၊ လက်တွေ့ပညာရပ်များနှင့် အတွေ့အကြုံများကိုပေါင်းစပ်ပြီး ထိထိရောက်ရောက် အကျိုးရှိအောင် အသုံးချ၍ ပြည်သူလူထုက အားကိုးထိုက်သော ဝန်ထမ်းကောင်းများဖြစ်အောင် လေ့ကျင့်ကြိုးစား သွားကြရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက သင်တန်းဘက်စုံထူးချွန်ကျောင်းသားဆု၊ စာပေထူးချွန်ကျောင်းသားဆု၊ လက်တွေ့ထူးချွန်ကျောင်းသားဆုများကို လည်းကောင်း၊ တိုင်းဒေသကြီးဝန်ကြီးချုပ်က သင်တန်းတွင် ပထမ၊ ဒုတိယ၊ တတိယ ရရှိသူများကို လည်းကောင်း၊ တာဝန်ရှိသူများက အဆင့်အလိုက်ထူးချွန်ဆုရသူများနှင့် ဘာသာရပ်ထူးချွန်ဆုရသူများကို လည်းကောင်း ဆုများပေးအပ်ချီးမြှင့်ပြီး သင်တန်းဆင်းကျောင်းသားများနှင့် မိဘများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ပြင်ဦးလွင်မြို့နယ် အင်းယားသစ်တော ပျိုးဥယျာဉ်အတွင်း ပျိုးပင် ၅၈၀၀၀ ကျော် ပျိုးထောင်ထားမှု အခြေအနေကို သွားရောက် ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



# ကျောင်းသားလူငယ် ဖြော်ဖြေမတ်တည်ကြည်မှု မြှင့်တင်ရေး ပညာပေးအစီအစဉ်များ ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၈**

အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်သည် ပညာရေးဝန်ကြီးဌာနနှင့်ပူးပေါင်းလျက် လူငယ်များ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့်စပ်လျဉ်း၍ အသိပညာရရှိစေရန်၊ အဂတိလိုက်စားမှုကို တွန်းလှန်တိုက်ဖျက်လိုစိတ်ရှိသည့် လူ့အဖွဲ့အစည်းဖြစ်တည်လာစေရန်၊ အများအကျိုးဆောင်ရွက်ခြင်းနှင့် ကိုယ်ကျိုးရှာခြင်းတို့ကြား ခွဲခြားတွေးတောသည့် အခြေခံစဉ်းစားတွေးခေါ်မှု မှန်ကန်စေရန်အတွက် ဖြော်ဖြေမတ်တည်ကြည်မှုမြှင့်တင်ရေး ပညာပေး (Edutainment) အစီအစဉ်များကို ပညာရေးဝန်ကြီးဌာန အောက်ရှိ အခြေခံပညာကျောင်းများနှင့် ပုဂ္ဂလိကကျောင်းများတွင် မူလတန်းနှင့် အလယ်တန်းအဆင့်များမှ စတင်၍ အသိပညာပေး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းက နေပြည်တော် ဇမ္ဗူသီရိမြို့နယ် သပြေကုန်းရပ်ကွက်၌ ဖွင့်လှစ်ထားသည့် WISDOM HILL Private High School နှင့် ရှမ်းပြည်နယ် ရွှေညောင်မြို့ အလက(ခွဲ)(၃) အခြေခံပညာကျောင်းများတွင် မူလတန်းအဆင့်နှင့် အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၆၄၂ ဦးတို့ကို ကော်မရှင်ရုံးမှ ဝန်ထမ်းများက ဖြော်ဖြေမတ်တည်ကြည်မှုမြှင့်တင်ရေး ပညာပေးအစီအစဉ် (ဆရာကိုင်)စာအုပ်များမှ သင်ခန်းစာပါအကြောင်းအရာများကိုအခြေခံ၍ အသိပညာပေးဆွေးနွေးမှုများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ အိန္ဒိယနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဖက်ဒရယ်စနစ်ဆိုင်ရာဆွေးနွေးပွဲသို့ တက်ရောက်




**နေပြည်တော် နိုဝင်ဘာ ၈**

အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ကမ္ဘာ့ရေးရာဆိုင်ရာအိန္ဒိယကောင်စီ(Indian Council of World Affairs – ICWA) ၏ဖိတ်ကြားချက်အရ အိန္ဒိယနိုင်ငံ နယူးဒေလီမြို့တွင် နိုဝင်ဘာ ၅ ရက်မှ ၆ ရက်အထိ ကျင်းပသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် ဖက်ဒရယ်စနစ်ဆိုင်ရာဆွေးနွေးပွဲသို့ တက်ရောက်ပြီး ယမန်နေ့ ညပိုင်းတွင် လေကြောင်းခရီးစဉ်ဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။

**တာဝန်ရှိသူများကကြိုဆို**

ခရီးစဉ်အတွင်း အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် နိုဝင်ဘာ ၄ ရက် မွန်းလွဲပိုင်းတွင် အိန္ဒိယနိုင်ငံ နယူးဒေလီမြို့သို့ ရောက်ရှိရာ ကမ္ဘာ့ရေးရာဆိုင်ရာ အိန္ဒိယကောင်စီ(ICWA)မှ တာဝန်ရှိသူများက ကြိုဆိုကြသည်။

နိုဝင်ဘာ ၅ ရက် နံနက်ပိုင်းတွင် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် ဖက်ဒရယ်စနစ်ဆိုင်ရာ ဆွေးနွေးပွဲ တက်ရောက်ပြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌနှင့် ICWA အတွင်းရေးမှူး Smt. Nutan Kapoor Mahawar တို့က အဖွင့်နှုတ်ခွန်းဆက်စကား ပြောကြားကြသည်။

ထို့နောက် အိန္ဒိယနိုင်ငံမှ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များက အိန္ဒိယဖွဲ့စည်းပုံ အခြေခံဥပဒေအရ သမ္မတနှင့် အုပ်ချုပ်ရေးမှူးများ၏ အခန်းကဏ္ဍနှင့် အိန္ဒိယနိုင်ငံတွင် ဖက်ဒရယ်ပြည်ထောင်စု ပြန်လည်ဖွဲ့စည်းတည်ထောင်ခြင်း ခေါင်းစဉ်များကို ဆွေးနွေးခဲ့ကြရာ ကိုယ်စားလှယ်အဖွဲ့ဝင်များက သိရှိလိုသည်များ မေးမြန်းဆွေးနွေးခဲ့ကြသည်။ မွန်းလွဲပိုင်းတွင် ဖက်ဒရယ်စနစ်၏ အခွင့်အာဏာခွဲဝေမှုနှင့် အခွန်ခွဲဝေမှုခေါင်းစဉ်ကို ဆွေးနွေးခဲ့ကြပြီး မြန်မာကိုယ်စားလှယ်အဖွဲ့သည် အိန္ဒိယနိုင်ငံ၏ (၁၆) ကြိမ်မြောက် ဘဏ္ဍာရေးကော်မရှင်နှင့် သွားရောက်တွေ့ဆုံခဲ့ကြသည်။

နိုဝင်ဘာ ၆ ရက် နံနက်ပိုင်းတွင် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် ဖက်ဒရယ်စနစ်ဆိုင်ရာ ဆွေးနွေးပွဲ ဒုတိယနေ့အစီအစဉ်သို့ ဆက်လက်တက်ရောက်၍ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပတ်သက်သည့် အိန္ဒိယနိုင်ငံ၏ ဒေသတွင်း အတွေ့အကြုံများနှင့် ဒေသတွင်း ကိုယ်ပိုင်အုပ်ချုပ်ရေးစနစ် (Panchayati Raj စနစ်) ခေါင်းစဉ်တို့ကို အိန္ဒိယနိုင်ငံမှ ဘာသာရပ်ဆိုင်ရာကျွမ်းကျင်ပညာရှင်များက ဆွေးနွေးခဲ့ကြရာ ကိုယ်စားလှယ်အဖွဲ့ဝင်များက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြသည်။ မွန်းလွဲပိုင်းတွင် ခေတ်မီနိုင်ငံတစ်ခုအတွင်း ဘာသာစကား၊ အခြားကွဲပြားမှုများနှင့် လိုက်လျောညီထွေနေထိုင်ခြင်း ခေါင်းစဉ်ကို ဆက်လက်ဆွေးနွေးခဲ့ကြပြီး ညနေပိုင်းတွင် မြန်မာကိုယ်စားလှယ်အဖွဲ့သည် အိန္ဒိယနိုင်ငံရှိ ဘာသာဗေဒ လူနည်းစုဆိုင်ရာကော်မရှင်နာနှင့် တွေ့ဆုံခဲ့ကြသည်။

**ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်၍ မေးမြန်းဆွေးနွေး**

မြန်မာကိုယ်စားလှယ်အဖွဲ့အနေဖြင့် နိုဝင်ဘာ ၅ ရက်မှ ၆ ရက်အထိ အိန္ဒိယနိုင်ငံ နယူးဒေလီမြို့တွင် ကျင်းပခဲ့သော ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဖက်ဒရယ်စနစ်ဆိုင်ရာ ဆွေးနွေးပွဲသို့ တက်ရောက်ခဲ့သည့် ခရီးစဉ်အတွင်း အိန္ဒိယနိုင်ငံ၏ ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် ဖက်ဒရယ်စနစ်ဆိုင်ရာများနှင့် ပတ်သက်ပြီး ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်၍ အပြန်အလှန် မေးမြန်းဆွေးနွေးမှုများ ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# တပ်မတော်ဆေးရုံများ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများကို သွားရောက်ကြည့်ရှုအားပေး

**နေပြည်တော် နိုဝင်ဘာ ၈**

ရှမ်းပြည်နယ်(တောင်ပိုင်း) အောင်ပန်းမြို့ရှိ တပ်မတော်ဆေးရုံနှင့် ခိုလမ်မြို့ရှိ နယ်မြေခံဆေးတပ်ရင်း၊ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ရှိ တပ်မတော်ဆေးရုံနှင့် ထားဝယ်မြို့ရှိ တပ်မတော်ဆေးရုံ၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်အရိုးရောဂါအထူးကုဆေးရုံကြီး(ခုတင်-၅၀၀)နှင့် တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)၊ မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ နန်းမြို့တွင်းရှိ တပ်မတော်ဆေးရုံ၊ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ရှိ တပ်မတော်ဆေးရုံတို့၌ တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများအား ယနေ့တွင် သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့နောက် တိုင်းမှူးများနှင့် တာဝန်ရှိသူများသည် ဆေးရုံများအတွင်း လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အင်္ဂလိပ်နီယာပညာရေး နှစ်(၁၀၀)ပြည့် ရာပြည့်သဘင်ကျင်းပရေး ဦးစီးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၈**

မြန်မာနိုင်ငံအင်ဂျင်နီယာပညာရေး နှစ်(၁၀၀)ပြည့် ရာပြည့်သဘင်ကျင်းပရေးဦးစီးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၌ Hybrid စနစ်ဖြင့် ကျင်းပသည်။

အစည်းအဝေးသို့ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ၊ မြန်မာနိုင်ငံဗိသုကာကောင်စီ၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်၊ မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်နှင့် မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်းတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျသည် ခေတ်အဆက်ဆက် မြန်မာ့အင်ဂျင်နီယာများ၏ နိုင်ငံ့အကျိုးပြုစွမ်းဆောင်နိုင်မှု သမိုင်းမှတ်တိုင်များကို လူငယ်များက အားကျအတုယူပြီး ခေတ်မီအင်ဂျင်နီယာနည်းပညာ တီထွင်ဖန်တီးနိုင်မှုများကို ပိုမိုဖွံ့ဖြိုးလာစေရန် ရည်ရွယ်ခြင်းဖြစ်ကြောင်း၊ ထို့အတူ ပြည်သူများအတွက် အားထားရသည့် လူငယ်အင်ဂျင်နီယာကောင်းများ ပိုမိုပေါ်ထွန်းလာစေရန်နှင့် လူငယ်အင်ဂျင်နီယာများ၏ စွမ်းရည်ဖြင့် နိုင်ငံ့အနာဂတ်ကောင်းများ ထွန်းလင်းနိုင်စေရန်၊ နိုင်ငံတကာအဆင့်မီ အင်ဂျင်နီယာပညာရေးလုပ်ငန်းစဉ်များကို Stakeholders များနှင့် ပူးပေါင်းဖော်ထုတ်နိုင်ရန် စသည့် ရည်ရွယ်ချက်များဖြင့် ရာပြည့်ဂုဏ်ပြုသဘင်ကျင်းပရန် ဆောင်ရွက်နေကြောင်း ပြောကြားသည်။

ယင်းနောက် တက်ရောက်သူများက ကော်မတီအလိုက် လုပ်ငန်းဆောင်ရွက်မှုများကို ဆွေးနွေးတင်ပြကြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

**သတင်းစဉ်**



# ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင် ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းများ ဆောင်ရွက်နေသောအဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေး

**နေပြည်တော် နိုဝင်ဘာ ၈**

စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှီအန်းမြို့တွင် ကျင်းပသည့် တတိယအကြိမ်မြောက် ကမ္ဘာ့ရေနံနှင့် သဘာဝဓာတ်ငွေ့ဆိုင်ရာညီလာခံသို့ တက်ရောက်နေစဉ်အတွင်း ဆူဒန်နိုင်ငံ စွမ်းအင်နှင့် ရေနံဝန်ကြီး၊ တရုတ်နိုင်ငံဆိုင်ရာ အာရပ်နိုင်ငံများအဖွဲ့ချုပ်၏ သံအမတ်ကြီးတို့အပြင် Central Asian Oil City မှ အမှုဆောင်အရာရှိချုပ်နှင့် ကမ္ဘာ့ရေနံနှင့် သဘာဝဓာတ်ငွေ့ဆိုင်ရာ ညီလာခံကျင်းပရေးကော်မတီဥက္ကဋ္ဌ China Association for Asian Economic Development Mining Professional Committee မှ Deputy Secretary General၊ အီရန်နိုင်ငံမှ Iran National Innovation Fund တို့မှ တာဝန်ရှိသူများနှင့် သီးခြားစီတွေ့ဆုံသည်။

တွေ့ဆုံစဉ်ရေနံနှင့်သဘာဝဓာတ်ငွေ့ထုတ်လုပ်မှု၊ ရေနံထွက်ပစ္စည်းများ ထုတ်လုပ်မှုနယ်ပယ်များတွင် အဆင့်မြင့်နည်းပညာများ အသုံးချရေး၊ တီထွင်ဆန်းသစ်မှုများ ပြုလုပ်နိုင်ရေး၊ ကုန်းတွင်းရေနံနှင့် သဘာဝဓာတ်ငွေ့တူးဖော်ရေးသုံး စက်ပစ္စည်းကိရိယာများကို မူရင်းထုတ်လုပ်သူများထံမှ တိုက်ရိုက်ဝယ်ယူ အသုံးပြုနိုင်ရေးတို့ အပါအဝင် ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်နိုင်ရေးတို့ကို ဆွေးနွေးခဲ့သည်။

ထို့ပြင် ၂၀၂၅ ခုနှစ် နှစ်ကုန်ပိုင်းတွင် အာရှရေနံနှင့် သဘာဝဓာတ်ငွေ့ဆိုင်ရာ ကုန်စည်ပြပွဲ(Asian Oil & Gas Equipment Exhibition)နှင့် ရေနံနှင့် သဘာဝဓာတ်ငွေ့ဆိုင်ရာရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများ ဖိတ်ခေါ်သည့်ဖိုရမ်(Investment Forum for Oil & Gas Sector)တစ်ခုအား မြန်မာနိုင်ငံတွင် အိမ်ရှင်အဖြစ်လက်ခံကျင်းပနိုင်ရေး ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် Central Asian Oil City နှင့် China Association for Asian Economic Development Mining Professional Committee တို့အကြား ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးပွဲကို ညှိသည်တော်အဖြစ် တက်ရောက်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# ပြည်နယ်တိုင်းရင်းသားယဉ်ကျေးမှုဗဟိုစင်တာကို ပြည်နယ်ဂုဏ်ဆောင် ပြယုဂ်တစ်ခုဖြစ်လာရန် ရည်ရွယ်ဆောင်ရွက်

**နေပြည်တော် နိုဝင်ဘာ ၈**

ကရင်ပြည်နယ် ဘားအံမြို့၌ ရောက်ရှိနေသော တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် ဒုတိယဝန်ကြီး ဦးဇော်အေးမောင်၊ ကရင်ပြည်နယ် တိုင်းရင်းသားရေးရာဝန်ကြီး ဦးစန်းကိုတို့နှင့်အတူ ယမန်နေ့က ပြည်နယ်တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာနရုံး အစည်းအဝေးခန်းမ၌ ဝန်ထမ်းများနှင့် တွေ့ဆုံသည်။



**ပြောကြား**

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက တိုင်းရင်းသားလူမျိုးများရေးရာ လုပ်ငန်းဆောင်တာများကို ဆောင်ရွက်ရာတွင် နိုင်ငံတော်က ပြဋ္ဌာန်းထားရှိသော ဥပဒေ၊ နည်းဥပဒေများနှင့်အညီ စနစ်တကျ မှန်ကန်စွာဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စု တည်ဆောက်ရေးလုပ်ငန်းများတွင် ဝန်ထမ်းများအနေဖြင့် ကျရာကဏ္ဍမှ အစွမ်းကုန်ကြိုးပမ်း အကောင်အထည်ဖော်ဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးက အမှာစကားပြောကြားပြီး ဝန်ထမ်းများက လုပ်ငန်းတာဝန်ထမ်းဆောင်မှုနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထို့အတူ ယနေ့ မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးတို့သည် မွန်ပြည်နယ် တိုင်းရင်းသားရေးရာ ဝန်ကြီး ဦးခင်မောင်ဦး၊ တာဝန်ရှိသူများနှင့်အတူ မွန်ပြည်နယ် မော်လမြိုင်မြို့သို့ရောက်ရှိပြီး ပြည်နယ်တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာနရုံး၌ ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် ပြည်နယ်တိုင်းရင်းသားရေးရာဝန်ကြီးတို့က လုပ်ငန်းများဆောင်ရွက်ရာတွင် တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်သည့် ဥပဒေ၊ နည်းဥပဒေနှင့်အညီ ဆောင်ရွက်ရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးမှာကြားပြီး ဝန်ထမ်းများ၏ တင်ပြချက်များကို ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မော်လမြိုင်မြို့နယ် မင်းရွာကျေးရွာရှိ ပြည်နယ်တိုင်းရင်းသားယဉ်ကျေးမှု ဗဟိုဌာန(Ethnic Cultural Center)သို့ သွားရောက်၍ အဝင်မုခ်ဦး၊ လေးထပ်မျှော်စင်၊ ဝန်ထမ်းအိမ်ရာ၊ ဝင်းခြံစည်းရိုး၊ ယဉ်ကျေးမှုပြတိုက်အဆောက်အအုံနှင့် အခြားဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ တိုင်းရင်းသားယဉ်ကျေးမှုဗဟိုစင်တာသည် မွန်ပြည်နယ်အတွင်းရှိ မွန်၊ ဗမာ၊ ပအိုဝ်းနှင့် ကရင်တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာများကို တစ်နေရာတည်းတွင် အလွယ်တကူ ဝင်ရောက်လေ့လာနိုင်ရန်နှင့် ပြည်နယ်ဂုဏ်ဆောင် ပြယုဂ်တစ်ခု ဖြစ်လာနိုင်ရန် ရည်ရွယ်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေနှင့်အညီ စာအုပ်စာစောင်များပေးအပ်ရန် အသိပေးကြေညာချက်

၂၀၁၄ ခုနှစ် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေ၊ နည်းဥပဒေများအရ ထုတ်ဝေသူများသည် မိမိတို့ထုတ်ဝေသည့် စာအုပ်စာစောင် ငါးအုပ် သို့မဟုတ် ငါးစောင်ကို ပြန်ကြားရေးဝန်ကြီးဌာနသို့ အဖိုးအခလွတ်ပေးအပ်ရမည်ဖြစ်ပါသည်။ ပြန်ကြားရေးဝန်ကြီးဌာနသည် အဆိုပါ စာအုပ်စာစောင်များကို မူပိုင်ခွင့်နှင့်စာအုပ်စာရင်း နှစ်အုပ်၊ အမျိုးသားစာပေဆုစိစစ်ရွေးချယ်ရေးကော်မတီသို့ နှစ်အုပ်နှင့် အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက်ဦးစီးဌာနသို့ တစ်အုပ် ပေးပို့လျက်ရှိပါသည်။

ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေအရ ထုတ်ဝေသူသည် မိမိထုတ်ဝေသော ထုတ်ဝေစာ ငါးအုပ် သို့မဟုတ် ငါးစောင်ကို ဖြန့်ချိသည့်နေ့မှစ၍ ၁၄ ရက်အတွင်း ပုံစံ(၁၁)ဖြင့် ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မူပိုင်ခွင့်နှင့်မှတ်ပုံတင်ဌာနခွဲသို့ ပေးပို့အပ်နှံရမည်ဖြစ်ပါသည်။ ယခုအခါ အောက်ဖော်ပြပါထုတ်ဝေသူများသည် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း ဥပဒေနှင့်အညီ မူပိုင်ခွင့်နှင့်မှတ်ပုံတင်ဌာနခွဲသို့ ပေးပို့အပ်နှံရန် ပျက်ကွက်လျက်ရှိပါသဖြင့် အမြန်ဆုံးပေးအပ်နိုင်ပါရန် အသိပေးကြေညာအပ်ပါသည်-

| စဉ် | စာအုပ်အမည် | စာရေးသူ | ထုတ်ဝေသူ |
|---|---|---|---|
| ၁။ | ဆွန်ဖူး၏ စစ်ပညာ | မောရိသျှ | ဦးထက်ပိုင်အောင်၊ ပန်းဆက်လမ်းစာပေ |
| ၂။ | အခြေခံတရုတ်စကားပြောစာအုပ် (ဒုတိယအကြိမ်) | ဒေါ်ချောစုခိုင် | ဒေါ်ခင်ဝင်းစိန်၊ လင်းလွန်းခင်စာပေ |
| ၃။ | ခြင်းလုံးလေးရဲ့မိုးကောင်းကင် (ဒုတိယအကြိမ်) | ဝင်းဝင်းမြင့် (နန်းတော်ရှေ့) | ဦးမင်းထက်ဟန်၊ တောင်ဇလပ်နီစာပေ |
| ၄။ | ထပ်တိုးရစ်ချည် | မိုးခကျော်သွင် | ဦးမင်းထက်ဟန်၊ တောင်ဇလပ်နီစာပေ |
| ၅။ | ပိတ်ကားအပြင်ကရုပ်ရှင် | အောင်မြင် | ဦးသန့်ဇော်ထွန်း၊ ဒီရေကမ်းစာပေ |

**ပြန်ကြားရေးဝန်ကြီးဌာန**

# ဒဂုံတက္ကသိုလ်၌ မီးခိုးမြူငွေ့လျှော့ချရေးနှင့် သဘာဝဘေးအန္တရာယ် အသိပညာပေးဟောပြော

**ရန်ကုန် နိုဝင်ဘာ ၈**

ရန်ကုန် တိုင်းဒေသကြီး သစ်တောဦးစီးဌာနက ယနေ့နံနက် ၁၀ နာရီတွင် ဒဂုံတက္ကသိုလ်(ဘွဲ့နှင်းသဘင်)ခန်းမ၌ မီးခိုးမြူငွေ့လျှော့ချရေးနှင့် သဘာဝဘေးအန္တရာယ် အသိပညာပေးဆိုင်ရာဟောပြောပွဲ ကျင်းပသည်။

**ဆွေးနွေးဟောပြော**

အခမ်းအနားတွင် ဒဂုံတက္ကသိုလ်မှ ပါမောက္ခချုပ် ဒေါက်တာဝင်းဝင်းသန်းက အဖွင့်အမှာစကားပြောကြားပြီး ရန်ကုန်မြောက်ပိုင်းခရိုင် လက်ထောက်ညွှန်ကြားရေးမှူး ဦးနေမျိုးဝင်း-၁ က မီးခိုးမြူငွေ့လျှော့ချရေး ခေါင်းစဉ်ဖြင့် ဆွေးနွေးဟောပြောကာ မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။



**အေးမဥ္ဇူ**

## မိုးတိမ်တောင်ဖြစ်ပေါ်မှု အခြေအနေ

**နေပြည်တော် နိုဝင်ဘာ ၈**

ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် ဦးမင်းသိန်းဇံ ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဖွင့်ပွဲအခမ်းအနားတွင် အကအလှုများဖြင့် ဖျော်ဖြေတင်ဆက်ကြမည့် ကျောင်းသူများ ကြိုတင်ပြင်ဆင်နေမှု ကြည့်ရှုအားပေး





နေပြည်တော် နိုဝင်ဘာ ၈

ပြန်ကြားရေး ဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးမောင်မောင်အုန်း၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးမင်းသိန်းဇံနှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိ အားကစားကွင်း(C)ရှိ၌ ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဖွင့်ပွဲအခမ်းအနားတွင် အကအလှုများဖြင့် မြိုင်မြိုင်ဆိုင်ဆိုင် ပါဝင်ဆင်နွှဲဖျော်ဖြေတင်ဆက်ကြမည့် ကျောင်းသူများ၏ ကြိုတင်ပြင်ဆင်လေ့ကျင့်နေမှုကို ကြည့်ရှုအားပေးကြသည်။

ဦးစွာ "လှပချစ်စရာ တို့ရွှေမြန်မာ" တေးသီချင်းနှင့်အတူ အခြေခံပညာအထက်တန်းကျောင်းများမှ ကျောင်းသူ ၃၂၀ ၏ အကအလှုများဖြင့် မြိုင်မြိုင်ဆိုင်ဆိုင် ဇာတ်တိုက်လေ့ကျင့်နေမှုများကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက မှာကြားရာတွင် အမျိုးသားအားကစားပွဲတော် ကျင်းပရန် အချိန်အားဖြင့် တစ်လခန့်သာ ကျန်ရှိတော့ကြောင်း၊ ကျောင်းသူများ၏ အကအလှုများသည် အားကစားပွဲတော် ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနားတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်ကြောင်း၊ မြန်မာလူမျိုးတို့၏ ချစ်စရာဓလေ့ကို ဖော်ကျူးသည့် "လှပချစ်စရာ တို့ရွှေမြန်မာ" တေးသီချင်း၏ အကအလှုသည် Freefall ဆင်းသက်၍ Count-down ရေတွက်ပြီးသည့်အခါ ကပြရမည့် ဖွင့်ပွဲအကဖြစ်ကြောင်း၊ ပိတ်ပွဲအခမ်းအနားတွင် "ရွှေပြည်တော်သို့ တို့အတူ"တေးသီချင်းဖြင့် အဓိပ္ပာယ်ရှိသည့် ရွှေပြည်တော်ကို သွားကြမည်ဆိုသည့် သီချင်းဖြင့် ပိတ်သိမ်းမည်ဖြစ်ကြောင်း၊ မင်္ဂလာရှိသည့် အဖွင့်သီချင်းနှင့် အင်အားဖြစ်စေမည့် အပိတ်သီချင်းတို့ဖြင့် အနှစ်သာရရှိရှိဖြင့် စည်ကားသိုက်မြိုက်စွာ ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်ကြောင်း။

ယခုပွဲတော်ကြီးသည် မိမိတို့နိုင်ငံအတွက် အရေးကြီးသကဲ့သို့ ဖွင့်ပွဲနှင့် ပိတ်ပွဲအခမ်းအနားတွင် ကျောင်းသူများ၏ကြိုးစားမှုသည် အနှစ်သာရရှိပြီး အလွန်အရေးကြီးကြောင်း၊ တေးသီချင်းသရုပ်ဖော်တင်ဆက်မှုသည် လူငယ်များ၏ ပူးပေါင်းဆောင်ရွက်မှုနှင့် တွေးခေါ်နိုင်မှုတို့ကို ဖော်ကျူးသည့် ပြယုဂ်တစ်ခုဖြစ်ကြောင်း၊ မိမိတို့ သက်ဆိုင်ရာ ကဏ္ဍအလိုက် လေ့ကျင့် ပြင်ဆင်မှုများတွင် အခက်အခဲများ ရှိပါကလည်း အချိန်နှင့်တစ်ပြေးညီ တာဝန်ရှိသူ အဆင့်ဆင့်သို့ တင်ပြဆောင်ရွက်စေလိုကြောင်း၊ ကျောင်းသူများအနေဖြင့်ပွဲတော်ကြီးတွင်စိတ်အားထက်သန်စွာဖြင့် အကောင်းဆုံးဖျော်ဖြေ တင်ဆက်နိုင်မည်ဟု ယုံကြည်ပါကြောင်း၊ ကျောင်းသူများ၏ ပညာရေးနှင့် ကျန်းမာရေးကို မထိခိုက်စေရန်အတွက်လည်း အထူးဂရုပြုစေလိုကြောင်းနှင့် ပွဲတော်ကြီး အောင်မြင်စွာကျင်းပနိုင်ရေးအတွက် အမျိုးသားရေးစိတ်ဓာတ်ဖြင့် ပျော်ပျော်ရွှင်ရွှင်၊ စည်းကမ်းရှိရှိဖြင့် ဝိုင်းဝန်းဆောင်ရွက်ကြစေ လိုကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက မှာကြားရာတွင် ကျောင်းသူများအနေဖြင့် နိုင်ငံတော်၏ ကြီးကျယ်ခမ်းနားသည့် အခမ်းအနားတစ်ခုတွင် တစ်ထောင့်တစ်နေရာမှ ပါဝင်ကူညီ အားဖြည့်ခွင့်ရသည့်အတွက် ဂုဏ်ယူတတ်စေလိုကြောင်း၊ နိုင်ငံတော်က "လူငယ်စွမ်းအား ပြည့်အင်အားဖြင့် ရှေ့သို့လှမ်းချီ မြန်မာပြည်"၊ "လူငယ်အင်အား စွမ်းပကားဖြင့် နိုင်ငံ့ဂုဏ်ရောင် အလင်းဆောင်အံ့" ဆိုသည့်ဆောင်ပုဒ်များဖြင့် လူငယ်များအတွက်ဖြည့်ဆည်းဆောင်ရွက်ပေးနေကြောင်း၊ စိတ်ချမ်းသာစွာဖြင့် အကအလှုများကို လေ့ကျင့်ဆောင်ရွက်ကြစေလိုကြောင်းနှင့် မိမိတို့ဘက်ကလည်း အပြည့်အဝပံ့ပိုးဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် ဦးမင်းသိန်းဇံတို့သည် ပွဲတော်ဖွင့်ပွဲ၊ ပိတ်ပွဲ အခမ်းအနားတွင် တေးသီချင်းများဖြင့် အကအလှုများ ဖျော်ဖြေတင်ဆက်နိုင်ရေးအတွက် ဇာတ်တိုက်လေ့ကျင့်နေကြသည့် အနုပညာဦးစီးဌာနမှ အကနည်းပြ ဆရာ ဆရာမများ၊ အခြေခံပညာအထက်တန်းကျောင်းများမှ ကြီးကြပ်ဆရာမများနှင့် ကျောင်းသူများအား ထောက်ပံ့ငွေများ ပေးအပ်ချီးမြှင့်ပြီး အားပေးစကားပြောကြားသည်။

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသား အားကစားပွဲတော်တွင် ဝန်ကြီးဌာနအဆင့်အားကစားနည်းများ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် အားကစားနည်းများနှင့် မသန်စွမ်း အားကစားနည်းများ ထည့်သွင်းကျင်းပသွားမည်ဖြစ်ပြီး ဖွင့်ပွဲ၊ ပိတ်ပွဲ အခမ်းအနားများကိုလည်း နိုင်ငံတော်အဆင့်နှင့်အညီ အောင်မြင်စွာ ကျင်းပနိုင်ရေးနှင့် အများပြည်သူ စိတ်ပါဝင်စားစွာ ကြည့်ရှုအားပေးနိုင်ရေးတို့အတွက် အခမ်းအနား ပြင်ဆင်ရေးနှင့် ဖျော်ဖြေရေးကိစ္စများကို ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် ပြိုင်ပွဲဝင်မည့် အားကစားသမားများနှင့် အုပ်ချုပ်သူနည်းပြများနေထိုင်မည့်အဆောင်များ ကြည့်ရှုစစ်ဆေး

နေပြည်တော် နိုဝင်ဘာ ၈

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အောင်မြင်စွာကျင်းပနိုင်ရေး၊ တည်းခိုနေထိုင်ရေးနှင့် ဧည့်ခံကျွေးမွေးရေးဆပ်ကော်မတီဥက္ကဋ္ဌ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုးသည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ တည်းခိုရေးစခန်းသို့ သွားရောက်ကာ အမျိုးသားအားကစားပွဲတော်တွင် ပြိုင်ပွဲဝင်မည့် အားကစားသမားများ၊ အုပ်ချုပ်သူနှင့်နည်းပြများ၊ ဒိုင်/ဂျူရီများ အဆင်ပြေစွာ တည်းခိုနေထိုင်နိုင်ရန် အဆောင်များပြုပြင်ဆောင်ရွက်နေမှု အခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။



ဦးစွာ ဆပ်ကော်မတီဝင်များက လာရောက်ကြမည့် အားကစားသမားများ၊ အုပ်ချုပ်သူနှင့် နည်းပြများ၊ ဒိုင်/ ဂျူရီများ အဆင်ပြေစွာ တည်းခိုနေထိုင်နိုင်ရန် ပြင်ဆင်ဆောင်ရွက်ထားရှိမှုနှင့် ဧည့်ခံကျွေးမွေးရန် ပြင်ဆင်ဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက တည်းခိုနေထိုင်သူများအတွက် သောက်ရေ/သုံးရေများ လုံလောက်မှုရှိစေရေးနှင့် ကျန်းမာရေးနှင့်အညီ သန့်ရှင်းမှုရှိစေရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ကြရန်၊ ဧည့်ခံကျွေးမွေးမည့် အဆောင်များကို သတ်မှတ်ရာတွင် တည်းခိုဆောင်များအလိုက် စနစ်တကျသတ်မှတ်ရန်၊ အစားအစာများကို အလေအလွင့်မရှိစေရန် ကူပွန်စနစ်ဖြင့် စနစ်တကျကြပ်မတ်ဆောင်ရွက်ရန်နှင့် သန့်ရှင်းလတ်ဆတ်သော အစားအစာများဖြစ်စေရေးအတွက် စနစ်တကျစီမံဆောင်ရွက်ကြရန်၊ ဧည့်ခံကျွေးမွေးရာတွင် ပိုမိုကောင်းမွန်မှုရှိစေရန် စားသုံးသူများ၏ အကြံပြုချက်များ ပေးနိုင်ရန်အတွက် အကြံပြုစာအုပ်များ ထားရှိဆောင်ရွက်ရန်၊ ပြိုင်ပွဲဝင်အားကစားသမားများ တည်းခိုနေထိုင်ရာတွင် ရာသီဥတုနှင့်ကိုက်ညီမှုရှိသော အိပ်ဆောင်သုံးပစ္စည်းများ ထည့်သွင်းအသုံးပြုနိုင်ရေးအတွက် ပြင်ဆင်ဆောင်ရွက်ကြရန်၊ အရေးပေါ် ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန်အတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ကြရန်၊ အဆောင်အတွင်း၊ အပြင် သန့်ရှင်းရေးအတွက် သန့်ရှင်းရေးဝန်ထမ်းများ စနစ်တကျစုဖွဲ့၍ အစဉ်တစိုက်ကြပ်မတ်ဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် တည်းခိုဆောင်များ ပြုပြင်မွမ်းမံနေမှု၊ အဆောင်များ ပတ်ဝန်းကျင်သန့်ရှင်းရေး ဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အမျိုးသားအားကစားပွဲတော်တွင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနအသင်း အားကစားနည်းငါးမျိုး ဝင်ရောက်ယှဉ်ပြိုင်မည်

နေပြည်တော် နိုဝင်ဘာ ၈

နေပြည်တော်တွင် ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၉ ရက်မှ ၂၀ ရက်အထိ ကျင်းပမည့် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန အနေ ဖြင့် အားကစားနည်း ငါးမျိုး ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး ဝင်ရောက်ယှဉ်ပြိုင်မည့် အားကစားနည်းများမှာ ဘောလုံး၊ ဘော်လီဘော၊ ပိုက်ကျော်ခြင်း၊ ဂေါက်သီးနှင့် ပြေးခုန်ပစ်အားကစားနည်းများ ဖြစ်ကြောင်း သိရသည်။

ဝင်ရောက်ယှဉ်ပြိုင်မည့် အားကစားနည်း ငါးမျိုးတွင် နည်းပြ၊ အုပ်ချုပ်သူနှင့် အားကစားသမား စုစုပေါင်း ၆၉ ဦး ပါဝင်မည်ဖြစ်သည်။ ယခုကျင်းပမည့် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် ဝန်ကြီးဌာနအဆင့် အားကစားနည်း ခြောက်မျိုး၊ ပြည်နယ်နှင့်တိုင်းဒေသကြီးအဆင့် အားကစားနည်း ၂၃ မျိုးနှင့် မသန်စွမ်းအားကစားသမားများအတွက် အားကစားနည်း လေးမျိုး ထည့်သွင်းကျင်းပမည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



# ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် မကွေးတိုင်းဒေသကြီးကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင်မည့် အားကစားသမားများ စခန်းသွင်းလေ့ကျင့်နေမှု ကြည့်ရှုအားပေး



မကွေး နိုဝင်ဘာ ၈

မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်နှင့် အဖွဲ့ဝင်ဝန်ကြီးများသည် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ နှင့်အတူ ယနေ့နံနက်ပိုင်းက မကွေးခရိုင် အားကစားကွင်း၌ နေပြည်တော်တွင် ကျင်းပမည့် ပဉ္စမအကြိမ်အမျိုးသား အားကစားပွဲတော်၌ မကွေးတိုင်းဒေသကြီးကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင်မည့် ပြိုင်ပွဲဝင်အားကစားသမား များ စခန်းသွင်းလေ့ကျင့်နေမှုကို ကြည့်ရှုအားပေး သည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်နှင့် တာဝန်ရှိသူများသည် တိုင်းဒေသကြီး မိုးလုံလေလုံ အားကစားခန်းမ၌ ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် ပိုက်ကျော်ခြင်း ဝင်ရောက်ယှဉ်ပြိုင်မည့် အားကစားသမားများကို လည်းကောင်း၊ ခရိုင်အားကစားကွင်းအတွင်း ဘောလုံး၊ ဖူဆယ်၊ အလေးမနှင့် ပြေးခုန်ပစ်အားကစားသမား များ လေ့ကျင့်ဆောင်ရွက်နေမှုများကိုလည်းကောင်း ကြည့်ရှုအားပေးကာ အားကစားသမားများအား အားကစားလေ့ကျင့်ရေးသုံးပစ္စည်းများ၊ ဆေးဝါးနှင့် အာဟာရ စားသောက်ဖွယ်ရာများကို ထောက်ပံ့ပေး သည်။

ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် မကွေးတိုင်းဒေသကြီး ကိုယ်စားပြုအနေဖြင့် ဘောလုံး၊ ပြေးခုန်ပစ်၊ ပိုက်ကျော်ခြင်း၊ အလေးမ၊ ဖူဆယ်စသည့် အားကစားနည်းများအပါအဝင် အားကစားနည်း ၂၃ မျိုးဖြင့် တိုင်းဒေသကြီး ကိုယ်စားပြု အားကစားသမား ၄၂၀ ဝင်ရောက် ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

မောင်ညီညာ

# ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ဝင်ရောက်ယှဉ်ပြိုင်မည့် တနင်္သာရီတိုင်းဒေသကြီးကိုယ်စားပြု အားကစားသမားများ စခန်းသွင်းလေ့ကျင့်

ထားဝယ် နိုဝင်ဘာ ၈

ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်သို့ သွားရောက်ယှဉ်ပြိုင်ရန် တနင်္သာရီတိုင်းဒေသကြီး ကိုယ်စားပြုအားကစားများ စခန်းသွင်းလေ့ကျင့် နေမှုကို ယနေ့ညနေပိုင်းတွင် တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးခင်မောင်မြင့်၊ တိုင်းဒေသကြီးလူမှုရေးရာဝန်ကြီး ဦးသက်နိုင်တို့က ကြည့်ရှုအားပေးသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူ များက ဖူဆယ်အားကစားခန်းမ၌ အမျိုးသား၊ အမျိုး သမီးပိုက်ကျော်ခြင်းနှင့် အမျိုးသမီးဖူဆယ်ဘောလုံး အားကစားအဖွဲ့များ၊ ရွှေဝယ်သီရိအားကစားကွင်း၌ အမျိုးသား၊ အမျိုးသမီး ပြေးခုန်ပစ်နှင့် အမျိုးသား ဘောလုံးအားကစားအဖွဲ့များကို လည်းကောင်း၊ မိုးလုံလေလုံအားကစားခန်းမ၌ အမျိုးသား၊ အမျိုးသမီး တိုက်ကွမ်ဒိုအားကစားအဖွဲ့၊ အမျိုးသားဂျူဒိုအားကစား အဖွဲ့၊ အမျိုးသမီးဘော်လီဘောအားကစားအဖွဲ့၊ တိုင်း ဒေသကြီးအားကစားခန်းမ၌ အမျိုးသားဘတ်စကက် ဘောအားကစားအဖွဲ့များကိုလည်းကောင်း စခန်းသွင်း လေ့ကျင့်နေမှုများကို လိုက်လံကြည့်ရှုအားပေးသည်။

ထို့နောက် တိုင်းဒေသကြီး အားကစားနှင့် ကာယ ပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစိုးမိုးနိုင်က ပဉ္စမ အကြိမ် အမျိုးသားအားကစားပွဲတော်သို့ သွားရောက် ယှဉ်ပြိုင်မည့်အားကစားသမားများ စခန်းသွင်း လေ့ကျင့်နေမှု အခြေအနေများနှင့် ဆောင်ရွက်ထား ရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။ ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးများက အားကစား သမားများအား ရင်းရင်းနှီးနှီးတွေ့ဆုံပြီး အအေးဘူး များ ပေးအပ်ခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)



# ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဝင်ရောက်ယှဉ်ပြိုင်ရန် ရန်ကုန်တိုင်းဒေသကြီး ကာယဗလနှင့်ကာယကြံ့ခိုင်မှုအားကစားသမားများ စခန်းသွင်းလေ့ကျင့်လျက်ရှိ

ရန်ကုန် နိုဝင်ဘာ ၈

ပဉ္စမအကြိမ် အမျိုးသား အားကစားပွဲတော်ကို ဒီဇင်ဘာ ၉ ရက်မှ ၂၀ ရက်အထိ နေပြည် တော်၌ ကျင်းပမည်ဖြစ်ရာ အဆိုပါပွဲတော်သို့ ဝင်ရောက် ယှဉ်ပြိုင်နိုင်ရန်အတွက် ရန်ကုန် တိုင်းဒေသကြီး ကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားသမား များ စခန်းသွင်းလေ့ကျင့်လျက်ရှိ ကြောင်း သိရသည်။



**ကစားသမား ၁၆ ဦးကို ရွေးချယ်**

ရန်ကုန်တိုင်းဒေသကြီးအနေဖြင့် ခရိုင်ပေါင်းစုံကာယဗလနှင့် ကာယ ကြံ့ခိုင်မှုပြိုင်ပွဲကို စက်တင်ဘာလ က ကျင်းပခဲ့ပြီး ယင်းပြိုင်ပွဲတွင် ပထမဆုရရှိသည့် ကစားသမား ၁၆ ဦးကို ရွေးချယ်ခဲ့ကြောင်း၊ အမျိုးသားအားကစားပွဲတော်တွင် ကာယဗလအားကစားနည်း ၁၆ မျိုးပါဝင်ပြီး ကစားနည်းအားလုံး ကို ဝင်ရောက်ယှဉ်ပြိုင်သွားမည် ဖြစ်ကြောင်း၊ အောက်တိုဘာ ၁ ရက်မှစတင်၍ စခန်းသွင်း လေ့ကျင့်လျက်ရှိကာ ရွှေတံဆိပ် ဆုအားလုံးရယူရန် ရည်မှန်းထား ကြောင်း ရန်ကုန်တိုင်းဒေသကြီး ကာယဗလနှင့် ကာယကြံ့ခိုင်မှု ဆပ်ကော်မတီမှ နည်းပြ ဦးပြည့်စုံမောင်က ပြောသည်။

"အမျိုးသားအားကစားပြိုင်ပွဲရဲ့ Men Sport Over 170 စင်တီမီတာ ပြိုင်ပွဲမှာ ဝင်ရောက်ယှဉ်ပြိုင်သွား မှာပါ။ ဒီပြိုင်ပွဲမတိုင်ခင် သုံး၊ လေး လလောက်ကတည်းက လေ့ကျင့် ခဲ့တာပါ။ ခရိုင်ပေါင်းစုံပြိုင်ပွဲအပြီး ဆိုရင် ငါးလလောက်ရှိပါပြီ။ အကောင်းဆုံး လေ့ကျင့်ပြင်ဆင် နေပါတယ်။ ဒီအမျိုးသားအားကစား ပွဲတော်ကတစ်ဆင့် ဆီးဂိမ်းအတွက် ပြင်ဆင်နေတာ ဖြစ်ပါတယ်။ ပြည်ပပြိုင်ပွဲတွေ ပြိုင်ချင်ပါတယ်။ ကိုယ့်ရဲ့ လုပ်ဆောင်ချက်တွေ ဘယ်လောက် ကောင်းတယ် ဆိုတာချပြနိုင်ဖို့ ဆက်လက် ကြိုးစားသွားမှာပါ"ဟု စခန်းသွင်း လေ့ကျင့်နေသူ ကာယဗလ အားကစားသမား စိုင်းသက်နောင် က ပြောသည်။

အဆိုပါပြိုင်ပွဲတွင် ရန်ကုန်တိုင်း ဒေသကြီးကိုယ်စားပြု ကာယဗလ နှင့် ကာယကြံ့မှုအားကစားသမား များက အားကစားနည်း ၁၆ နည်း ဖြင့် ယှဉ်ပြိုင်သွားမည်ဖြစ်ပြီး စနေ နှင့် တနင်္ဂနွေနေ့မှအပ နေ့စဉ် နံနက်တစ်ချိန်၊ ညနေတစ်ချိန် လေ့ကျင့်လျက်ရှိကြောင်း သိရ သည်။

လင်းရာမ

# ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် မန္တလေးတိုင်းဒေသကြီးမှ အားကစားနည်း ၂၇ နည်း ယှဉ်ပြိုင်မည်

**မန္တလေး နိုဝင်ဘာ ၈**

ပဉ္စမအကြိမ် အမျိုးသား အားကစားပွဲတော်တွင် မန္တလေး တိုင်းဒေသကြီးမှ အားကစားနည်း ၂၇ နည်းဖြင့် ဝင်ရောက်ယှဉ်ပြိုင် မည်ဖြစ်ကြောင်း မန္တလေးတိုင်း ဒေသကြီး အားကစားနှင့် ကာယ ပညာဦးစီးဌာနမှ သိရသည်။

ယင်းပွဲတော်တွင် မန္တလေး တိုင်းဒေသကြီးမှ အုပ်ချုပ်သူ၊ နည်းပြ ၁၃၁ ဦး၊ အားကစားသမား ၄၃၈ ဦး စုစုပေါင်း ၅၆၉ ဦး ဝင်ရောက် ယှဉ်ပြိုင်သွားမည် ဖြစ်သည်။

"မန္တလေး တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီး ဌာနအနေနဲ့ တိုင်းဒေသကြီးအစိုးရ အဖွဲ့ရဲ့ လမ်းညွှန်မှုနဲ့အတူ အမျိုးသားအားကစားပွဲတော်မှာ အားကစားနည်း ၂၃ မျိုးနဲ့ မသန် စွမ်းအားကစားနည်း လေးမျိုး စုစုပေါင်း ၂၇ မျိုး ဝင်ရောက် ယှဉ်ပြိုင်သွားမယ်။ မန္တလေးတိုင်း ဒေသကြီးက အားကစားသမားတွေ ရဲ့အားသာချက်ရှိတဲ့ ပြေးခုန်ပြစ်၊ ကြက်တောင်၊ ဘတ်စကက်ဘော၊ ဘီလိယက်နဲ့ စနူကာ၊ ရိုးရာခြင်း၊ ဘောလုံး၊ ကရာတေး၊ ပိုက်ကျော် ခြင်း၊ စားပွဲတင်တင်းနစ်၊ မြန်မာသိုင်း၊ ဘော်လီဘော၊ ဝူရှူး အားကစားနည်းတွေကို ရွှေတံဆိပ် အပြည့်နီးပါးလောက်ကို ရရှိဖို့ ရည်မှန်းပြီးတော့ လေ့ကျင့်နေပါ တယ်။ ဒီအားကစားပွဲတော်ကြီးက လာမယ့် ၂၀၂၅ ခုနှစ်မှာ ကျင်းပ မယ့် (၃၃) ကြိမ်မြောက် အရှေ့ တောင်အာရှ အားကစားပွဲတော် မတိုင်ခင်မှာ ထူးချွန်တဲ့အားကစား သမားတွေ ပေါ်ထွက်လာရေးကို ရည်မှန်းပြီးတော့ ကျင်းပတာ ဖြစ်တဲ့အတွက် မန္တလေးတိုင်း ဒေသကြီးအနေနဲ့ (၃၃) ကြိမ် မြောက် ထိုင်းနိုင်ငံမှာ ကျင်းပမယ့် အရှေ့တောင်အာရှအားကစားပွဲ မှာ အားကစားသမားအများစု ပါဝင်ယှဉ်ပြိုင်နိုင်ဖို့ ဆောင်ရွက်နေ ပါတယ်" ဟု မန္တလေးတိုင်းဒေသ ကြီး အားကစားနှင့် ကာယပညာ ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးနိုင်လင်းအောင်က ပြောသည်။

မင်းထက်အောင်

(မန်းကိုယ်ပွား)



**ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်**

# တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့ဆိုင်ကယ်နှင့်ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် နိုဝင်ဘာ ၈

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၇ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၆၄၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hino Profia Truckတစ်စီး(ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀) စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၅၆၄၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



မန္တလေးတိုင်းဒေသကြီး၌ သိမ်းဆည်းရမိမှု။

ထို့အတူ ကရင်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲ မှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရဲသာယာယီယာဉ်စစ်ကွင်း၌ ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းတစ်မျိုးနှင့် ဆိုင်ကယ်အပိုပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၂၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်ထားသည့် Nissan UD Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀) စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၂၀၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲ မှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကော့သောင်းမြို့ သီရိမြိုင်ရပ်ကွက် သုံးမိုင်အဝေးပြေး ယာဉ်ရပ်နားစခန်းအတွင်း စုပုံထားသော အကောက်ခွန်မဲ့ လူသုံးကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၁၅၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြစ်ငယ်စစ်ဆေးရေးစခန်း၌ ရန်ကုန်မြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသော ယာဉ်တစ်စီးနှင့် ရပ်စောက်မြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသော ယာဉ်တစ်စီးတို့ပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ၁၁ မျိုး၊ လုပ်ငန်းသုံးပစ္စည်း သုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၈၉၇၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck တစ်စီးနှင့် Foton Mini Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀၀)၊ မန္တလေးမြို့ တံခွန်တိုင်အဝိုင်းအနီး၌ ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၅၆၂၅၀၀)၊ အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Sunlong Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၀၀၀၀၀၀)နှင့် အမရပူရမြို့နယ် ကျောက်စိမ်းဘုရားအနီး၌ ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Yutong Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၀၀၀၀၀၀)တို့ကို အကောက်ခွန် လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ ပြင်ဦးလွင်မြို့နယ်နှင့် ပုသိမ်ကြီးမြို့နယ်တို့၌ တရားမဝင်ကျွန်းသစ် ၁ ဒသမ ၄၈၉ တန်၊ အခြားသစ် ၁၁ ဒသမ ၇၇၃ တန်နှင့် သစ်စက်ဆက်စပ်ပစ္စည်းငါးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၀၄၃၂၅၈)နှင့် အဆိုပါသစ်များ တင်ဆောင်ထားသည့် Nissan Diesel Truck ယာဉ်တစ်စီးနှင့် Mitsubishi Canter Truck ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၅၀၀၀၀၀)ကို သစ်တောဥပဒေအရလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၂၉၅၅၀၂၇၅၈ ကို သိမ်းဆည်းအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မုံရွာမြို့ သလ္လာရပ်ကွက်၌ လိုင်စင်မဲ့ Sumbo Star ဆိုင်ကယ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

၂၀၂၄ ခုနှစ် နိုဝင်ဘာ ၇ ရက်တွင် သိမ်းဆည်းရမိမှုစုစုပေါင်းမှာ အမှုတွဲ ၁၉ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၆၆၇၁၆၇၅၈)ကို သိမ်းဆည်းရမိခဲ့သည်။ တရားမဝင်ကုန်သွယ်မှုများကြောင့် တရားဝင်ဆောင်ရွက်သည့် လုပ်ငန်းများ၏ ထုတ်လုပ်မှု၊ ရောင်းချမှုနှင့် တင်သွင်းမှုများ လျော့ကျလာစေပြီး အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးနိုင်မှုနှင့် အခွန်ပေးဆောင်နိုင်မှု ကျဆင်းခြင်းတို့ကို ဖြစ်ပေါ်စေနိုင်သည်။ သို့ဖြစ်၍ တရားမဝင်ကုန်စည်တင်သွင်းမှုများကို သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက် ပိုမိုတားဆီးစစ်ဆေး ကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

# ရေစကြိုမြို့နယ် နေရင်းကျေးရွာကို နှစ်ရက်ဆက်တိုက် မီးရှို့ဖျက်ဆီးပြီး ပြည်သူပိုင်ပစ္စည်းများကို ယူဆောင်သွားကြောင်း မဟုတ်မမှန် လုပ်ကြံရေးသားဖြန့်ဝေလျက်ရှိ

နေပြည်တော် နိုဝင်ဘာ ၈

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် နေရင်းကျေးရွာကို နိုဝင်ဘာ ၆ ရက်နှင့် ၇ ရက်တို့တွင် လုံခြုံရေးပူးပေါင်းတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးခဲ့ကာ ပြည်သူပိုင် ပစ္စည်းများကို ယူဆောင်သွားခဲ့ကြောင်း သတင်းတု၊ သတင်းမှားများကို တရားမဝင် ပြည်ဖျက်မီဒီယာများက မဟုတ်မမှန် လုပ်ကြံရေးသား ဖြန့်ဝေလျက်ရှိသည်ကို တွေ့ရှိရသည်။




အဆိုပါသတင်းနှင့်ပတ်သက်၍ ရေစကြိုမြို့နယ်မှ လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ နေရင်းကျေးရွာကို လုံခြုံရေး ပူးပေါင်းတပ်ဖွဲ့ဝင်များက သွားရောက်ခဲ့ခြင်းမရှိကြောင်းနှင့် အဆိုပါသတင်းမှာလည်း သတင်းအမှားသာဖြစ်ကြောင်း၊ PDF အမည်ခံအကြမ်းဖက်သမားများက ၎င်းတို့ကို ထောက်ခံအားပေးခြင်းမရှိသည့် ကျေးရွာများကို မီးရှို့ဖျက်ဆီးခြင်းနှင့် အပြစ်မဲ့ပြည်သူများကို ဖမ်းဆီးသတ်ဖြတ်လျက်ရှိသည့်အတွက် နယ်မြေလုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့ကို ဒေသခံပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

တရားမဝင် ပြည်ဖျက်မီဒီယာများသည် ကျေးရွာများကို မီးရှို့ဖျက်ဆီးပြီး အပြစ်မဲ့ပြည်သူများအား ဖမ်းဆီးသတ်ဖြတ်နေသည့် PDF အမည်ခံအကြမ်းဖက်သမားများကိုဖုံးကွယ်ပြီး နယ်မြေလုံခြုံရေး ဆောင်ရွက်နေသည့် လုံခြုံရေး တပ်ဖွဲ့ဝင်များအပေါ် မဟုတ်မမှန် စွပ်စွဲရေးသားကာ ဝါဒဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၉-၁၁-၂၀၂၄ စနေနေ့

### MRTV HD

၀၆:၀၀ အန္တရာယ်ကင်းပရိတ်တရားတော် (မေတ္တာသုတ်၊ ရတနသုတ်၊ တောရှုံသုတ်)
၀၇:၀၀ နံနက်ခင်းသတင်း
၀၇:၁၅ Weekly Sports Info
၀၈:၄၀ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု စီမံကိန်းများမှသည် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဆီသို့
၀၉:၁၅ 'နိသားအိုလူး' (မင်္ဂလာပါ)(အာခါလူမျိုးတို့၏ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးတမ်းများ)
၁၀:၀၀ သတင်းထဲကသတင်း
၁၀:၁၅ လူငယ်ရေးရာအစီအစဉ်
၁၁:၀၀ ချစ်စရာအရွယ်ကစားကြမယ်
၁၁:၄၀ တိုင်းရင်းသားရိုးရာအစားအစာချက်ပြုတ်နည်းများ
၁၂:၁၅ မြန်မာဇာတ်လမ်းတွဲ **'လျှို့ဝှက်အချစ်ရဲ့ကစားကွက်'** (အပိုင်း-၂၆)
၁၃:၃၀ MRTV National News
၁၆:၅၀ ပုံပြင်ကမ္ဘာအစီအစဉ် 'စည်းကမ်းရှိစွာဆင်နွှဲပါ'
၁၇:၁၅ ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
၁၇:၃၀ သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
၁၇:၄၀ လေ့လာစရာစုံလင်...အမိမြန်ပြည်တစ်ခွင် 'မေခမြစ်ထက်...ရတနာဘာယက်...သွယ်ကာဆက်တန်း...ရိဒမ်း
၁၈:၀၀ ပြည်တွင်းသတင်း
၁၈:၁၅ ပြည်ချစ်သားမွန်တေးသဝဏ်
၁၈:၄၅ တန်ဆောင်တိုင်တေးများ
၁၉:၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ **'ဆုတောင်းပြည့်ကြယ်တာရာစတာလာ'** (အပိုင်း-၈)
၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
၂၁:၁၀ (၂၃)ကြိမ်မြောက်ဆို၊က၊ရေး၊တီးပြိုင်ပွဲ (ရုပ်စုံသဘင်ပြိုင်ပွဲ)(ဖိတ်သနာရှင်(ပထမတန်း)အဆင့်) (နှစ်သိမ့်ဆု) 'ငါးပါးဒအကျရာဇာတ်တော်ကြီး' (ရောဝတီရုပ်စုံသဘင်အဖွဲ့)(ဧရာဝတီတိုင်းဒေသကြီး)

### mitv

07:01 Evergreen Classic: Aung Chin Shit Par (Tekkatho Lei Lei, Sein Lei Lei, Thae Nu Wah, Nyo Win Pe
07:09 Weekly Review
07:28 Myanmar Traditional Brass Embossed Painting
07:48 Myanmar Family Life: Let's play Riddle Game
08:01 News
08:27 Danu Food: Pounded Crab Apple Salad
08:35 Traditional Myanmar Theatrical Performance (Raja Mahaythi Thonbanhla Devi)
08:49 Quiz Time (Ep-77)
10:01 News

### MRTV NRC

**ဝ (၀၆:၀၀ မှ ၀၈:၀၀)**
ဟင်းနုနွယ်နှင့်ကျန်းမာရေး
**ကချင် (၀၈:၀၀ မှ ၁၀:၀၀)**
ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ (အပိုင်း-၅)
**ကယား (၁၀:၀၀ မှ ၁၂:၀၀)**
ကယားရိုးရာတူရိယာပြုလုပ်ခြင်း
**ဝကောကရင် (၁၂:၀၀ မှ ၁၃:၀၀)**
ဂေါ်ရန်ဂိုကျွန်းသဘာဝအလှ (အပိုင်း-၁)
**အနောက်ပိုးကရင် (၁၃:၀၀ မှ ၁၄:၀၀)**
လူသားအားလုံးကျန်းမာဖို့နဂါးမောက်သီးစားကြပါစို့
**အရှေ့ပိုးကရင် (၁၄:၀၀ မှ ၁၅:၀၀)**
ကရင်ဖြူတိုင်းရင်းသားတို့ရဲ့ကြက်ရိုးထိုးတဲ့ဓလေ့
**ချင်း (လိုင်ဇိုး) (၁၅:၀၀ မှ ၁၆:၀၀)**
အံ့ဖွယ်သစ္စာရှင်အောက်ချင်းမောင်နှံ
**ချင်း (ဖျိုး) (၁၆:၀၀ မှ ၁၇:၀၀)**
ကြိတ်အေတွီချက်
**မွန် (၁၇:၀၀ မှ ၁၉:၀၀)**
အရပ်ရှစ်မျက်နှာဦးချသူများ
**ရခိုင် (၁၉:၀၀ မှ ၂၁:၀၀)**
ရခိုင်ပြည်မှသဘာဝအလှများ
**ရှမ်း (၂၁:၀၀ မှ ၂၃:၀၀)**
မိုးနဲဒေသလွယ်လျှန်းကျောင်းမှ သမိုင်းဝင်လက်ရာများ

### MRTV NEWS

၀၆:၀၀ အဖွင့်၊ တေးသီချင်း
၀၆:၄၀ အားကစားသတင်း
၀၉:၀၀ ပြည်တွင်းသတင်း (LIVE)
၀၉:၄၅ လူငယ်တို့အတွက်လမ်းပြကြယ်
၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
၁၄:၀၀ MRTV National News
၁၆:၀၀ သတင်းမှန်ကဏ္ဍ (LIVE)
၁၉:၀၀ ပြည်တွင်းသတင်း (LIVE)
၂၀:၀၀ ပြည်တွင်းသတင်း (LIVE)
၂၀:၃၀ နိုင်ငံတကာသတင်း (LIVE)
၂၀:၄၅ ရှေ့သို့ချီမည်ပန်းတိုင်ဆီ
၂၁:၀၀ ပြည်တွင်းသတင်း (LIVE)

### MRTV PARLIAMENT

၀၉:၀၀ အဖွင့်၊ အလံ
၀၉:၁၅ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ (အစ္စရေးနိုင်ငံ)
၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'အငွေ့'
၁၀:၀၀ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ (ဆွစ်ဇာလန်နိုင်ငံ)
၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (ကိုရီးယားနိုင်ငံ) (အပိုင်း-၁)
၁၁:၃၀ ရှေ့သို့ချီမည်...ပန်းတိုင်ဆီ (အပိုင်း-၄၅)

### MRTV FARMERS' / HTV

၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
၀၆:၁၅ တောင်သူလယ်သမားဘဝဖွံ့ဖြိုးဖို့တစ်နှစ်သုံးသီးစိုက်ကြစို့
၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်းနှင့် မိုးလေဝသ
၁၈:၂၀ Yoga
၁၉:၀၀ Home Vegetable Garden Tour
၁၉:၄၅ International Music Hits
၂၂:၀၀ Thirteen Lives (နိုင်ငံခြားဇာတ်လမ်း)

### MRTV SPORTS / HTV

၀၆:၀၀ အဖွင့်
၀၆:၂၀ လူငယ်တို့အတွက်လမ်းပြကြယ်
၀၆:၄၅ Sports Diary
၀၇:၄၀ Soccer View
၁၇:၀၀ အားကစားသတင်း
၁၈:၀၀ E Sports

Scan Here
MRTV | MRTV | MRTV Radio | MRTV Radio

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

# တပ်ကုန်းမြို့နယ်အတွင်း ရေဘေးသင့်လယ်ယာမြေများအတွက် မတ်ပဲနှင့် နေကြာမျိုးစေ့များ ထောက်ပံ့ပေးအပ်

**တပ်ကုန်း နိုဝင်ဘာ ၈**

ပြည်ထောင်စုနယ်မြေ နေပြည်တော် တပ်ကုန်းမြို့နယ်အတွင်း ရာဂီမုန်တိုင်းအရှိန်ကြောင့် ရေဘေးသင့် ထိခိုက်စပါးခင်းများအတွက် ရွက်ဖျန်းအားဆေးထောက်ပံ့ခြင်းနှင့် ဆောင်းသီးနှံ မတ်ပဲနှင့် နေကြာမျိုးစေ့များ ထောက်ပံ့ပေးအပ်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းက ညောင်လွန့် စိုက်ပျိုးစီးပွား အသိပညာပေး(KC)ခန်းမ၌ ကျင်းပရာ နေပြည်တော် ကောင်စီဝင် ဦးဇေယျာလင်း၊ ဦးမြင့်စိုး၊ တာဝန်ရှိသူများနှင့် တောင်သူများ တက်ရောက်ကြသည်။



ဦးစွာ တပ်ကုန်းမြို့နယ် စိုက်ပျိုးရေးဦးစီးမှူး ဦးထွန်းညွန့်က ရာဂီမုန်တိုင်းအရှိန်ကြောင့် ရေကြီးနစ်မြုပ်ဧကများ၊ ထိခိုက်ပျက်စီးသည့်ဧကများနှင့် မိုးစပါး ပြန်လည်စိုက်ပျိုးပြီးစီးမှု အခြေအနေ၊ ဆောင်းသီးနှံများ ပြန်လည်စိုက်ပျိုးနိုင်မည့် အခြေအနေ၊ ပျက်စီးဧကများအပေါ် ပြန်လည်ကုစားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နေပြည်တော်ကောင်စီဝင် ဦးဇေယျာလင်းက ဆောင်းသီးနှံများ ပြန်လည်စိုက်ပျိုးနိုင်ရေးအတွက် တောင်သူများအား စိတ်ဓာတ်ခွန်အားများ ပြန်လည်မြှင့်တင်ပေးခြင်း၊ တောင်သူများလိုအပ်သော မျိုးစေ့များ၊ မြေယာပြုပြင်ရန် လိုအပ်ချက်များကို စနစ်တကျ စီမံခန့်ခွဲပြီး အပိုင်းလိုက်ခွဲခြား၍ ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း လမ်းညွှန်မှာကြားသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးက ထိခိုက်ပျက်စီးမှုများအပေါ် ကယ်ဆယ်ရေးလုပ်ငန်းများ၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကူညီဆောင်ရွက်ပေးခဲ့သူများအားလုံးသည် စည်းလုံးညီညွတ်မှုရှိပြီး အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့သည့်အတွက် ကျေးဇူးတင်ရှိကြောင်း၊ ဆောင်းသီးနှံများ ပြန်လည်စိုက်ပျိုးရေးတွင်လည်း နေပြည်တော်ကောင်စီ၏ ဦးဆောင်မှုအောက်တွင် ပူးပေါင်းဆောင်ရွက်ခဲ့သော ဌာနဆိုင်ရာများနှင့် အလှူရှင်များအား ဂုဏ်ပြုအမှာစကား ပြောကြားပြီး တောင်သူများအား နေပြည်တော်ကောင်စီဝင်များနှင့် တာဝန်ရှိသူများက မျိုးစေ့နှင့် ရွက်ဖျန်းအားဆေးများ ထောက်ပံ့ပေးအပ်သည်။

ထို့နောက် ပျဉ်းမနားကုန်စည်ဒိုင်အသင်း ကိုယ်စား ကုန်စည်ဒိုင်ဥက္ကဋ္ဌ ဦးအေးထွန်းက ဆောင်းသီးနှံစိုက်ပျိုးရန် နေကြာမျိုးစေ့များ လှူဒါန်းခဲ့ပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးမှူးထံ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။ **တင်စိုးလွင်**

# အကျဉ်းထောင်များ၏ လုပ်ငန်းစဉ်များကို ပြည်သူများ ထင်ယောင်ထင်မှားဖြစ်စေလိုသော ရည်ရွယ်ချက်ဖြင့် မဟုတ်မမှန် လုပ်ကြံသတင်းရေးသား ဖြန့်ဝေလျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၈**

မြောင်းမြထောင်တွင် နိုင်ငံရေးအကျဉ်းသား ကိုရဲရင့်အောင်သည် အကျဉ်းဦးစီးဌာန၏ လုပ်ကြံသတ်ဖြတ်မှုမှ လွတ်မြောက်ခဲ့သော်လည်း အရိုက်ခံရသဖြင့်ဦးခေါင်းကွဲသည်ဟူ၍လည်းကောင်း၊ အိမ်မဲ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာပြည့်ဖြိုးကို ထောင်တွင်း လုပ်ကြံရန် ကြံစည်နေသည်ဟူ၍ လည်းကောင်း Khit Thit Media အမည်ခံ Facebook Page က နိုဝင်ဘာ ၃ ရက်တွင် မဟုတ်မမှန် လုပ်ကြံသတင်းရေးသား ဖြန့်ဝေခဲ့သည်ကို တွေ့ရသည်။

ဖြစ်စဉ်အားစိစစ်ရာ မြောင်းမြအကျဉ်းထောင်၌ နိုင်ငံရေးအကျဉ်းသားဟူ၍မရှိဘဲ တည်ဆဲဥပဒေတစ်ရပ်ရပ်ကို ချိုးဖောက်ကျူးလွန်၍ ပြစ်ဒဏ်ကျခံနေရသူများသာရှိပြီး အောက်တိုဘာ ၂၂ ရက် ညနေပိုင်းတွင် သီးခြားတိုက် အခန်း(၉) နှင့် အခန်း(၁၀)ရှိ အကျဉ်းသား ထွန်းလင်းအောင်နှင့် အကျဉ်းသား ရဲရင့်အောင်တို့ စကားများရန်ဖြစ်ခဲ့ပြီး ထွန်းလင်းအောင်သည် သစ်သားချောင်းဖြင့် ရဲရင့်အောင်၏ ဦးခေါင်းအား ရိုက်နှက်ခဲ့ခြင်းဖြစ်ကာ ထွန်းလင်းအောင်အား သံချွန်ဖြင့် ထိုးခဲ့သည်ဆိုသည်မှာ မှန်ကန်မှုမရှိကြောင်း။

ယင်းဖြစ်စဉ်ဖြစ်ပွားခဲ့ပြီး အကျဉ်းသား ရဲရင့်အောင်၏ ဦးခေါင်းကို အကျဉ်းထောင်ဆရာဝန်က လိုအပ်သော ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးခဲ့ကြောင်း၊ ဖြစ်စဉ်နှင့် ပတ်သက်၍ အရိုက်ခံရသူ ရဲရင့်အောင်အား မေးမြန်းရာ အကျဉ်းသားအချင်းချင်း စိတ်အခန့်မသင့်၍ ခိုက်ရန်ဖြစ်ပွားခဲ့ခြင်းသာဖြစ်ပြီး တာဝန်ခံအရာရှိ၏ စီမံခန့်ခွဲမှု နည်းလမ်းအတိုင်းသာ အပြစ်ပေးအရေးယူစေလိုပါသည်ဟု ဖြေကြားခဲ့သဖြင့် တာဝန်ခံအရာရှိသည် ထွန်းလင်းအောင်အား ဒေါက်ခြေချင်း ၁၄ ရက်ခတ်ခြင်း၊ လျှော့ရက်များ နုတ်ပယ်ခြင်း၊ သီးခြားတိုက်သို့ ပြောင်းရွှေ့ထားခြင်းများ ဆောင်ရွက်ခဲ့သည့်အတွက် အရေးယူဆောင်ရွက်မှုမရှိဟု ဖော်ပြခဲ့သည်မှာ မှန်ကန်မှုမရှိကြောင်း သိရသည်။

ထို့ပြင် မြောင်းမြအကျဉ်းထောင်မှ အကျဉ်းသား ပြည့်ဖြိုးကို ထောင်တွင်း လုပ်ကြံရန် ကြံစည်နေသည်ဟု ဆိုခြင်းမှာလည်း မှန်ကန်မှုမရှိဘဲ TB ရောဂါသည်များနှင့်လည်း ရောနှောထားရှိခြင်းမရှိကြောင်းသိရပြီး အကျဉ်းသား ပြည့်ဖြိုး ကိုယ်တိုင် လေဝင်/လေထွက်ကောင်းသည့် အခန်းဖြစ်သည့်အတွက် ဆန္ဒအရ ယင်းအဆောင်၏ အခြားအခန်း တစ်ခုတွင် နေထိုင်ခြင်းသာဖြစ်သည့်အတွက် Khit Thit Media အမည်ခံ Facebook Page ၏ ဖော်ပြမှုသည် ပြည်သူများ အထင်အမြင်လွဲမှားစေရန် ရည်ရွယ်၍ မဟုတ်မမှန်လုပ်ကြံ သတင်းရေးသား ဖော်ပြထားခြင်းသာဖြစ်သည်။

ထို့အတူ DVB Media အမည်ခံ Facebook Page က နိုဝင်ဘာ ၃ ရက်တွင် ဖော်ပြခဲ့သည့်အကျဉ်းသား ဇာနည်အောင်၏ ကျန်းမာရေးအခြေအနေ ဆိုးရွားနေသည် ဆိုသည်မှာ မှန်ကန်မှုမရှိဘဲ မန္တလေးရှိ အိုးဘိုအကျဉ်းထောင်မှ အကျဉ်းသား ဇာနည်အောင်သည် “ဆီးချိုရောဂါ၊ သွေးတိုးရောဂါ၊ နှလုံးသွေးကြောကျဉ်းရောဂါ”ခံစားနေရသော်လည်း ကျန်းမာရေးကောင်းမွန်လျက်ရှိကာ အကျဉ်းထောင်ဆေးရုံအုပ်၊ သူနာပြုဝန်ထမ်းများကလည်း ကြပ်မတ်ကြည့်ရှုကုသပေးလျက်ရှိကြောင်း။

အကျဉ်းသား ဇာနည်အောင်သည် ဝဲမျက်ခမ်းအရေပြားကင်ဆာ(သံသယ) ရောဂါဖြင့် အောက်တိုဘာ ၃၁ ရက်တွင် မန္တလေးမြို့ အထွေထွေရောဂါကုဆေးရုံကြီးသို့ နေ့ချင်းပြန် သွားရောက်ပြသခဲ့ပြီး ကင်ဆာအထူးကုဆရာဝန်က လိုအပ်သည့် စမ်းသပ်စစ်ဆေးမှုများ ပြုလုပ်၍ ဆေးဝါးကုသပေးခဲ့ပြီး သုံးလအကြာတွင် ပြန်လည်ပြသရန် ဆေးမှတ်ချက်ပြုခဲ့ကာ လက်ရှိတွင် ကျန်းမာရေးအခြေအနေကောင်းမွန်လျက်ရှိသည့်အတွက် DVB Media အမည်ခံ Facebook Page ၏ ဖော်ပြမှုသည် အကျဉ်းထောင်၏ လုပ်ရိုးလုပ်စဉ်လုပ်ငန်းများကို ပြည်သူများ ထင်ယောင်ထင်မှား ဖြစ်စေလိုသော ရည်ရွယ်ချက်ဖြင့် မဟုတ်မမှန်လုပ်ကြံ သတင်းရေးသား ဖော်ပြခြင်းသာဖြစ်သည်။

**သစ္စာ**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၉-၁၁-၂၀၂၄

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၃၀၃၀ | ၃၁၁၅ | ၃၀၉၀ | ၃၀၄၀ | ၃၁၁၅ | ၃၁၂၅ | ၃၁၄၀ | ၃၀၈၅ | ၄၅၄၀ | ၃၂၅၀ | ၃၁၀၀ | ၃၁၂၀ | ၃၁၅၀ | ၃၁၄၀ | ၃၁၅၀ | ၃၅၅၅ | ၄၀၅၀ |
| 95 Ron | ၃၂၁၀ | ၃၂၈၅ | ၃၂၇၀ | ၃၂၂၀ | ၃၂၈၅ | ၃၃၀၅ | ၃၃၂၀ | ၃၂၇၅ | ၄၅၈၅ | ၃၄၃၀ | ၃၂၈၀ | ၃၃၀၀ | ၃၃၃၀ | ၃၃၂၀ | ၃၃၃၀ | ၃၇၃၅ | ၄၂၀၀ |
| HSD (500 ppm) | ၂၆၉၀ | ၂၇၇၀ | ၂၇၄၅ | ၂၇၀၀ | ၂၇၇၅ | ၂၇၈၅ | ၂၈၀၀ | ၂၇၅၅ | - | ၂၉၁၀ | ၂၇၆၀ | ၂၇၇၅ | ၂၈၁၀ | ၂၇၉၅ | ၂၈၁၀ | ၃၂၁၅ | ၄၀၅၀ |
| HSD (50 ppm) | ၃၃၄၅ | ၃၄၂၅ | ၃၄၀၀ | ၃၃၅၅ | ၃၄၃၀ | ၃၄၄၀ | ၃၄၅၅ | ၃၄၀၅ | ၄၈၆၅ | ၃၅၆၅ | ၃၄၁၅ | ၃၄၃၀ | ၃၄၆၅ | ၃၄၅၀ | ၃၄၆၅ | ၃၈၆၅ | - |
| HSD (10 ppm) | ၃၃၄၅ | ၃၄၂၅ | ၃၄၀၀ | ၃၃၅၅ | ၃၄၃၀ | ၃၄၄၀ | ၃၄၅၅ | ၃၄၀၅ | - | ၃၅၆၅ | ၃၄၁၅ | ၃၄၃၀ | ၃၄၆၅ | ၃၄၅၀ | ၃၄၆၅ | ၃၈၆၅ | - |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၈၇၅ | ၂၉၆၆ |
| 95 Ron | ၃၀၄၉ | ၃၁၄၄ |
| HSD (500 ppm) | ၂၅၄၄ | ၂၆၂၄ |
| HSD (50 ppm) | ၃၁၇၈ | ၃၂၇၁ |
| HSD (10 ppm) | ၃၁၇၈ | ၃၂၇၁ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**



# သာပေါင်းမြို့နယ်၌ မီးခိုးမြူငွေ့လျှော့ချရေးနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးဟောပြော

**သာပေါင်း နိုဝင်ဘာ ၈**

ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ် သစ်တောဦးစီးဌာနက ယနေ့နံနက် ၁၀ နာရီက လေ့ကြီးတတ်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ မီးခိုးမြူငွေ့လျှော့ချရေးနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ ခရိုင်အဆင့် အသိပညာပေးဟောပြောပွဲ ကျင်းပသည်။

အခမ်းအနားတွင် ပုသိမ်ခရိုင်သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးထွန်းထွန်းမင်းက သစ်တောများ၏ အကျိုးကျေးဇူးများနှင့် ရာသီဥတုပြောင်းလဲမှုလျော့နည်းစေရေး၊ သာပေါင်းမြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးသိန်းဝင်းဇော်က သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့် တောအုပ်ကြီး ဦးမျိုးသက်ပိုင်က မီးခိုးမြူငွေ့များ လျှော့ချရေး စသည့်ခေါင်းစဉ်တို့ဖြင့် အသိပညာပေးဆွေးနွေးကြရာ ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများ၊ သစ်တောဦးစီးဌာနမှ ဝန်ထမ်းများ စုစုပေါင်း ၂၁၇ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **သာပေါင်း(ပြန်/ဆက်)**

# အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၈**

ပြည်ထောင်စုနယ်မြေ နေပြည်တော် တပ်ကုန်းမြို့ စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် တပ်ကုန်းမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ နေပြည်တော် စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှု ကော်မတီဥက္ကဋ္ဌ နေပြည်တော် ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ တာဝန်ရှိသူများ၊ ရပ်မိ/ရပ်ဖများ၊ လူမှုရေးအသင်းအဖွဲ့များ၊ စာပေပညာရှင်များနှင့် အကဲဖြတ်ဒိုင်များ၊ အလှူရှင်များ၊ ကျောင်းအကျိုးတော်ဆောင်များ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။



ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်မုခ်ဦးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌက အမှာစကားပြောကြားသည်။ ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် တပ်ကုန်းမြို့နယ်အတွင်းရှိ စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးအတွက် ထောက်ပံ့ငွေများ၊ အလှူရှင်များနှင့် စာရေးဆရာ ရဲမွန်ကျော်တို့အား ဂုဏ်ပြုမှတ်တမ်းလွှာများနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်တွင် တေးသရုပ်ဖော် ဖျော်ဖြေတင်ဆက်ကြသည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ပြီး တပ်ကုန်းမြို့နယ်အတွင်းရှိ စာကြည့်တိုက်များအတွက် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် စာရေးဆရာ ရဲမွန်ကျော်က စာပေလေ့လာဖတ်ရှုမှု အကျိုးကျေးဇူးများနှင့် ပတ်သက်၍ အသိပညာပေးဟောပြောသည်။

အခမ်းအနားအပြီးတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ကျောင်းသား ကျောင်းသူများ၏ ကာယစွမ်းရည်၊ ဉာဏစွမ်းရည်ပြိုင်ပွဲများ ပျော်ရွှင်စွာယှဉ်ပြိုင်နေမှုကို လှည့်လည်ကြည့်ရှုအားပေးပြီး ဗလာစာအုပ်များနှင့် စားသောက်ဖွယ်ရာများပေးအပ်သည်။ ယင်းနောက် နေပြည်တော် ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် စာအုပ်စာစောင်များ၊ ဓာတ်ပုံမှတ်တမ်းများ၊ ကျောင်းသား ကျောင်းသူများ၏ စာပေဆွေးနွေးပွဲ၊ စာစီစာကုံးပြိုင်ပွဲ၊ ပုံပြင်ပြောပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲများ ယှဉ်ပြိုင်နေမှုနှင့် ကျောင်းစာကြည့်တိုက်တွင် ကျောင်းသား ကျောင်းသူများ စာပေဖတ်ရှုလေ့လာနေမှုကို ကြည့်ရှုအားပေးကာ ကျောင်းစာကြည့်တိုက်အတွက် သုတ၊ ရသ စာအုပ်စာစောင်များ ထောက်ပံ့လှူဒါန်းသည်။

ဆက်လက်၍နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် တပ်ကုန်းမြို့ အောင်ဆန်းခန်းမ၌ ကျင်းပသည့် ရေဘေးသင့်ပြည်သူများ၏ ပျောက်ဆုံးပျက်စီးသွားသော နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေးခြင်းအခမ်းအနားသို့ တက်ရောက်၍ ရေဘေးသင့်ပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (စစ်ကိုင်း၊ ရန်ကုန်)တို့တွင် တက်ရောက်ကြမည့် သင်တန်းသား သင်တန်းသူများ စိစစ်အတည်ပြုရွေးချယ်

**နေပြည်တော် နိုဝင်ဘာ ၈**

နယ်စပ်ရေးရာ ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဖြိုးသန့်နှင့် တာဝန်ရှိသူများသည် နိုဝင်ဘာ ၇ ရက်နှင့် ၈ ရက်တို့တွင် ပြည်ထောင်စု တိုင်းရင်းသား လူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ် (စစ်ကိုင်း)နှင့် (ရန်ကုန်)တို့၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ပထမနှစ်သင်တန်းသို့ တက်ရောက်ကြမည့် သင်တန်းသား သင်တန်းသူများအား စိစစ်အတည်ပြု ရွေးချယ်ကြကြောင်း သိရသည်။

**ကြည့်ရှုစစ်ဆေး**

ထို့ပြင် ဒုတိယဝန်ကြီးသည် ပြည်ထောင်စု တိုင်းရင်းသား လူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ် (စစ်ကိုင်း၊ရန်ကုန်) တို့ရှိ ဘွဲ့နှင်းသဘင်ခန်းမ၌ ကျောင်းအုပ်ကြီး၊ ဒုတိယကျောင်းအုပ်ကြီး၊ ညွှန်ကြားရေးမှူးများ၊ ပါမောက္ခ/ဌာနမှူးများ၊ ဆရာ ဆရာမများ၊ ဝန်ထမ်းများ၊ ပထမနှစ် သင်တန်းတက်ရောက်မည့် သင်တန်းသား သင်တန်းသူများနှင့် တွေ့ဆုံအမှာစကားပြောကြားပြီး သင်တန်းသား သင်တန်းသူများ ထားရှိမည့် အိပ်ဆောင်များ၊ စာသင်ဆောင်များ၊ စားရိပ်သာများနှင့် ကျောင်းဝင်းအတွင်း စိုက်ပျိုး/မွေးမြူရေး ဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။





နယ်စပ်ရေးရာ ဝန်ကြီးဌာန အနေဖြင့် နယ်စပ်ဒေသရှိ တိုင်းရင်းသား လူငယ်များ၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရေး အတွက် ပြည်ထောင်စု တိုင်းရင်းသား လူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ် (စစ်ကိုင်း၊ရန်ကုန်) တို့သို့ တက်ရောက်ကြမည့် သင်တန်းသား သင်တန်းသူများကို ရွေးချယ်ရာတွင် နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း ၄၅ ကျောင်းမှ တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီး သတ်မှတ်အမှတ်ပြည့်မီသူများ၊ တိုင်းဒေသကြီး၊ ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသများမှ ဝင်ခွင့်အရည်အချင်း သတ်မှတ်ချက်နှင့် ကိုက်ညီသော တိုင်းရင်းသား၊ တိုင်းရင်းသူများကို လူတွေ့စစ်ဆေး အတည်ပြု ရွေးချယ်ခဲ့ခြင်းဖြစ်သည်။

၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် သင်တန်းသားရွေးချယ်ရေး ဗဟို ကော်မတီက မြန်မာနိုင်ငံတစ်ဝန်းရှိ ဝေးလံခေါင်းပါးသော နယ်စပ်ဒေသများမှ ကျောင်းသား ကျောင်းသူများအား ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့နှင့် A.G.T.I ဒီပလိုမာ သင်တန်းများအတွက် ပြည်ထောင်စု တိုင်းရင်းသား လူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ် (စစ်ကိုင်း)တွင် ၂၂၁ ဦး၊ ပြည်ထောင်စု တိုင်းရင်းသား လူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်(ရန်ကုန်)တွင် ၂၂၃ ဦး စုစုပေါင်း ၄၄၄ ဦးကို စိစစ်အတည်ပြု ရွေးချယ်ခဲ့ပြီး ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့လေးနှစ်နှင့် A.G.T.I ဒီပလိုမာသုံးနှစ် သင်ကြားပေးသွားမည်ဖြစ်ကာ ကျောင်းဆင်းပြီးချိန်တွင် ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့နှင့် A.G.T.I ဒီပလိုမာရရှိသူများကို ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်နှင့်အညီ မိမိဒေသအုပ်ချုပ်ရေးနှင့် ဒေသဖွံ့ဖြိုးရေးအတွက် MSMEs လုပ်ငန်းများနှင့် သက်ဆိုင်သည့် ဝန်ကြီးဌာနများ၌ အကြီးတန်းစာရေးနှင့်အဆင့်တူ ရာထူးနေရာများအတွက် နိုင်ငံ့ဝန်ထမ်းများအဖြစ် ခန့်အပ်တာဝန်ပေးအပ်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## အလွတ်တန်းဆောင်းပါးပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန် ဖိတ်ခေါ်ခြင်း

၁။ ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၃ ရက်နေ့တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ်ဆောင်ပုဒ်ဖြစ်သည့် **“Amplifying the leadership of persons with disabilities for an inclusive and sustainable future”**ကို **“အနာဂတ်မှာ အားလုံးရေရှည်တည်တံ့ရေး မသန်စွမ်းသူများ ခေါင်းဆောင်နိုင်မှု မြှင့်တင်ပေး”** ဟူ၍ မြန်မာဘာသာသို့ ပြန်ဆိုထားရှိပြီးဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ စာပေဝါသနာရှင်များအနေဖြင့် ယခုနှစ်အတွက် သတ်မှတ်ထားရှိသည့် ဆောင်ပုဒ်နှင့်အညီ ဆောင်းပါးပါဝင်ယှဉ်ပြိုင်နိုင်ကြောင်း ဖိတ်ခေါ်အပ်ပါသည်။ ဆောင်းပါးတွင် အောက်ဖော်ပြပါအချက်များ ထည့်သွင်းရေးသားသင့်ပါသည်-

(က) မသန်စွမ်းသူများအတွက် လူ့အခွင့်အရေးဆိုင်ရာ နိုင်ငံတကာလှုပ်ရှားဆောင်ရွက်မှုများ၊

(ခ) အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့ ပေါ်ပေါက်လာပုံ၊

(ဂ) အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့ ကျင်းပရသည့် ရည်ရွယ်ချက်၊

(ဃ) မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂ ကွန်ဗင်းရှင်းတွင် ဖော်ပြပါရှိသော တန်းတူအခွင့်အရေးများ၊

(င) နိုင်ငံတော်အစိုးရ၏ ကြိုးပမ်းဆောင်ရွက်ချက်များ၊

(စ) မသန်စွမ်းသူများကြုံတွေ့နေရသည့် အတားအဆီးတို့နှင့် စပ်လျဉ်း၍ ထင်မြင်ယူဆချက် ( ဥပမာ - မသန်စွမ်းသူများ လူ့အဖွဲ့အစည်းအတွင်း အများနည်းတူ နေထိုင်ရှင်သန်နိုင်ရေးအတွက် ကြုံတွေ့နေရသည့် အခြေခံအဆောက်အဦဆိုင်ရာ၊ လူ့အဖွဲ့အစည်းဆိုင်ရာ အတားအဆီးများ၊ မသန်စွမ်းသူများအပေါ် ၎င်းအတားအဆီးတို့၏ အကျိုးသက်ရောက်မှုနှင့် အတားအဆီးကင်းသော ပတ်ဝန်းကျင်၏ အဓိပ္ပာယ်)

(ဆ) မသန်စွမ်းသူများ၏အခွင့်အရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်နေမှုများသည် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်များ SDGs နှင့် ချိတ်ဆက်နေကြောင်း ရှင်းလင်းတင်ပြချက်၊

(ဇ) အကြံပြုချက်များ၊

(ဈ) သတ်မှတ်ချက် - ပြိုင်ပွဲဝင်ဆောင်းပါးသည် ကွန်ပျူတာဖြင့် ဆိုပါက Pyidaungsu Font 13 ဖြင့် A4 (၄) မျက်နှာထက် မပိုစေရ၊ လက်ရေးစာမူဖြစ်ပါက A4 (၆) မျက်နှာထက်မပိုစေရ။

၃။ ပါဝင်ယှဉ်ပြိုင်သူများသည် မိမိတို့ရေးသားယှဉ်ပြိုင်မည့် ဆောင်းပါးတို့ကို ပြန်လည်ထူထောင်ရေးဦးစီးဌာန၊ ထိခိုက်လွယ်အုပ်စုများဌာနခွဲ တယ်လီဖုန်းအမှတ်-၀၆၇-၃၄၀၄၆၀၃၊ ၀၆၇-၃၄၀၄၆၀၄ နှင့် E-mail-vulnerablegroup.dor@gmail.com တို့ထံ ဆက်သွယ်၍ (၁၄-၁၁-၂၀၂၄)ရက်၊ ကြာသပတေးနေ့၊ ညနေ(၁၆:၀၀) နာရီအထိ နောက်ဆုံးထားပေးပို့ရမည်ဖြစ်ပါသည်။

၄။ ပေးပို့လာသည့် ဆောင်းပါးစာမူတို့ကို ဆောင်းပါး(စာမူ)စိစစ်ရွေးချယ်ရေးအဖွဲ့ဖြင့် ရွေးချယ်ပြီး ပထမဆု၊ ဒုတိယဆု၊ တတိယဆုများအား ထိုက်ထိုက်တန်တန် ချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

# ကထိန်ဒါန လှူဒါန်းကြမြိုင်ဆိုင် လတန်ဆောင်တိုင်

**ကိုယဉ်ချစ် (မန္တလေး)**



မြန်မာတို့၏ ၁၂ လရာသီတွင် တန်ဆောင်မုန်းလသည် အဋ္ဌမမြောက်လဖြစ်သည်။ တန်ဆောင်မုန်းလတွင် မြန်မာ့ရိုးရာအစဉ်အလာအရ တန်ဆောင်တိုင်ပွဲတော်အဖြစ် ကထိန်အလှူပွဲ၊ မသိုးသင်္ကန်းရက်လုပ်ပူဇော်ပွဲ၊ ပံ့သကူပစ်အလှူပွဲ၊ ဆီမီးထွန်းပူဇော်ပွဲနှင့် မီးပုံးပျံပွဲ၊ သာမညဖလအခါတော်နေ့၊ စတုဒိသာ လှူဒါန်းပွဲ (နိဗ္ဗာန်ဈေးပွဲတော်)နှင့် ကျီးမနိုးပွဲများကို အစဉ်အလာမပြတ် ကျင်းပကြသည်။

တန်ဆောင်မုန်းလကို ပုဂံခေတ်ထိုးကျောက်စာများတွင် **တန်ဆောင်မှုန်**ဟု ဝစ္စပေါက်မပါဘဲ သုံးနှုန်းခဲ့ကြသည်။ အင်းဝခေတ်လောက်တွင် **တန်ဆောင်မှုန်မှ တန်ဆောင်မုန်း**ဟု ရေးသားသုံးနှုန်းလာကြသည်။ တန်ဆောင်မုန်းဆိုသည်မှာ မီးရှူး၊ မီးတိုင်၊ ဆီမီးတို့ပျံ့နှံ့ထွန်းလင်းတောက်ပစေသောလ၊ ထွန်းညှိသောလ၊ မီးထွန်းလဟု အဓိပ္ပာယ်ရကြောင်း မှတ်သားရပါသည်။

တန်ဆောင်မုန်းလသည် ရက်ပေါင်း ၃၀ ရှိကာ ရက်စုံသောလ ဖြစ်သည်။ ဇေဒင်အခေါ် ဗြိစ္ဆာရာသီ၊ နက္ခတ်မှာ ကြိတ္တိကာနက္ခတ်၊ ရာသီရုပ်မှာ ကင်းမြီးကောက်ရုပ်ဖြစ်ပြီး ရာသီပန်းမှာ ခဝဲပန်းဖြစ်သည်။ နဂါးဦးခေါင်း အရှေ့သို့လှည့်ပြီး ရက်ရာဇာမှာ တနင်္ဂနွေနေ့နှင့် ဗုဒ္ဓဟူးနေ့၊ ပြဿဒါးမှာ အင်္ဂါနေ့နှင့် ရာဟုနေ့တို့ဖြစ်သည်။

မဟာအတုလမင်းကြီးက ၁၂ လရာသီဘွဲ့လွမ်းချင်းများတွင် **မြောက်လေငယ်သွင်းပါလို့၊ မြူနှင်းငယ်စိုစို၊ မြင်တိုင်းငယ်ပျိုသည်၊ ရွှေကျီးညိုတာရာနှင့်၊ ကြိတ္တိကာထွန်းတဲ့လကိုလေး၊ တန်ဆောင်ငယ်မာသ၊ ဆယ့်နှစ်လတွင်၊ ချမ်းမြအေးရင်၊ ဗြိစ္ဆာခွင်သို့၊ ရက်ငင်ပြောင်းခွာ၊ ခဝဲညှာလည်း၊ ခိုင်လွှာဝတ်မှုန်၊ ရနံ့သာထုံတော့တယ်၊ ဘုဏ်းဂုဏ်ကြော့သမ္ဘိန်မှာ၊ လှူကထိန်သင်္ကန်းလို့၊ ကျင်းကြတယ်လေး** ဟု တန်ဆောင်မုန်းလဘွဲ့ကို စပ်ဆိုဖော်ကျူးခဲ့သည်။

**ကထိန်အလှူပွဲ**

ကထိန်ဆိုသည်မှာ ကထိနဟူသော ပါဠိမှ ဆင်းသက်လာပြီး ကထိနဆိုသည်မှာ သင်္ကန်းအဝတ်ကို အရောင်ဆိုးခြင်း၊ ဖြတ်ခြင်း၊ ချုပ်ခြင်း၊ လှူဒါန်းခြင်း၊ ခင်းကျင်းခြင်း စသည့် သင်္ကန်းနှင့် ပတ်သက်သည့် အကြောင်းအရာအားလုံးကို ခြုံငုံခေါ်ဆိုခြင်းဖြစ်သည်။ ကထိန်ခင်းထိုက်သော သင်္ကန်းကထိန် ကပ်လှူနည်း၊ ကထိန်၏ အကျိုးအာနိသင်၊ ကထိန်သင်္ကန်းရရှိသောရဟန်းတော်၏ အခွင့်အရေး စသည်ဖြင့် ကျယ်ပြန့်လှပါသည်။ ဘုရားမှာ စိန်၊ ဆွမ်းမှာ ပိဏ္ဍ၊ သင်္ကန်းမှာ ကထိန်၊ ကျောင်းမှာ သိမ် ဆိုစကားအတိုင်း ကထိန်သင်္ကန်းသည် ပုဂ္ဂိုလ်စွဲ၊ ဂိုဏ်းဂဏစွဲမထားဘဲ သံဃာ့ဂုဏ်တော်ကို ရည်မှန်းလှူဒါန်းရခြင်းဖြစ်သဖြင့် သံဃိကဒါနမြောက်ပါသည်။ နှစ်စဉ် သီတင်းကျွတ်လပြည့်ကျော် တစ်ရက်နေ့မှ တန်ဆောင်မုန်းလပြည့်နေ့အတွင်း၌သာ လှူဒါန်းရသောကြောင့် ကာလဒါနလည်းမြောက်သည့် ဒါနကုသိုလ်ဖြစ်ပါသည်။

ကထိန်ဆိုသည်မှာ မလှုပ်မရှားခိုင်မြဲသည့် အနက်ရှိသည်။ ဝိနယလင်္ကာရဋီကာတွင် အကျိုးပေးမြဲမြံသော အမှုကိစ္စလုပ်ငန်းအာနိသင်ငါးပါးကို တစ်ပြိုင်တည်း ပေါင်းရုံးသိမ်းကျုံး၍ ဝင်စေနိုင်သောအလုပ်ဖြစ်သည်။ မြတ်စွာဘုရားနှင့် ပစ္စေကဗုဒ္ဓါသာဝကအပေါင်းတို့ နှစ်ထောင်းအားရ ချီးမွမ်းအပ်သည့် အနက်သဘောလည်းဖြစ်သည်။ ရှုမောစဖွယ်တင့်တယ်ခိုင်ဖြိုး သစ်ပင်ကြီးတမျှ ခိုင်ခံ့လှသောအနက်သဘောလည်းရှိသည်ဟု လယ်တီဆရာတော်ကြီးက မိန့်ဆိုခဲ့သည်။

ကထိန်သင်္ကန်းဖြစ်ပေါ်လာပုံမှာ သာဝတ္ထိပြည်ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူသောမြတ်စွာဘုရားရှင်အား ဖူးမြော်ရန်အတွက် ဘဒ္ဒဝဂ္ဂီရဟန်းအပါး ၃၀ တို့သည် ဝါကျွတ်သောအခါ ဝါဆိုဝါကပ်ခဲ့ကြသည့် သာကေတပြည်မှ သာဝတ္ထိပြည်သို့ ခြေကျင်ခရီးဖြင့် ကြွရောက်ခဲ့ကြသည်။ လမ်းခရီးတွင် မိုးသည်းထန်စွာရွာသွန်း၍ မိုးရေများ စိုစွတ်ကုန်ကြသည်။ ထိုစိုစွတ်သောသင်္ကန်းများဖြင့်ပင် ဖူးမြော်ကြရသည်ကို မြတ်စွာဘုရားရှင် မြင်တွေ့ရသောအခါ ခရီးဝေးမှ ကြွလာကြသည့် ရဟန်းများကို အကြောင်းပြု၍ ပုရိမဝါကပ်ခြင်းနှင့် ပြည့်စုံသောရဟန်းတို့ကို ကထိန်ခင်းခွင့်ပြုကြောင်း ပညတ်တော်မူခဲ့သည်။ ထိုအချိန်မှစတင်၍ ကထိန်သင်္ကန်း ဖြစ်ပေါ်ခဲ့သည်ဟု မှတ်သားရပါသည်။

ကထိန်ဆိုသည်မှာ ကထိနဟူသော ပါဠိမှ ဆင်းသက်လာပြီး ကထိနဆိုသည်မှာ သင်္ကန်းအဝတ်ကို အရောင်ဆိုးခြင်း၊ ဖြတ်ခြင်း၊ ချုပ်ခြင်း၊ လှူဒါန်းခြင်း၊ ခင်းကျင်းခြင်း စသည့် သင်္ကန်းနှင့်ပတ်သက်သည့် အကြောင်းအရာအားလုံးကို ခြုံငုံခေါ်ဆိုခြင်းဖြစ်သည်။ ကထိန်ခင်းထိုက်သော သင်္ကန်းကထိန်ကပ်လှူနည်း၊ ကထိန်၏ အကျိုးအာနိသင်၊ ကထိန်သင်္ကန်းရရှိသောရဟန်းတော်၏ အခွင့်အရေး စသည်ဖြင့်ကျယ်ပြန့်လှပါသည်။ ဘုရားမှာ စိန်၊ ဆွမ်းမှာ ပိဏ္ဍ၊ သင်္ကန်းမှာ ကထိန်၊ ကျောင်းမှာ သိမ် ဆိုစကားအတိုင်း ကထိန်သင်္ကန်းသည် ပုဂ္ဂိုလ်စွဲ၊ ဂိုဏ်းဂဏစွဲမထားဘဲ သံဃာ့ဂုဏ်တော်ကို ရည်မှန်းလှူဒါန်းရခြင်းဖြစ်သဖြင့် သံဃိကဒါနမြောက်ပါသည်။ နှစ်စဉ် သီတင်းကျွတ်လပြည့်ကျော် တစ်ရက်နေ့မှ တန်ဆောင်မုန်းလပြည့်နေ့အတွင်း၌သာ လှူဒါန်းရသောကြောင့် ကာလဒါနလည်းမြောက်သည့် ဒါနကုသိုလ်ဖြစ်

ကထိန်သင်္ကန်းသည် ကထိန်ခင်းမည့်ကျောင်းတိုက်မှ ရဟန်းတော်များ၏ တိုက်တွန်းလှုံ့ဆော်မှုမပါဘဲ အလှူရှင်က သဒ္ဓါတရားနှင့်အညီ အလိုအလျောက်လှူဒါန်းသော သင်္ကန်းဖြစ်ရန်လိုအပ်ခြင်း၊ သီတင်းကျွတ်လပြည့်ကျော် တစ်ရက်နေ့မှ တန်ဆောင်မုန်းလပြည့်နေ့အတွင်း တစ်ကျောင်း၌ တစ်ကြိမ်သာ ကျင်းပခွင့်ရှိခြင်း၊ ကထိန်ခင်းမည့် ရဟန်းတော်သည် ပုရိမဝါကပ်ပြီး ပဝါရဏာပြုပြီးသော ရဟန်းဖြစ်ခြင်း၊ ဝါကျိုးဝါပျက်မရှိသော ရဟန်းဖြစ်ခြင်း၊ သင်္ကန်းရှားပါးသော ရဟန်းဖြစ်ခြင်း၊ သင်္ကန်းရှားပါးသူဖြစ်ပါက သိက္ခာဝါကြီးသော မထေရ်ကို ဦးစားပေးခြင်း စသည့် အချက်များနှင့် ပြည့်စုံရပါသည်။

ကထိန်ခင်းမည့် သံဃာများသည် (၁) ပုဗ္ဗကရဏံဇာနာတိ = ရှေးဦးစွာ ပြုလုပ်ရမည့်ကိစ္စရပ်တို့ကို သိရပြုရခြင်း၊ (၂) ပစ္စုဒ္ဓါရံ = ပစ္စုဒ္ဓိရ် ပြုရတတ်ခြင်း၊ (၃) အဓိဋ္ဌာနံ = အဓိဋ္ဌာန်တင်တတ်ရခြင်း၊ (၄) အတ္ထာရံ = ခင်းပုံခင်းနည်း သိထားရခြင်း၊ (၅) မာတိကံ = မာတိကာကို သိထားရခြင်း၊ (၆) ပလိဗောဓံ = ကြောင့်ကြကို သိထားရခြင်း၊ (၇) ဥဒ္ဓါရံ = ကထိန်နုတ်ပုံကို သိထားရခြင်း၊ (၈) အာနိသံသံ = အာနိသင်တို့ကိုသိထားရခြင်း စသည့် အင်္ဂါ ရှစ်ရပ်နှင့် ပြည့်စုံရပေသည်။ ထိုပုဂ္ဂိုလ်အား ကထိန်ခင်းမည့် ဒုကုဋ် ခေါ် နှစ်ထပ်သင်္ကန်းကြီး၊ ဧကသီ ခေါ် ကိုယ်ဝတ်သင်္ကန်းနှင့် သင်းပိုင် ခေါ် ခါးဝတ်သင်္ကန်းတို့တွင် တစ်ခုခုကို ဉတ္တိဒုတိယကမ္မဝါစာဖြင့် ဗဒ္ဓသိမ်အတွင်းသာ သံဃာကပေးအပ်ရပါသည်။ ထိုသို့ဉတ်ကမ္မဝါစာဖြင့် ပေးအပ်ရသည်ကို ဉတ်ကထိန်ဟု ခေါ်ကြပါသည်။

မဟာစည်ဆရာတော်ကြီးက ကထိန်အကျိုးရရှိပုံကို မပန်မကြား၊ လိုရာသွား၊ ပြစ်များမသင့်ပြီ၊ သုံးထည်ထဲမှာ၊ ထားလိုရာ၊ ထားကာသွားနိုင်သည်၊ လေးပါးတူပင်၊ ဂိုဏ်းဘောဇဉ်၊ စားချင်စားနိုင်သည်၊ သင်္ကန်းများစွာ၊ ငါးလမှာ၊ သိမ်းကာထားနိုင်သည်၊ သံဃာလှူငြား၊ သင်္ကန်းများ၊ သူ့အားသာဖြစ်သည်ဟု အတိုချုပ်လင်္ကာဖြင့် မိန့်ဆိုခဲ့သည်။

ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းသူသည် (၁) မိမိသွားလိုရာခရီးကို အတားအဆီး၊ အနှောင့်အယှက်မရှိသွားလာနိုင်ခြင်း၊ (၂) လုပ်ငန်းတာဝန်များကို ပြီးမြောက်အောင်မြင်စွာ ထမ်းဆောင်နိုင်ခြင်း၊ (၃) အစာအဆိပ်သင့်မှု ဘေးအန္တရာယ်မှ ကင်းဝေးနိုင်ခြင်း၊ (၄) မိမိပစ္စည်းများကို အဖျက်အမှောင့်များရန်မှ ကာကွယ်နိုင်ခြင်း၊ (၅) မိမိပစ္စည်းဥစ္စာများကို သူတစ်ပါးနိုင်ထက်စီးနင်း ယူဆောင်ခြင်းမှ ကာကွယ်နိုင်ခြင်း စသည့်အကျိုးများကို ချက်ချင်းရရှိနိုင်ပေသည်။ ကထိန်သင်္ကန်းကပ်လှူမှုသည် သံဃာ့လက်ဝယ်သို့ ကိုယ်တိုင်ကိုယ်ကျ လှူဒါန်းရေစက်ချပြီးမှသာ အလှူဒါနမြောက်မည် ဖြစ်ပါသည်။

**မသိုးသင်္ကန်း ရက်လုပ်ပူဇော်ပွဲ**

မသိုးသင်္ကန်းဆိုသည်မှာ ကထိန်သင်္ကန်းတစ်မျိုးပင်ဖြစ်သည်။ သက်တော်ထင်ရှား မြတ်စွာဘုရားရှင်အားရည်မှန်း၍ နေ့မကူးစေဘဲ အရုဏ်မတက်မီ ညတွင်းချင်း ရက်လုပ်ပူဇော်ရသောသင်္ကန်းဖြစ်သည်။ တန်ဆောင်မုန်းလပြည့်နေ့သည် ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းခွင့်ရသော နောက်ဆုံးနေ့ဖြစ်သည်။ တန်ဆောင်မုန်းလဆန်း ၁၄ ရက် အဖိတ်နေ့ညတွင် လူအများကို ဖိတ်ကြား၍ စတိသဘောဖြင့် ဝါစေ့ကိုကြဲပက်ခြင်း၊ ဝါပေါက်ကောက်၍ ဝါဖန်၊ ဝါကြိတ်ခြင်း၊ ဝါဖတ်ခြင်း၊ ငွမ်းဖတ်ကို ဗိုင်းတောင့်လိပ်ခြင်း၊ ချည်ငင်ခြင်း၊ ချည်ယောက်ခြင်း၊ ယောက်ပြီးချည်ခင်ကို ဆေးဆိုးအစာတင်၍ မီးကင်ခြင်း၊ ခြောက်သွေ့အောင်လှန်း၍ ရက်ဖောက်ယောက်ခြင်း၊ ရက်ကန်းရှယ်ခြင်းများဆောင်ရွက်ပြီး ရက်ကန်းစင်တွင်တင်၍ အရုဏ်မတက်မီ အပြီးရက်လုပ်ကြရသည်။ ရက်လုပ်ပြီးသင်္ကန်းကို အရုဏ်မတက်မီ မြတ်စွာဘုရားအား ရည်မှန်းပူဇော်ဆက်ကပ်ကြရသည်။ နေ့ကူးသွားလျှင် သိုးသည်ဟူသော အယူအဆဖြင့် အချိန်မီ အပြီးရက်လုပ်ရသော သင်္ကန်းဖြစ်ခြင်းကြောင့် မသိုးသင်္ကန်းဟု ခေါ်ဆိုကြောင်း မှတ်သားရပါသည်။

**ပံ့သကူပစ် လှူဒါန်းပွဲ**

တန်ဆောင်မုန်းလပြည့်နေ့ညတွင် ကုသိုလ်ပြုလိုသူ အလှူရှင်များသည် မိမိတို့တတ်နိုင်သမျှ ငွေ၊ အစားအသောက်၊ အဝတ်အထည်၊ အသုံးအဆောင်ပစ္စည်းများကို အထုပ်တစ်ထုပ်စီ ထုပ်ပိုး၍ လူသူမသိအောင် နေရာအနှံ့အပြားတွင် လျှို့ဝှက်စွာချထားကြသည်။ ယင်းအထုပ်များကို ရှာဖွေတွေ့ရှိသူများ၏ ပျော်ရွှင်မှုကို အလှူရှင်များက ကြည်နူးကာ ဝမ်းသာပီတိဖြစ်ကြသည်။ အချို့ကသွားရင်းလာရင်း ပံ့သကူပစ္စည်းများ ချထားခဲ့ကြသည်။ အချို့က အဓိဋ္ဌာန်ဖြင့် နှစ်စဉ် ပံ့သကူပစ်ခြင်း အလှူဒါနကို ပြုကြသည်။

**ဆီမီးထွန်းပူဇော်ပွဲနှင့် မီးပုံးပျံပွဲ**

တန်ဆောင်မုန်းလပြည့်နေ့ညတွင် ဗုဒ္ဓအလောင်းတော်၏ ဆံတော်ကိုဌာပနာပြီး နတ်ပြည်တွင် တည်ထားသည့် စူဠာမဏိစေတီတော်ကို ရည်မှန်းကာ ဆီမီးများ၊ လျှပ်စစ်မီးများ၊ မီးရှူးမီးပန်းများ၊ မီးပုံးပျံများဖြင့် ပူဇော်လှူဒါန်းကြခြင်းဖြစ်သည်။ တောင်ကြီးတန်ဆောင်တိုင်ပွဲတော်နှင့် ပြင်ဦးလွင်တန်ဆောင်တိုင်ပွဲတော်များတွင် ဆီမီးပူဇော်ပွဲများနှင့် မီးပုံးပျံလွှတ်တင်ပူဇော်ပွဲများကို နှစ်စဉ်မပျက် ခမ်းနားကြီးကျယ်စွာ ကျင်းပကြသည်။

**သာမညဖလ အခါတော်နေ့**

အဇာတသတ်မင်းသည် ကျေးဇူးရှင်ဖခင်ကို သတ်ခဲ့သည့် အကုသိုလ်ကံကြောင့် စိတ်သောကဝေဒနာများခံစားနေရမှုမှ ပျောက်ကင်းစေရန် ကြိုးပမ်းခဲ့သည့် ဆရာဇီဝက၏ အကြံပြုချက်အရ သရက်ဥယျာဉ်တွင် ရဟန်းသံဃာ တစ်ထောင့်နှစ်ရာငါးကျိပ်နှင့် သီတင်းသုံးနေတော်မူသော မြတ်စွာဘုရားထံ တွေ့ဆုံဖူးမြော်လျှောက်တင်ခဲ့ရာ ဘုရားရှင်က ရဟန်းဖြစ်ရခြင်း အကျိုးအဆင့်ဆင့်ပါသော သာမညဖလသုတ်တော်ကို သာဓကများဖြင့် အဇာတသတ်မင်း နားလည်လက်ခံလာအောင် ဟောကြားတော်မူခဲ့သည်။ ဆရာအတင်မှားပြီး ဖခင်ကိုသတ်ခဲ့သဖြင့် အယူလွဲကံကြီးထိုက်နေသူကို အမြင်မှန်ရအောင် မြတ်ဗုဒ္ဓက တန်ဆောင်မုန်းလပြည့်နေ့တွင် ဟောကြားတော်မူခဲ့သည်ကို ပူဇော်သောအားဖြင့်

**စာမျက်နှာ ၁၈ သို့** ❖

# ပြည်မြို့ လေးဆူဓာတ်ပျော် ရွှေဆံတော်စေတီတော်မြတ်ကြီး ဗုဒ္ဓပူဇနိယပွဲတော်ဖွင့်ပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ အခမ်းအနားကျင်းပ



ပြည် နိုဝင်ဘာ ၈

ပြည်မြို့ လေးဆူဓာတ်ပျော် ရွှေဆံတော်စေတီတော်မြတ်ကြီး ၂၆၁၃ နှစ်ပြည့် ဗုဒ္ဓပူဇနိယပွဲတော် ဖွင့်ပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူခြင်း ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါ စေတီရင်ပြင်တော်ပေါ်၌ ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ အစိုးရအဖွဲ့ဝန်ကြီးများနှင့် ဒေသကွပ်ကဲမှုစစ်ဌာနချုပ်(ပြည်) ဒေသကွပ်ကဲရေးမှူးတို့က ပွဲတော်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်ဇနီး၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် စေတနာရှင်ပြည်သူများက ကြွရောက်လာသည့် ဆရာတော် ၁၀၈ ပါးအား ဆွမ်းဆန်တော်နှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လောင်းလှူပူဇော်ကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် လေးဆူဓာတ်ပျော် ရွှေဆံတော်စေတီတော်မြတ်ကြီး၏ ပရိဝုဏ်အတွင်းရှိ ဘုရားသိမ်အဟောင်းအား ကြည့်ရှုစစ်ဆေးပြီး ရှေးမူမပျက် အမြန်ဆုံးပြင်ဆင်သွားရန် တာဝန်ရှိသူများအား လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**




# တနင်္သာရီမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ နှစ်ပတ်လည်နေ့အထိမ်းအမှတ်အခမ်းအနား ကျင်းပ

တနင်္သာရီ နိုဝင်ဘာ ၈

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ (၁၆)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ်အဖြစ် တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ခေါင်နှင့်ဝန်ထမ်းများက ချောင်းငယ်ရပ်ကွက် မြို့ဦးပရိယတ္တိစာသင်တိုက် ဦးစီးပဓာနဆရာတော်အားအမှူးထား၍ သာသနာ့ဟိတဓမ္မာရုံအတွင်း နိုဝင်ဘာ ၇ ရက် နံနက် ၅ နာရီခွဲက အရုဏ်ဆွမ်း၊ ဆွမ်းဆန်နှင့်လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပွဲကျင်းပသည်။

အခမ်းအနားသို့ တနင်္သာရီမြို့နယ် နယ်မြေခံတပ်မှ ဗိုလ်မှူးကြီးမျိုးမင်းသူ၊ မြို့နယ် အုပ်ချုပ်ရေးမှူး ဦးကျော်ခေါင်နှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ၊ အငြိမ်းစားဝန်ထမ်းများ တက်ရောက်ခဲ့ကြပြီး မြို့ဦးပရိယတ္တိ စာသင်တိုက်ဦးစီးပဓာန နာယကဆရာတော် မြို့နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဘဒ္ဒန္တဇောတိကထံမှ ငါးပါးသီလခံယူကြသည်။

ဆက်လက်၍ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့်ဝန်ထမ်းများက ဆရာတော်အားအမှူးထား၍ ရဟန်း၊ ရှင်သာမဏေတို့အား ၂၄ ပြည်ဝင် ဆွမ်းဆန်တစ်အိတ်နှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး ဆရာတော်သံဃာတော်များအား အရုဏ်ဆွမ်း ဆက်ကပ်ကြသည်။

ထို့နောက်ဒုတိယပိုင်းအစီအစဉ်ကို မွန်းလွဲ ၁ နာရီတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဆက်လက်ကျင်းပရာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူးဦးကျော်ခေါင်က အမှာစကားပြောကြားကာ အငြိမ်းစားဝန်ထမ်းရှစ်ဦးအပါအဝင် ဝန်ထမ်းများအား အထိမ်းအမှတ် ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**နန်းသာရီ-ထိန်ဝင်း(ပြန်/ဆက်)**

# ရွှေတောင်မြို့နယ်၌ အဓိကသီးနှံ ၁၀ မျိုး၏ ပန်းတိုင်အထွက်နှုန်းကျော်လွန်ထွက်ရှိသော တောင်သူများအား ဆုပေးအပ်

ရွှေတောင် နိုဝင်ဘာ ၈

ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ယမန်နေ့နံနက်ပိုင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ခုနှစ် အဓိကသီးနှံ ၁၀ မျိုး၏ ပန်းတိုင်အထွက်နှုန်းကျော်လွန်ထွက်ရှိသော ထူးချွန်တောင်သူများအား ဆုပေးပွဲ အခမ်းအနားကျင်းပသည်။



အခမ်းအနားတွင် မြို့နယ်စိုက်ပျိုးမွေးမြူရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဟံဝင်းအောင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးအောင်က ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် ဆောင်ရွက်ရသည့် လုပ်ငန်းစဉ်များအကြောင်း ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ ၂၀၂၃-၂၀၂၄ ခုနှစ် အဓိကသီးနှံ ၁၀ မျိုး၏ ပန်းတိုင်အထွက်နှုန်း ကျော်လွန်ထွက်ရှိသော ထူးချွန်တောင်သူ ၁၀ ဦးတို့အား ဆုချီးမြှင့်ကာ စိုက်ပျိုးထုတ်လုပ်မှု ထူးချွန်တောင်သူဆု ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ခဲ့ကြောင်း သိရသည်။ **ကိုကိုမင်း (ပြန်/ဆက်)**

# ပျဉ်းမနားမြို့နယ်၌ ကြံသီးနှံစိုက်ပျိုးထုတ်လုပ်မှု နည်းပညာဆွေးနွေးပွဲနှင့် ကြံသီးနှံစံပြကွက်များ သရုပ်ပြပွဲပြုလုပ်

ပျဉ်းမနား နိုဝင်ဘာ ၈

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့နယ်၌ မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ (၂၀၂၂) စီမံကိန်းဖြင့် ဆောင်ရွက်သည့် ဒုတိယအကြိမ် ကြံသီးနှံစိုက်ပျိုးထုတ်လုပ်မှု နည်းပညာဆွေးနွေးပွဲနှင့် ကြံသီးနှံစံပြကွက်များ သရုပ်ပြပွဲကို ယနေ့နံနက်ပိုင်းက ကျီးဖြူရိုးကျေးရွာ တောင်သူ ဦးသိန်းရွှေ၏ ကြံစိုက်ကေသုံးကွေ၌ ကျင်းပသည်။



အခမ်းအနားတွင် စိုက်ပျိုးရေးဦးစီးဌာန သကြားထွက်သီးနှံဌာနခွဲမှ ညွှန်ကြားရေးမှူး ဒေါ်ခင်မြင့်ကြွယ်က အဖွင့်အမှာစကားပြောကြားပြီး သကြားထွက်သီးနှံဌာနခွဲမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဥမ္မာစိုးက ကြံသီးနှံစိုက်ပျိုးနည်းစနစ်များနှင့် ကြံသီးနှံအထွက်တိုးနည်းပညာများကို ဆွေးနွေးပြောကြားကာ ကြံသီးနှံစိုက်ပျိုးရေး အထောက်အကူပြုပစ္စည်းခြောက်မျိုးကို ကြံစိုက်တောင်သူ ၅၅ ဦးထံ ပေးအပ်ခဲ့ကြောင်း သိရသည်။

**မျိုးသီဟ(ပြန်/ဆက်)**

## မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

နေပြည်တော် နိုဝင်ဘာ ၈

စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ မန္တလေးတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

**မိုး/ဇလ**

❖ စာမျက်နှာ ၁၇ မှ

တန်ဆောင်မုန်းလပြည့်နေ့ကို သာမညဖလအခါတော်နေ့အဖြစ် သတ်မှတ်ကာ သာမညဖလသုတ္တန်ဒေသနာတော်ကို တန်ဆောင်မုန်းလပြည့်နေ့ညတွင် ရွတ်ဖတ်ပူဇော်ကြသည်။

**စတုဒိသာလှူဒါန်းပွဲ (နိဗ္ဗာန်ဈေးပွဲတော်)**

တန်ဆောင်မုန်းလပြည့်နေ့တွင် ရပ်ရွာအတွင်း၊ လမ်းများအတွင်းတွင်လာသမျှသောသူများကိုအယုတ်အလတ်အမြတ်မရွေး၊ ကြီးငယ်မရွေး စားသောက်ဖွယ်ရာများ ကျွေးမွေးခြင်း၊ အသုံးအဆောင်ပစ္စည်းများကို ကံစမ်းမဲဖောက်၍ လှူဒါန်းခြင်းများကို တပျော်တပါးဆောင်ရွက်ကြခြင်းဖြစ်သည်။ ပြုကြသည့် ဒါနကြောင့် ကုသိုလ်ရသကဲ့သို့စည်းလုံးညီညွတ်မှုအကျိုး၊ ပျော်ရွှင်ဝမ်းသာမှု အကျိုးများကို လက်ငင်းခံစားရသည့် လှူဒါန်းပွဲဖြစ်သည်။

**ဆေးပေါင်းခတဲ့ည**

တန်ဆောင်မုန်းလပြည့်နေ့ညတွင် ဆေးပင်မျိုးစုံကို စောင့်ရှောက်သည့်နတ်များသည် မဲဇလီပင်စောင့်နတ်ကို လာရောက်ခစားကြသဖြင့် ထိုညကို ဆေးပေါင်းခသည်ဟူသော အယူအဆဖြင့် ရာသီချိန်၌ ဖူးပွင့်သော မဲဇလီဖူးများ သုတ်၍စားကြသည်။ ပတ်ဝန်းကျင်သို့လည်း ကုသိုလ်ပြုဝေငှကြသည်။

**ကျီးမနိုးပွဲ(သူခိုးကြီးည)**

တန်ဆောင်မုန်းလပြည့်နေ့ညတွင် လူငယ်လူရွယ်များသည် ပစ္စည်းများကို ပိုင်ရှင်မသိအောင် ယူငင်၍ နေရာအမျိုးမျိုးသို့ ပြောင်းရွှေ့ကာ ပျော်ရွှင်ကြခြင်းဖြစ်သည်။ တချို့က နေအိမ်များမှ ကြက်၊ ဘဲ စသည်တို့ကို ပိုင်ရှင်မသိအောင်ယူ၍ ချက်ပြုတ်ပျော်ပွဲစားကြသည်။ နောက်ပိုင်းတွင် အပျော်သဘောသာ မဟုတ်တော့ဘဲ အရက်သေစာသောက်စားမူးယစ်ခြင်း၊ ခိုက်ရန်ဖြစ်ပွားခြင်းနှင့် အခြားဥပဒေမဲ့လုပ်ရပ်များကို ရောင်တော်ပြန်လုပ်ဆောင်လာကြရာ ဤသည်များကိုမူ ရှောင်ရှားသင့်ပေသည်။

အချုပ်အားဖြင့်ဆိုရသော် မြန်မာတို့၏ ၁၂ လရာသီပွဲတော်များတွင် တန်ဆောင်တိုင်ပွဲတော်သည် ကုသိုလ်ဒါနပြုကြသည့် ပွဲတော်ကြီးဖြစ်သကဲ့သို့ ပျော်ရွှင်ဖွယ်ရာများဖြင့် ကျင်းပသည့် မြန်မာ့ရိုးရာအစဉ်အလာမပျက် ကျင်းပသည့် ပွဲတော်ကြီးဖြစ်ပါသည်။ ရှေးနှစ်ပေါင်းများစွာကပင် အစဉ်အလာကောင်းများဖြင့် ထိန်းသိမ်းကျင်းပလာခဲ့သည့် ပွဲတော်ကြီးတွင် ကုသိုလ်ဒါနများပြုကြရင်း စည်းလုံးညီညွတ်စွာဖြင့် ပျော်ရွှင်ချမ်းမြေ့စွာဆင်နွှဲနိုင်ကြပါစေကြောင်း ရေးသားလိုက်ရပါသည်။ ။

**ကိုးကား ။ ။** **ဆယ့်နှစ်လရာသီ ပွဲတော်များနှင့် မှတ်တမ်းကဗျာများ (ပန်းတိုင်ဦးသန်းမောင်)**

- **၂၀၂၃ ခုနှစ် နိုဝင်ဘာလထုတ်သတင်းစာများ**

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် ဝတ္ထုတိုကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ သိပ္ပံမောင်ဝ၏ ဝတ္ထုတိုကို အလျဉ်းသင့်သလို ဖော်ပြပေးသွားမည်ဖြစ်ပါသည်။

# အညာဘုရားပွဲ

**သိပ္ပံမောင်ဝ**

အညာဘုရားပွဲကား ဘုရားပွဲလည်းဖြစ်၏။ ဈေးပွဲကြီးလည်း ဖြစ်လေသည်။ အညာတွင် ဘုရားပွဲသွားကြသည်မှာ ဘုရားလည်းဖူးရင်း၊ လိပ်ဥလည်းတူးရင်း၊ လိပ်မကြီးကိုလည်းဖမ်းရင်း သွားကြခြင်းဖြစ်၏။ ဘုရားလည်းဖူးရင်း၊ ပျော်လည်းပျော်ပါးကြ၊ ဈေးလည်းရောင်းရ၊ တစ်ချက်ခုတ်သုံးချက်ပြတ်သော အညာဘုရားပွဲများပေတည်း။

အညာတွင် ဘုရားပွဲသွားသူတို့သည် မိမိတို့ရောင်းရန်ရှိသော အရာဝတ္ထုများကို ယူဆောင်သွားကြပြီးလျှင် ဆိုင်များခင်းကျင်း၍ ရောင်းချကြလေသည်။ တစ်ဦးတွင်ပါလာသောပစ္စည်းကို တစ်ဦးက ဝယ်ကြနဲ့ ပစ္စည်းများကို ဘုရားပွဲ၌ ဖလှယ်လေ့ရှိကြလေသည်။ နံနက်ခင်းတွင် အရောင်းအဝယ်လုပ်ကြပြီးနောက် ညနေမိုးချုပ်လျှင် ပွဲကြည့်သူကြည့်၊ ဘုရားဖူးသူဖူး၊ လှည့်လည်ကြည့်ရှုသူ ကြည့်ရှုနှင့်နေကြလေသည်။

အညာဘုရားပွဲကား ဘုရားပွဲနှင့် ဈေးကို တွဲ၍ထားသောကြောင့် တစ်လကိုးသီတင်း စည်ကားလေ့ရှိလေသည်။ ရွှေစက်တော်ဘုရားပွဲမှာ တစ်လကျော်ကျော် နှစ်လနီးပါးစည်ကား၏။ ကျောင်းတော်ရာ၊ မြသလွန်၊ ကုသိန္နာရုံဘုရားပွဲကား ၁၀ ရက်ထက်မနည်း စည်ကားလေသည်။

စလင်းကုသိန္နာရုံပွဲကား ကဆုန်လဆန်း ၈ ရက်၊ ၉ ရက်မှစ၍ လပြည့်ကျော် ၉ ရက်၊ ၁၀ ရက်တိုင်အောင် စည်ကားလေသည်။ ဘုရားပွဲကို စသည့်နေ့ကတည်းက စလင်းမြို့နီစီပယ်ဈေးတစ်ဈေးလုံး ဘုရားပွဲသို့ ရောက်သွားလေသည်။ ဈေးဆိုင်တစ်ဆိုင်မျှ ဈေးအတွင်း၌ မရှိတော့ပြီ။ ဈေးတံခါးကို ပိတ်၍ထားရ၏။ ကုန်ကုန်ပြောရလျှင် ဈေးအတွင်း၌ ခွေးများ၊ ကျီးများပင်မရှိ။ သူတို့လည်း ဘုရားပွဲသို့ ရောက်ကုန်ကြပြီဟုထင်ရ၏။ ဈေးဝယ်လိုသူများ နံနက်တိုင်း၊ ညနေတိုင်း ဘုရားပွဲသို့သာသွား၍ ဝယ်ကြရလေသည်။ မြို့နီစီပယ်ဈေးတွင်သာ ဆိုင်များမရှိသည်မဟုတ်၊ ဈေးအနီး ကုလားအထည်ဆိုင်၊ တရုတ်ကုန်စုံဆိုင်တို့လည်း ဘုရားပွဲသို့ ရောက်ကုန်ကြလေပြီ။ ဤဆိုင်များသာမကသေး ကော်ဖီဆိုင်၊ လက်ဖက်ရည်ဆိုင်၊ ထမင်းဆိုင်၊ ခေါက်ဆွဲဆိုင်၊ အသုပ်ဆိုင်မှစ၍ မြို့တွင်းရှိသမျှသောဆိုင်တို့မှာ ဘုရားပွဲသို့ ရောက်ကုန်ကြပြီဖြစ်သောကြောင့် တစ်မြို့လုံးတိတ်လျက်သာနေလေတော့သည်။ ဘုရားပွဲမှာသာလျှင် ဆူညံနေတော့၏။

အဝေးအနီးရွာများမှ လာကြသောသူတို့လည်း မနည်းပြီ။ မိုင်ပေါင်းသုံးလေးဆယ်မှပင် လာရောက်ကြလေသည်။ မုန်းကမ်းတစ်လျှောက် ချင်းတောင်တစ်ဝိုက်မှလည်း လာကြကုန်၏။ မိုးတွင်းတွင် စားသောက်သုံးဆောင်ရန် ပစ္စည်းအလုံအလောက်ကို ဤဘုရားပွဲ၌ လာရောက်ဝယ်လေ့ရှိကြလေသည်။ မိမိတို့၌ ရောင်းရန်ရှိသော ပစ္စည်းများကိုလည်း ဤဘုရားပွဲမှာပင် လာ၍ရောင်းကြလေသည်။ ဤဘုရားပွဲတွင် လိုလေသေးမရှိရ အားလုံးရနိုင်လေသည်။ အထည်အလိပ်၊ ငါးပိ၊ ငါးခြောက်၊ ကြက်သွန်၊ ငရုတ်သီး၊ ဆေး၊ ဖက်၊ ရစ်၊ ထွန်တုံး၊ ခြင်းတောင်း၊ ဓားသွေးကျောက်၊ ကျောက်ပျဉ်မှစ၍ များလှစွာ၏။ ရေတွက်၍ ပြနေရလျှင် ဆုံးခန်းတိုင် ရောက်နိုင်ဖွယ်မရှိ။ ကုသိန္နာရုံ ဘုရားဘေးရှိ ကွင်းပြင်ကြီးမှာ အထူးစည်ကားလျက်နေတော့၏။

ထိုကွင်းပြင်ကြီးအတွင်း ကိုယ့်လူစုနှင့်ကိုယ်၊ လှည်းဝိုင်းကြီးများကိုချကာ ချက်ပြုတ်စားသောက်နေကြသည်မှာ ပျော်စရာကောင်းလှပေတော့သည်။ စားအိုး၊ စားခွက်များနှင့် လာကြသော သူတို့ပေတည်း။ အောက်အရပ်တွင်မူကား မော်တော်ဘတ်၊ မော်တော်ကားတို့ ကျက်စားရာ နေရာဖြစ်သောကြောင့် လှည်းဝိုင်းကြီးများကို ဘုရားပွဲ၌ မမြင်ရတော့ပြီ။ လှည်းဝိုင်းကြီးများအစား မော်တော်ကား၊ မော်တော်ဘတ်ဝိုင်းကြီးများကိုသာလျှင် မြင်ရတော့၏။ အခုသွား၊ အခုရောက်၊ အခုပြန်။

အညာဘုရားပွဲများမှာလောက် ပျော်စရာကောင်းမည်မထင်။ ကိုယ့်အဆက်ကိုယ့်မက်လုံးကလေးများနှင့် သွားသူတို့အဖို့ကား မပြောနိုင်ပေ။

တောသူတောင်သားတို့ကား ဤကုသိန္နာရုံ ဘုရားပွဲအချိန်တွင် ငွေချေးယူခြင်း၊ အကြွေးဆပ်ခြင်း၊ လယ်အချခံစာချုပ်ခြင်း၊ ပေါင်နှံခြင်းတို့ကို ပြုလုပ်လေ့ရှိကြလေသည်။ မြို့တွင် တစ်စုံတစ်ရာ ပြုလုပ်ဆောင်ရွက်ရန်ရှိလျှင် ဘုရားပွဲတိုင်အောင် စောင့်ဆိုင်းနေလေ့ရှိကြလေသည်။

ဘုရားပွဲအချိန်ကျမှသာလျှင် ဘုရားပွဲသို့လာရင်း တစ်ပါတည်း ဆောင်ရွက်ဖွယ်ရှိသည်တို့ကို ဆောင်ရွက်သွားကြလေသည်။ ဘုရားပွဲအချိန်တွင် ဘုရားပွဲမှာသာလျှင် လူစည်ကားသည်မဟုတ်။ အစိုးရရုံးများတွင်လည်း လူစည်ကားသည်ပင်။ ရေစစ္စရီစာရေးကား မအားရတော့ပြီ။ ခါတိုင်းတစ်နေ့လျှင် ရေစစ္စရီစာချုပ်သုံးလေးစောင်အပြင် မလုပ်ရ။ ဘုရားပွဲအချိန်တွင်ကား တစ်နေ့လျှင် စာချုပ်ပေါင်း ၁၅ စောင်ထက်မနည်း ပြုလုပ်ပေးရလေသည်။ ဘုရားပွဲလာရင်းမှ စာချုပ်ဝင်၍ ချုပ်သွားကြခြင်းဖြစ်လေသည်။

မောင်လူအေးသည် ဘုရားပွဲအတွင်း တစ်ညသ၌ ညစာစားသောက်ပြီးလျှင်ပြီးချင်း အဝတ်အစားညစ်ညစ်များကို ဝတ်စားကာ တစ်ယောက်တည်း ဘုရားပွဲသို့ထွက်သွားသောဟူ၏။ ညအခါ၌ ဘုရားပွဲတွင် တောသူတောသားတို့သာများသောကြောင့် မောင်လူအေးအား မည်သူမှမမှတ်မိချေ။ မိမိတို့ကဲ့သို့ တောသားဟူ၍ပင် သဘောထားကြလေသည်။ တောသားနှင့် မောင်လူအေး၊ မောင်လူအေးနှင့် တောသားတစ်စားတည်း ဖြစ်နေလေပြီ။ မောင်လူအေး ဝမ်းမြောက်မိတော့၏။ လွတ်လပ်ခြင်းကိုရလေပြီ။ တောသားများနှင့် တိုးဝှေ့ခွင့်ကို ရလေပြီ။ တောသားတို့၏ နဂိုသဘောထားအပြုအမူများကို တွေ့မြင်ရတော့မည်။

လက်ဦးဆုံး ကြက်တူရွေးဆပ်ကပ်သို့ ရောက်၍သွား၏။ ဆပ်ကပ်ရှေ့တွင် တောသားများ ဝိုင်းအုံနေကြသောကြောင့် တိုး၍မပေါက်။ ပိုက်ဆံပေးနိုင်သူတို့ကား တစ်ပဲစီပေး၍ ဝင်သွားကုန်ကြပြီ။ ပိုက်ဆံမပေးနိုင်သောသူတို့မှာမူ ဆပ်ကပ်ရုံရှေ့တွင် ဆွဲထားသော အရုပ်ကား

အဝေးအနီးရွာများမှ လာကြသောသူတို့လည်း မနည်းပြီ။
မိုင်ပေါင်းသုံးလေးဆယ်မှပင် လာရောက်ကြလေသည်။ မုန်းကမ်းတစ်လျှောက်
ချင်းတောင်တစ်ဝိုက်မှလည်း လာကြကုန်၏။ မိုးတွင်းတွင် စားသောက်သုံးဆောင်ရန်
ပစ္စည်းအလုံအလောက်ကို ဤဘုရားပွဲ၌ လာရောက်ဝယ်လေ့ရှိကြလေသည်။
မိမိတို့၌ ရောင်းရန်ရှိသော ပစ္စည်းများကိုလည်း ဤဘုရားပွဲမှာပင် လာ၍ရောင်းကြလေသည်။
ဤဘုရားပွဲတွင် လိုလေသေးမရှိရ အားလုံးရနိုင်လေသည်။
အထည်အလိပ်၊ ငါးပိ၊ ငါးခြောက်၊ ကြက်သွန်၊ ငရုတ်သီး၊
ဆေး၊ ဖက်၊ ရစ်၊ ထွန်တုံး၊ ခြင်းတောင်း၊ ဓားသွေးကျောက်၊ ကျောက်ပျဉ်မှစ၍ များလှစွာ၏။
ရေတွက်၍ ပြနေရလျှင် ဆုံးခန်းတိုင် ရောက်နိုင်ဖွယ်မရှိ။
ကုသိန္နာရုံ ဘုရားဘေးရှိ ကွင်းပြင်ကြီးမှာ အထူးစည်ကား

များကို ကြည့်ကာသာလျှင် မှတ်ချက်ချနေကြကုန်၏။

"မူးစေ့နှင့် မတ်စေ့ကို ခွဲခြားပြီး ကြက်တူရွေးက ပြနိုင်တယ်ဆိုတာ ဟုတ်နိုင်ပါ့မလား"ဟု အင်္ကျီမရှိဆံပင်တိုတိုနှင့်လူက မေး၏။

"ဟာ-သင်ထားရင် တတ်မှာပေါ့ကွ၊ စကားတောင် တတ်သေးတာပဲ၊ ကြက်တူရွေးဆိုတဲ့အကောင်မျိုးဟာ အင်မတန်လိမ္မာတာကလား ကွာ" ဟု မျက်နှာသုတ်ပဝါခေါင်းမှာ ပေါင်းထားသူက ဖြေလေသည်။

"ငါဝင်ကြည့်စမ်းချင်ပါဘိတော့ကွာ၊ ပိုက်ဆံမရှိလို့" ပထမလူက ပြော၏။ "မထူးပါဘူးကွာ"ဟု ဒုတိယလူကဆို၏။

ဤသို့ တောသားနှစ်ယောက် စကားဆိုနေကြခိုက်အနားတွင် ဝါးခနဲ ကလေးငိုသံကို ကြားရ၏။ အမေလုပ်သူ "မနက်ဖြန်မှကြည့် ငါ့သား၊ မမိုက်နဲ့၊ မနက်ဖြန်မှကြည့်"ဟု ကလေးကို နှစ်သိမ့်စေလေသည်။

ကြက်တူရွေးဆပ်ကပ်ရှေ့တွင် တောသားများနှင့် တိုးလားဝှေ့လား လုပ်နေပြီးနောက် လှည်းဝိုင်းများချထားရာဘက်သို့ ထွက်လာခဲ့ပြန်၏။

ထိုလှည်းဝိုင်းများ ချထားရာတွင်ကား လှည်းပေါင်းငါးရာ၊ ခြောက်ရာထက်မနည်းပြီ။ အလွန်စည်ကားလှပေ၏။ ထိုတစ်ဝိုက်တွင် လရောင်အပြင် အခြားမီးဟူ၍မရှိ။ လှည်းဝိုင်းတစ်ဝိုက်တွင် ဟိုဖြတ်လိုက်၊ သည်ဖြတ်လိုက်နှင့် တောသား တောသူတို့၏ ပြောကြားသော စကားတို့ကို နားထောင်၏။

အချို့မှာ ထမင်းစားရင်း နေ့ခင်းက အရောင်းအဝယ်များ အကြောင်းကို ပြောကြားနေကြကုန်၏။ ဟိုဘက်အနားတွင်ကား ညကပွဲနှင့်လူပြက်များ၏ပြက်လုံးတို့ကို ဖောက်သည်ချနေသောကြောင့် တဝါးဝါးနှင့် ရယ်နေကြလေသည်။ အောင်မယ်-ဟိုမှောင်ရိပ်သစ်ပင်အောက်က လှည်းသမား တယောထိုးနေလိုက်တာ တယ်နားထောင်လို့ကောင်းပါကလား။ တစ်ယောက်တည်း အလွမ်းသယ်နေတာထင်ပါရဲ့။ သူ့လက်သံသာသလောက် သူ့ရုပ်ရည်က ညစ်စုတ်လှပါတကား။ ဟိုဘက်နားက အမယ်ကြီးမှာကား ဖက်ဖြူဆေးလိပ်ကြီးကိုဖွာရင်း စည်းစိမ်ယူနေ၏။ ဘယ်သူနှင့်မျှ စကားမပြော။ တစ်ဖက်သောနေရာတွင်ကား မိန်းမကြီးတစ်ယောက်သည် ဆယ်နှစ်ရွယ် သမီးကလေးအား အရုပ်ဝယ်ပေးမည်ဆိုကာ ညာ၍အနင်းခိုင်းနေပေသည်။ အောင်မယ်...

ဟောဟိုဘက်က အဘိုးအိုနှင့် မြေးကလေးတို့မှာ ဘာလုပ်နေကြပါလိမ့်၊ မြေးကလေးက ထမင်းခူးကျွေးနေ၏။ အဘိုးအိုကား အသက် ၇၀ ကျော်၊ မြေးကလေးမှာ ၁၁ နှစ်ခန့်၊ သူတို့မြေးအဘိုးအပြင် မည်သူမျှ သူတို့နားတွင်မရှိ၊ မြေးအဘိုးနှစ်ယောက် စကားတတွတ်တွတ်နှင့် နေကြလေတော့သည်။ ဤအဘိုးကြီးကား မိမိအား ကူညီထောက်ပံ့မည့်သားသမီးကြီးကြီးမားမား ရှိဟန်မတူ။ သည်မြေးကလေးနှင့် လုပ်ကိုင်စားသောက်လာပုံရ၏။ အဘိုးကြီးကားအရွယ်လွန်ပြီ။ မြေးမိန်းကလေးကား အရွယ်မရောက်သေး။ မိဘနှင့်အတူတကွနေထိုင်ရသော မိန်းကလေးတို့ကား ပျော်တုန်း၊ ပါးတုန်း၊ ကစားတုန်း။ ဤမိန်းကလေးကား အဘိုးအိုကြီးကို လုပ်ကျွေးနေရရှာပေသည်။ ဤမြေးအဘိုးတို့ကား နောင်မည်သို့စခန်းသွားကြပေဦးမည်နည်း။

ဤလှည်းဝိုင်းကြီးမှ ထွက်လာပြီးလျှင် ရုံပွဲသို့ရောက်ခဲ့ပြန်၏။ စောသေးသောကြောင့် ရုံပွဲရှေ့တွင် လူများစွာမရှိသေးပေ။ ရုံထဲတွင်ကား ဆိုင်းဆရာများ ဆူညံစွာဆိုင်းတီးကာ ပွဲကြည့်လိုသူတို့ကို ဖိတ်ခေါ်နေလေသည်။ ရုံရှေ့ရှိပွဲဈေးဆိုင် သုံးလေးဆိုင်တို့တွင် ထွန်းထားသော ဓာတ်မီးများကြောင့် ရုံရှေ့တစ်ဝိုက်တွင် အတော်လင်းလျက်နေ၏။

မောင်လူအေးသည် ရုံပွဲအနီးပတ်ဝန်းကျင်တွင် မယောင်မလည် လျှောက်၍သွားလေသည်။ လား-လား-ရုံဘေးနားတွင် လူတစ်ယောက်သည် ကုန်းကုန်းကုန်းကုန်းနှင့် ဘာလုပ်နေသည်မသိ၊ မတရားကျင့်မည့်သူများပေလော။ ခါးပိုက်နှိုက်ရန် စောင့်စား၍နေသော သူပေလော။ အခင်းသွားရန် စီမံနေသောသူပေလော။ ထိုနေရာမှာ အတော်မှောင်သောနေရာဖြစ်လေသည်။ မောင်လူအေးသည် မယောင်မလည် ထိုသူအနားမှ ဖြတ်၍လျှောက်သွားရင်း ထိုသူ၏အကဲကိုခတ်၏။ မောင်လူအေး ကြားရသည်မှာကား "လက်ထဲသည်တစ်မတ်ပဲရှိ၊ သည်တစ်မတ်ပဲပျောက်၊ တယ်... ခက်တာကိုး" ဟူသော စကားပေတည်း။ ဤစကားကို ကြားရသော မောင်လူအေးတွင် စဉ်းစားစရာတွေ များစွာပေါ်ပေါက်၍ လာလေသည်။ အကယ်ပင် ပိုက်ဆံတစ်မတ်ပျောက်သွားသောကြောင့် ရှာနေသူပေလော။ မောင်လူအေး အနားလာသောကြောင့် တမင်ဟန်ဆောင်ကာ မောင်လူအေးအား တစ်ပတ်ရိုက်လှတ်လိုက်ခြင်းပေလော။ ဤသို့စဉ်းစားရင်းပင် ထိုနေရာမှ ထွက်ခဲ့သတည်း။

ထို့နောက် ကုသိန္နာရုံဘုရားပရိဝုဏ်အတွင်းသို့ ဝင်ခဲ့လေသည်။ သီချင်းဆိုကာ ပိုက်ဆံတောင်းနေသော မျက်မမြင်တစ်ယောက်၏အနီးတွင် လူအများဝိုင်းလျက်နေသည်ကို မြင်ရ၏။ ထိုသူမှာ ခွေးတလုံးလုံးနှင့် နေလေတော့သည်။ သူပင်သီချင်းဆို၊ သူပင်ပါးစပ်ဆိုင်းတီး၊ သူပင်စည်းလိုက်၊ သူပင်လက်ခုပ်တီး၊ တစ်ယောက်တည်း ရှုပ်ပွေနေ၏။ မမောဘဲနေမည်လော။ ရွှေပြည်ကြီးသီချင်းကို ဖွဲ့နွဲ့ကာ ချွဲချွဲပျစ်ပျစ် ဆိုလေသည်။ အချို့ကစုတ်သပ်ကြကုန်၏။ သီပေါမင်းတရားအား တမ်းတသောကြောင့်ပေလော၊ ထိုသူ၏အဆိုမှာ ကောင်းသောကြောင့်ပေလောဟုမပြောနိုင်။ သီချင်းကို နားထောင်နေကြသော သူတို့၏ ကျေးဇူးကြောင့်ဆယ်မိနစ်အတွင်း ငွေတစ်ကျပ်ခန့် ထိုသူမှာ ရ၍သွားလေသည်။ အတော်ပင်နေရာကျသော အလုပ်ပါတကား။

ထိုနေရာမှ ထွက်လာပြီးနောက် ဗုဒ္ဓဝင်ကားများကို ရေးဆွဲထားရာ တန်ဆောင်းသို့သွားပြန်၏။ အစည်ကားဆုံးသော တန်ဆောင်းပေတည်း။ တိုး၍ပင်မပေါက်။ ထိုဗုဒ္ဓဝင်ကားများကမူ မန္တလေးပန်းချီကျော်ဦးချစ်မြ၏ ပန်းချီကားများဖြစ်လေသည်။ ယသော်ဓရာမင်းသမီး၏ အပျိုတော်များမှာ ယခုခေတ် အပျိုကလေးများကဲ့သို့ ဆံထုံးကြီးကြီး၊ ဆံမြိတ်တွေချလိုက်သေး။

စာမျက်နှာ ၂၀ သို့ »»

# ထိုင်းနိုင်ငံ၌ နိုင်ငံကူးလက်မှတ် သို့မဟုတ် (CI)ကိုင်ဆောင်ထားသူများအား ယာယီနေထိုင်အလုပ်လုပ်ကိုင်ခွင့် သက်တမ်းတိုးဆောင်ရွက်ပေးမည်

ရန်ကုန် နိုဝင်ဘာ ၈

ထိုင်းနိုင်ငံ၌ ယာယီနေထိုင်ခွင့်နှင့် အလုပ်လုပ်ကိုင်ခွင့်ပြုထားသည့် နိုင်ငံကူးလက်မှတ် သို့မဟုတ် မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံလက်မှတ်(CI)ကိုင်ဆောင်ထားသူများအား ယာယီနေထိုင် အလုပ်လုပ်ကိုင်ခွင့် သက်တမ်းတိုးခွင့် နှစ်နှစ်စီ နှစ်ကြိမ်ဖြင့် စုစုပေါင်း လေးနှစ် ခွင့်ပြုသွားမည်ဖြစ်ကြောင်း ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံရုံးက အသိပေးထုတ်ပြန်ထားသည်။

ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံရုံး၏ထုတ်ပြန်ချက်၌ ထိုင်းနိုင်ငံရှိ ရွှေ့ပြောင်းမြန်မာအလုပ်သမားများကိစ္စနှင့် ပတ်သက်၍ ဗန်ကောက်မြို့ရှိ မြန်မာသံရုံးမှ သံအမတ်ကြီး ဦးချစ်ဆွေ ဦးဆောင်သည့် တာဝန်ရှိသူများနှင့် ထိုင်းနိုင်ငံ အလုပ်အကိုင်ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် Mr. Somchai Morakotsriwan ဦးဆောင်သည့် လူဝင်မှုကြီးကြပ်ရေးဗျူရိုနှင့် ပြည်ထဲရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများသည် နိုဝင်ဘာ ၅ ရက် နံနက် ၁၀ နာရီက မြန်မာသံရုံး၌ တွေ့ဆုံဆွေးနွေးခဲ့သည်။



သံအမတ်ကြီး ဦးချစ်ဆွေ ဦးဆောင်သည့် တာဝန်ရှိသူများနှင့် ထိုင်းနိုင်ငံ အလုပ်အကိုင်ဦးစီးဌာန (DOE)မှ ညွှန်ကြားရေးမှူးချုပ် Mr. Somchai Morakotsriwan ဦးဆောင်သည့် တာဝန်ရှိသူများ နိုဝင်ဘာ ၅ ရက်က မြန်မာသံရုံး၌ တွေ့ဆုံဆွေးနွေးစဉ်။

ယင်းသို့ တွေ့ဆုံဆွေးနွေးရာတွင် ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၁၃ ရက်အထိ ထိုင်းနိုင်ငံ၌ ယာယီ နေထိုင်ခွင့်နှင့် အလုပ်လုပ်ကိုင်ခွင့်ပြုထားသည့် နိုင်ငံကူးလက်မှတ် သို့မဟုတ် မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံလက်မှတ်(CI) ကိုင်ဆောင်ထားသူများအား ဆက်လက် သက်တမ်းတိုးဆောင်ရွက်မည့်ကိစ္စကို ထည့်သွင်းညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

၎င်းတို့အား ထိုင်းနိုင်ငံအတွင်း ယာယီနေထိုင် အလုပ်လုပ်ကိုင်ခွင့် သက်တမ်း နှစ်နှစ်စီ နှစ်ကြိမ်ဖြင့် စုစုပေါင်း လေးနှစ် ခွင့်ပြုသွားမည်ဖြစ်ပြီး ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၁၃ ရက်အထိ ထိုင်းနိုင်ငံ၌ ယာယီနေထိုင်ခွင့်နှင့် အလုပ်လုပ်ကိုင်ခွင့်ရရှိထားသည့် ရွှေ့ပြောင်းမြန်မာအလုပ်သမားများအနေဖြင့် ၎င်းတို့၏ နိုင်ငံကူးလက်မှတ် သို့မဟုတ် မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံလက်မှတ်(CI) သက်တမ်း အနည်းဆုံး နှစ်နှစ်ကျော် ကျန်ရှိနေရန်လိုအပ်သည်ဖြစ်ရာ နိုင်ငံကူးလက်မှတ် သက်တမ်းအနည်းဆုံး နှစ်နှစ်ကျော် မကျန်ရှိသူများအနေဖြင့် မြန်မာသံရုံးနှင့် ချင်းမိုင်မြို့ရှိ မြန်မာကောင်စစ်ဝန်ချုပ်ရုံးတို့၌ နိုင်ငံကူးလက်မှတ် သက်တမ်းတိုး လာရောက်ဆောင်ရွက်နိုင်ကြောင်း ထပ်မံအသိပေးအပ်သည်ဟု ဖော်ပြထားသည်။ MT

# အောက်တိုဘာလအတွင်း ဆန်/ဆန်ကွဲ တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁၈၉ သန်းရရှိ

ရန်ကုန် နိုဝင်ဘာ ၈

၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် အောက်တိုဘာလအတွင်း ဆန်/ ဆန်ကွဲ ၄၂၄၇၈၄ ဒသမ ၂၇ မက်ထရစ်တန်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁၈၉ သန်းရရှိခဲ့ပြီး ယခုဘဏ္ဍာနှစ် ခုနှစ်လတွင် အများဆုံးတင်ပို့ခဲ့သည့်လ ဖြစ်ခဲ့ကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၏ ထုတ်ပြန်ထားသည့်စာရင်းများအရ သိရသည်။

ပြီးခဲ့သည့် အောက်တိုဘာလအတွင်း ဆန်နှင့် ဆန်ကွဲတင်ပိုသည့်ကုမ္ပဏီ ၆၀ ရှိခဲ့ပြီး ဆန်တင်ပို့မှု ၂၃၀၈၀၃ ဒသမ ၂၇ မက်ထရစ်တန်နှင့် ဆန်ကွဲတင်ပို့မှု ၁၉၃၉၈၁ မက်ထရစ်တန် စုစုပေါင်း ၄၂၄၇၈၄ ဒသမ ၂၇ မက်ထရစ်တန် တင်ပို့ခဲ့ကြောင်း မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်၏ ထုတ်ပြန်ထားသည့် အချက်အလက်များအရ သိရသည်။

ယင်းကဲ့သို့တင်ပို့ရာတွင် ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ ၄၂၄၅၃၄ ဒသမ ၂၇ မက်ထရစ်တန်နှင့် နယ်စပ်ကုန်သွယ်ရေးမှ ၂၅၀ မက်ထရစ်တန် တင်ပို့ခဲ့ကြောင်းဖော်ပြထားသည်။ အောက်တိုဘာလအတွင်း ဆန်တင်ပို့မှုအနေဖြင့် အင်ဒိုနီးရှားနိုင်ငံသို့ မက်ထရစ်တန် ၁၁၅၁၀၀၊ ဖိလစ်ပိုင်နိုင်ငံသို့ ၄၂၀၈၂ မက်ထရစ်တန်၊ တရုတ်နိုင်ငံသို့ ၃၉၀၂၅ မက်ထရစ်တန်၊ နိုင်ဂျာနိုင်ငံသို့ မက်ထရစ်တန် ၁၀၇၀၀၊ ပေါ်တူဂီနိုင်ငံသို့ ၅၀၀၆ မက်ထရစ်တန်နှင့် အခြား ၂၃ နိုင်ငံသို့ ၁၈၈၉၀ မက်ထရစ်တန် တင်ပို့ခဲ့ကြောင်း သိရသည်။

ထို့အတူ ဆန်ကွဲတင်ပို့မှုမှာ ဘယ်လ်ဂျီယံနိုင်ငံသို့ မက်ထရစ်တန် ၅၆၅၀၀၊ ဆီနီဂေါနိုင်ငံသို့ မက်ထရစ်တန် ၄၄၃၀၀၊ တရုတ်နိုင်ငံသို့ ၂၈၃၄၉ မက်ထရစ်တန်၊ အင်ဒိုနီးရှားနိုင်ငံသို့ မက်ထရစ်တန် ၂၇၃၀၀၊ စပိန်နိုင်ငံသို့ မက်ထရစ်တန် ၁၀၅၀၀ နှင့် အခြား ၁၀ နိုင်ငံသို့ ၂၇၀၃၂ မက်ထရစ်တန်တင်ပို့ခဲ့ကြောင်း သိရသည်။ MT



ပြည်ပသို့တင်ပို့မည့်ဆန်အိတ်များကို ဆိပ်ကမ်း၌တွေ့ရစဉ်။

❁ **ဒေသအလိုက် မိုးကြီးခြင်းမှ**

ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက် မိုးကြီးခြင်း၊ နေရာကွက်၍ မိုးကြီးခြင်းများ ဖြစ်ပေါ်နိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေးနှင့် လေကြောင်းပျံသန်းရေးအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

မိုး/ဇလ

✪ **နိုဝင်ဘာမှ**

ပထမပွဲတွင် နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရကာ ဒုတိယပွဲတွင် ဂိုးမရှိ သရေကျခဲ့သည်။

မြန်မာ့လက်ရွေးစင်အသင်းကို နည်းပြချုပ်အဖြစ် ဦးမျိုးလှိုင်ဝင်း တာဝန်ယူ ကိုင်တွယ်ပြီးနောက် နိုင်ငံတကာ ခြေစမ်းပွဲများ ဆက်တိုက်ကစားနေခြင်းဖြစ်ပြီး ယခုလတွင် ခြေစွမ်းမြင့်မားသည့် အသင်းများနှင့် ကစားရမည်ဖြစ်သောကြောင့် မြန်မာအသင်း၏ ခြေစွမ်းနှင့် ကစားသမားများ၏ စွမ်းဆောင်ရည်ကို လေ့လာနိုင်မည်ဖြစ်သည်။

မြန်မာအသင်းနှင့် စင်ကာပူအသင်းသည် ၂၀၁၉ ခုနှစ် ဇွန်လက စင်ကာပူနိုင်ငံ၌ ခြေစမ်းကစားခဲ့ပြီး မြန်မာအသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ မြန်မာအသင်းသည် ယင်းခြေစမ်းပွဲတွင် အနိုင်ရသော်လည်း ယင်းနောက်ပိုင်း နိုင်ငံတကာပြိုင်ပွဲများတွင် စင်ကာပူအသင်းနှင့် သုံးကြိမ် တွေ့ဆုံရာ သုံးကြိမ်စလုံး အရေးနိမ့်ခဲ့သည်။

မြန်မာ့လက်ရွေးစင် အသင်းသည် ဒီဇင်ဘာလ ဒုတိယပတ်တွင် စတင်ကျင်းပမည့် ၂၀၂၄ Asean Cup ပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် ခြေစမ်းပွဲများ ဆက်တိုက်ကစားနေခြင်းဖြစ်သည်။ **ကိုညီလေး**

»»» **စာမျက်နှာ ၁၉ မှ**

ဝတ်စားထားသည်မှာလည်း အင်္ကျီလက်ရှည်ပင် ဖြစ်စေကာမူ အလွန်ပင် ခေတ်ဆန်လှပေ၏။ မျက်နှာပေါက်များမှာလည်း ခေတ်ဆန်သူရုပ်ချောချောလေးများ၏ မျက်နှာပေါက်များ အတိုင်းပင်။ ထိုအရုပ်ကားများမှာ ခတ်မီး၏အရောင်တွင် အလွန်ပင် ပနံရလျက်နေကြလေသည်။ ခေတ်သမား မောင်လူအေးသည် ဦးချစ်မြဲ၏လက်စွမ်းကို ချီးမွမ်း၍ မဆုံးတော့ပြီ။

မောင်လူအေးနှင့်အတူ တိုးဝှေ့ကာ ကြည့်ရှုနေကြသောသူတို့ကား မောင်လူအေး၏ မျက်စိမျိုးနှင့် ကြည့်သည်၊ မကြည့်သည်ကို သူတို့ပြောဆိုနေကြသော စကားဖြင့် အကဲခတ်နိုင်ပေသည်။ မောင်လူအေးနှင့် အနီးဆုံးသော လူသိုက်ကား ခြောက်ယောက်ခန့်ရှိ၏။ အမယ်ကြီး သုံးယောက်၊ အသက်လေးဆယ်ကျော် နှစ်ယောက်၊ အပျိုကလေး တစ်ယောက်။ အမယ်ကြီးများ စာမတတ်။ အပျိုကလေးက ဖတ်ပြရလေသည်။

**အပျို**။ ။ ဘုရားလောင်း သိဒ္ဓတ္ထမင်းသား တောထွက်မည်အပြုတွင်ကြာခြည်ကိုမပြီး သားတော်ရာဟုလာ၏မျက်နှာကို ကြည့်နေတဲ့ပုံတဲ့။

**အမယ်ကြီး**။ ။ အင်း… တောထွက်မယ့်ဆဲဆဲတောင် သားကလေးမျက်နှာကို ကြည့်ချင်သေး၊ သံယောဇဉ်ကိုး။

**အခြားအမယ်ကြီး**။ ။ သားပစ်၊ မယားပစ်၊ နန်းတော်ပစ်ပြီး တောထွက်နိုင်တာပဲ တော်လှပြီ။

**အခြားတစ်ယောက်**။ ။ ဒါ ဘာဟုတ်သေးသလဲ၊ အရှင်မေတ္တယျ မြတ်စွာဘုရားလောင်းဟာ သူ့ရှေ့မှာသူ့သားကို ဘီလူးက ကြွပ်ကြွပ်ဝါးစားတာတောင် အားရလွန်းလို့တဲ့။

ထို့နောက် ထိုလူစုသည် အခြားကားများကို ဆက်လက်၍ကြည့်ရင်း မှတ်ချက်ချသွားလေသတည်း။

သူတို့၏နောက် အသက် ၇၀ ခန့် အဘိုးကြီးနှင့် မြေးကလေး ၁၄ နှစ်ခန့်တစ်ယောက် ထိုအနားသို့ ရောက်လာ၏။ သိဒ္ဓတ္ထမင်းသား ကဏ္ဍကမြင်းကိုစီးပြီး တောထွက်သွားသည်ကိုကြည့်ရင်း အဘိုးကြီးက…

"သည်ပန်းချီဆရာ မြင်းအဆွဲတယ်ကောင်းတာကိုး၊ သူ့မြင်းဟာ ကျော့နေတာပဲ" မြင်းဝါသနာပါသူနှင့်တူရဲ့။

ထို့နောက် အသက် ၂၀ ကျော် လုလင်ပျိုနှစ်ယောက်တို့၏ စကားကို နားထောင်ကြပါဦး။

**တစ်ယောက်**။ ။ ဟေ့-ဟို၊ သိဒ္ဓတ္ထမင်းသားဝတ်ထားတဲ့ ပုဆိုးအဆင်ကလေးဟာ မကောင်းလားဟေ့။

**အခြားတစ်ယောက်**။ ။ ငါ မကြိုက်ပေါင်ကွာ၊ ဟိုဘက်နားက ကားမှ ဇီဝက ဝတ်ထားတဲ့ ပုဆိုးအဆင်ကလေးက သာလို့ကောင်းတယ်။

အခြားသူတို့လည်း မိမိကြိုက်ရာစကားများကို ပြောကြားသွားကုန်၏။ ထိုသူတို့၏ဝါသနာ မည်သို့မည်ပုံရှိသည်ကို သိရှိရလေသည်။ အတော်ကြာမှ မောင်လူအေး ထိုတန်ဆောင်းမှ ထွက်လာခဲ့လေသတည်း။

**၁၉၃၆ ခုနှစ်၊ အောက်တိုဘာ၊ ဂန္ထလောက။**

# အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်က ရွေးကောက်ခံသမ္မတ ဒေါ်နယ်ထရမ့်အား ငြိမ်းချမ်းစွာ အာဏာလွှဲပြောင်းပေးမည်



ဝါရှင်တန် နိုဝင်ဘာ ၈

အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်သည် ရွေးကောက်ခံသမ္မတ ဒေါ်နယ်ထရမ့်အား ငြိမ်းချမ်းစွာ အာဏာလွှဲပြောင်းပေးမည်ဖြစ်ကြောင်း ယမန်နေ့က ကတိပြုပြောကြားသည်။

ရွေးကောက်ပွဲကျင်းပပြီးနောက် ဂျိုးဘိုင်ဒင်က ၎င်း၏မိန့်ခွန်းတွင် အထက်ပါအတိုင်း ထည့်သွင်းပြောကြားခဲ့သည်။ ဘိုင်ဒင်သည် မဲဆန္ဒရှင်များ၏ ရွေးချယ်မှုကို လက်ခံကြောင်းနှင့် အမေရိကန်ရွေးကောက်ပွဲစနစ်အပေါ် ၎င်း၏ယုံကြည်ချက်ကို အလေးပေးဖော်ပြခဲ့သည်။

ပြည်သူများအနေဖြင့် မည်သူ့ကိုပဲ ထောက်ခံမဲပေးပေး အမေရိကန်နိုင်ငံသားအချင်းချင်း စည်းလုံးညီညွတ်မှုရှိသည်ကိုသာ တွေ့မြင်လိုပါကြောင်း ဂျိုးဘိုင်ဒင်က ပြောကြားသည်။

ထို့ပြင် အမေရိကန်ရွေးကောက်ပွဲစနစ်၏ ဂုဏ်သိက္ခာနှင့်ပတ်သက်ပြီး ပြောဖွယ်ရာမရှိကြောင်းနှင့် အလွန်ရိုးရှင်း၊ တရားမျှတပြီး ပွင့်လင်းမြင်သာမှုရှိသည့်အတွက် ရလဒ်ထွက်ပေါ်မှုအပေါ် စောဒကတက်စရာမရှိပါကြောင်း ၎င်းက ဆက်လက်ပြောသည်။

၎င်း၏ဝန်ထမ်းများကို သက်တမ်းကုန်သည့်အချိန်အထိ အလုပ်လုပ်ရန် တိုက်တွန်းပြောကြားထားကြောင်း သိရသည်။

ဒေါ်နယ်ထရမ့်၏ အသွင်ကူးပြောင်းရေးအဖွဲ့သည် လုပ်ငန်းများ စတင်လုပ်ဆောင်နေပြီ ဖြစ်ကြောင်း အမေရိကန်မီဒီယာများက သတင်းဖော်ပြသည်။

၎င်းတို့ အုပ်ချုပ်ရေးဖွဲ့စည်းပုံအသစ်၏ ထိပ်တန်းရာထူးနေရာများတွင် မည်သူတွေပါဝင်မည်လဲဆိုသည့်အပေါ် မီဒီယာများက စောင့်ကြည့်လျက်ရှိသည်။

လက်ရှိအချိန်အထိ အမေရိကန်ရွေးကောက်ခံသမ္မတ ဒေါ်နယ်ထရမ့်က ၎င်း၏မဲဆွယ်စည်းရုံးရေးမန်နေဂျာ ဆူဇီဝီးလ်စ်ကို အိမ်ဖြူတော်အကြီးအကဲအဖြစ် ခန့်အပ်ခဲ့ကြောင်း သိရသည်။

ကိုးကား - အင်န်အိတ်ချ်ကေ
ဘာသာပြန် - အောင်ကျော်ကျော်

# ယူရိုပါလိဂ်ဘောလုံးပြိုင်ပွဲ၌ အစ္စရေးဘောလုံးအသင်း မက်ကာဘီတဲလ်အဗစ်ကို အားပေးသူများနှင့် ပါလက်စတိုင်းလိုလားသူများအကြား ပဋိပက္ခဖြစ်ပွား




သည်ဟိဂ် နိုဝင်ဘာ ၈

နယ်သာလန်နိုင်ငံ အမ်စတာဒမ်မြို့၌ ကျင်းပသည့် ယူရိုပါလိဂ်ဘောလုံးပြိုင်ပွဲတွင် အစ္စရေးဘောလုံးအသင်း မက်ကာဘီတဲလ်အဗစ်ကို အားပေးသူများနှင့် ပါလက်စတိုင်းလိုလားသူများအကြား ပဋိပက္ခများဖြစ်ပွားပြီးနောက် ဖမ်းဆီးမှုများ ပြုလုပ်ခဲ့ကြောင်း နယ်သာလန်တာဝန်ရှိသူများက နိုဝင်ဘာ ၈ ရက်တွင် ပြောကြားသည်။

အစ္စရေးဘောလုံးအသင်းအား အားပေးသူများသည် အမ်စတာဒမ်မြို့လယ်ရှိ အိမ်တစ်အိမ်မှ ပါလက်စတိုင်းအလံကို နိုဝင်ဘာ ၆ ရက်တွင် ဖယ်ရှားခဲ့ပြီးနောက် ပါလက်စတိုင်းလိုလားသူများနှင့် ၎င်းဘောလုံးပွဲမတိုင်မီ ထိပ်တိုက်ရင်ဆိုင်မှုများ ဖြစ်ပွားခဲ့သည်။

အစ္စရေးဘောလုံးအသင်းမက်ကာဘီတဲလ်အဗစ်ကို အားပေးသူများအား ပါလက်စတိုင်းများက တိုက်ခိုက်ပြီးနောက်ပိုင်း အဓိကရုဏ်းနှိမ်နင်းရေးရဲများက အစ္စရေးပရိသတ်များကို ဟိုတယ်များသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

၎င်းပဋိပက္ခအတွင်း လူအများအပြား ဒဏ်ရာရခဲ့ပြီး ၅၇ ဦးကို ဖမ်းဆီးခဲ့ကြောင်း နယ်သာလန်ရဲတပ်ဖွဲ့က ပြောကြားသည်။

ဖြစ်စဉ်အတွင်း အစ္စရေးဘောလုံးပရိသတ် ၁၂ ဦးထက်မနည်း ဒဏ်ရာရရှိကာ သုံးဦး ပျောက်ဆုံးနေကြောင်း အစ္စရေးနိုင်ငံခြားရေးဝန်ကြီးဌာနက အတည်ပြုခဲ့သည်။ အစ္စရေးအမျိုးသားလုံခြုံရေးကောင်စီက အစ္စရေးဘောလုံးပရိသတ်များကို ၎င်းတို့၏ဟိုတယ်များသို့ အမြန်ဆုံးပြန်ရန်နှင့် ခြိမ်းခြောက်ခံရပါက ဒေသခံရဲများနှင့် ဆက်သွယ်ရန် အကြံပြုထားသည်။

ယခုဖြစ်စဉ်အတွင်း အစ္စရေးနိုင်ငံသားများ အားလုံး ဘေးကင်းရေးအတွက် လိုအပ်သည်များ စီစဉ်ဆောင်ရွက်ပေးရေးနှင့်ပတ်သက်၍ အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟုက နယ်သာလန်ဝန်ကြီးချုပ် ဒစ်စကော့ဖ်နှင့် ဆွေးနွေးခဲ့သည်။

လက်ရှိအချိန်တွင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ဆေးဘက်ဆိုင်ရာအဖွဲ့များပါဝင်သည့် လေယာဉ်များကို အစ္စရေးက စေလွှတ်ခဲ့သည်။

၎င်းဘောလုံးပြိုင်ပွဲတွင် နယ်သာလန်အေဂျက်စ်အသင်းက အစ္စရေးဘောလုံးအသင်း မက်ကာဘီတဲလ်အဗစ်ကို ငါးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသည်။

ကိုးကား-ဆင်ဟွာ
ဘာသာပြန်-စိုးသူရ

# ဂါဇာကမ်းမြောင်ဒေသ၌ သေဆုံး၊ ဒဏ်ရာရသူ ၇၀ ရာခိုင်နှုန်းခန့်မှာ အမျိုးသမီးများနှင့် ကလေးငယ်များဖြစ်

ကုလသမဂ္ဂ နိုဝင်ဘာ ၈

၂၀၂၃ ခုနှစ် အောက်တိုဘာ ၇ ရက်မှစပြီး ဂါဇာကမ်းမြောင်ဒေသ၌ သေဆုံး၊ ဒဏ်ရာရသူ ၇၀ ရာခိုင်နှုန်းခန့်မှာ အမျိုးသမီးများနှင့် ကလေးငယ်များဖြစ်ကြောင်း ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံး (OHCHR) က နိုဝင်ဘာ ၈ ရက်တွင် အစီရင်ခံစာတစ်ရပ်ထုတ်ပြန်သည်။

၂၀၂၄ ခုနှစ် စက်တင်ဘာ ၂ ရက်အထိ ဂါဇာတွင် သေဆုံးသူ ပါလက်စတိုင်း ၈၁၁၉ ဦးအနက် ခန့်မှန်းခြေအားဖြင့် အမျိုးသမီး ၂၀၃၆ ဦးနှင့် ကလေး ၃၅၈၈ ဦးတို့ ပါဝင်ကြောင်း အဆိုပါအစီရင်ခံစာအရ သိရသည်။



ဂါဇာကမ်းမြောင်ဒေသရှိ အရပ်သားများကို ရက်စက်ကြမ်းကြုတ်စွာ ပစ်မှတ်ထားတိုက်ခိုက်ခြင်းနှင့် နိုင်ငံတကာဥပဒေများကို ပြင်းထန်စွာချိုးဖောက်ခြင်းအပေါ် ရှုတ်ချကြောင်းကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံး၏ အစီရင်ခံစာတွင် ဖော်ပြထားသည်။

ယင်းလုပ်ရပ်များ၏ ရည်ရွယ်ချက်မှာ အမျိုးသား၊ လူမျိုးရေး၊ လူမျိုးရေး သို့မဟုတ် ဘာသာရေးအုပ်စုကို တစ်စိတ်တစ်ပိုင်း သို့မဟုတ် လုံးလုံးလျားလျား ဖျက်ဆီးလိုလျှင် ၎င်းတို့သည် လူမျိုးတုံး သတ်ဖြတ်မှုအဖြစ် ဖြစ်ပေါ်လာနိုင်ကြောင်း အဆိုပါအစီရင်ခံစာက သတိပေးထားသည်။

အစီရင်ခံစာ၏ တွေ့ရှိချက်များကို အစ္စရေးက တုံ့ပြန်ခြင်းမရှိသေးပေ။ ထို့ပြင် ဟားမတ်စ်နှင့် အခြားသော ပါလက်စတိုင်းလက်နက်ကိုင်အဖွဲ့များက အစ္စရေးနှင့် ပြည်ပအရပ်သားများကို ပစ်မှတ်ထား တိုက်ခိုက်သည့် အကြမ်းဖက်လုပ်ရပ်များကိုလည်း အစီရင်ခံစာက ရှုတ်ချပြီး ချက်ချင်းအပစ်အခတ်ရပ်စဲရေး၊ ဓားစာခံအားလုံးကို လွှတ်ပေးရေးနှင့် ဂါဇာကမ်းမြောင်ဒေသသို့ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ ပေးအပ်ရန် တောင်းဆိုထားကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - အောင်ကျော်ကျော်

# ဩစတြေးလျနိုင်ငံ၌ အသက် ၁၆ နှစ်အောက်ကလေးများအား ဆိုရှယ်မီဒီယာအသုံးပြုခွင့် ပိတ်ပင်မည့်အဆိုပြုချက် တာဝန်ရှိသူများ ထောက်ခံ

ကင်ဘာရာ နိုဝင်ဘာ ၈

ဩစတြေးလျနိုင်ငံ၌ အသက် ၁၆ နှစ်အောက် ကလေးများအား ဆိုရှယ်မီဒီယာအသုံးပြုခွင့် ပိတ်ပင်မည့် ဝန်ကြီးချုပ် အန်တိုနီ အယ်လ်ဘားနိစ်၏ အဆိုပြုချက်ကို ပြည်နယ်များနှင့် ဒေသခေါင်းဆောင်များက ထောက်ခံသဘောတူခဲ့ကြကြောင်း ယနေ့ဆင်ဟွာသတင်းအရ သိရသည်။

ဩစတြေးလျနိုင်ငံရှိ အသက် ၁၆ နှစ်အောက် ကလေးများအား ဆိုရှယ်မီဒီယာ အသုံးပြုခွင့်ပိတ်ပင်မည့်ဥပဒေကို ယခုလအတွင်း ပါလီမန်သို့တင်သွင်း၍ အဆုံးအဖြတ် ရယူဆောင်ရွက်မည်ဟု ဝန်ကြီးချုပ် အန်တိုနီ အယ်လ်ဘားနိစ်က ပြောကြားသည်။ နိုင်ငံအတွင်းရှိတက်စ်မေးနီးယားဒေသန္တရအစိုးရက ဆိုရှယ်မီဒီယာအသုံးပြုခွင့်ပိတ်ပင်မည့် အသက်အရွယ်ကို ၁၄ နှစ်အထိ လျှော့ချသတ်မှတ်ရန် တောင်းဆိုခဲ့သော်လည်း နိုင်ငံတစ်ဝန်း တစ်ပြေးညီသတ်မှတ်ချက်အရ အသက် ၁၆ နှစ်အောက်အရွယ်ရှိကလေးများကိုသာ ဆိုရှယ်မီဒီယာအသုံးပြုခွင့်ပိတ်ပင်ရန် တညီတညွတ်တည်း သတ်မှတ်ခဲ့ကြသည်။ ၎င်းကလေးများ၏ လူမှုမီဒီယာဆိုင်ရာလုံခြုံရေးနှင့် စိတ်ကျန်းမာရေးတို့ကို စောင့်ရှောက်သည့်အနေဖြင့် တာဝန်ရှိသူများက ယခုကဲ့သို့ စီစဉ်ဆောင်ရွက်ခြင်းဖြစ်ကာ ကလေးများအား ဆိုရှယ်မီဒီယာသုံးစွဲမှုနှင့် ပတ်သက်၍ ကိုင်တွယ်ဆောင်ရွက်နေရသည့် အုပ်ထိန်းသူများကိုလည်း ယခုဥပဒေက အကူအညီပေးမည်ဖြစ်ကြောင်း ဝန်ကြီးချုပ်က ပြောကြားသည်။

ယခုပြဋ္ဌာန်းမည့် အသက် ၁၆ နှစ်အောက်ကလေးများအား ဆိုရှယ်မီဒီယာသုံးစွဲခွင့် ပိတ်ပင်သည့်ဥပဒေကို လိုက်နာမှု ရှိမရှိကို သက်ဆိုင်ရာဆိုရှယ်မီဒီယာလုပ်ငန်းများက အီလက်ထရွန်နစ်လုံခြုံရေးဆိုင်ရာ ကော်မရှင်နာရုံး၏ ညွှန်ကြားချက်အရ စောင့်ကြည့်စစ်ဆေးရမည်ဖြစ်သည်။

အသက် ၁၆ နှစ်အောက်အရွယ်ရှိ ကလေးများအား လူမှုမီဒီယာ သုံးစွဲခွင့်ပိတ်ပင်ရခြင်းမှာ ၎င်းအသက်အရွယ်သည် ဖွံ့ဖြိုးတိုးတက်မှုအတွက် အားယူနေရသည့် အသက်အရွယ်ဖြစ်သည့်အတွက် ဖြစ်ကြောင်း ဆက်သွယ်ရေးဝန်ကြီး မစ်ချယ်ယိုလန်က ပြောကြားသည်။

ကိုးကား- ဆင်ဟွာ
ဘာသာပြန်-စိုးသူရ

## "အများသိစေရန် ကြေညာချက်"

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ကျွန်း/လယ်ရပ်ကွက်၊ ဗဟိုလမ်း၊ အမှတ်(၁၉၀)နေ ဒေါ်ခင်မြဦး [၁၂/စခန(နိုင်)၀၂၀၂၀၇]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေး ကြေညာအပ်ပါသည်–

ကျွန်ုပ်မိတ်ဆွေ၏ သားဖြစ်သူ မောင်ခိုင်လင်းသူ [၁၂/စခန(နိုင်)၀၆၂၆၆၉] လုပ်ကိုင်သော Shwe Khaing Business Group Company Limited နှင့်ပတ်သက်၍ ငွေကြေးပိုင်ဆိုင်ရာ အရှုပ်အရှင်းပြဿနာများနှင့်သော်လည်းကောင်း ၊ အခြားလူမှုရေးပြဿနာကိစ္စများ၊ ပေးရန်၊ ရရန်ရှိသော ငွေကြေးကိစ္စရပ်များနှင့်သော်လည်းကောင်း မောင်ခိုင်လင်းသူ၏ မိခင်ကျွန်ုပ်၏မိတ်ဆွေမှ တာဝန်ယူဖြေရှင်းဆောင်ရွက်ပေးမည်မဟုတ်ကြောင်းနှင့် အဆိုပါကိစ္စရပ်အားလုံးသည် မောင်ခိုင်လင်းသူနှင့်သာလျှင်သက်ဆိုင်ပြီး မောင်ခိုင်လင်းသူသည် ကျွန်ုပ်မိတ်ဆွေ၏ ဆိုဆုံးမမှုများကို မနာခံသဖြင့် သွာနုတ္တသားဆိုးအဖြစ် သတ်မှတ်ပြီး ယနေ့မှစ၍ အမွေစားအမွေခံသားအဖြစ်မှ စွန့်လွှတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ခင်မာချို (LL.B, DIPL)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၇၇၇၀)**
**အမှတ်(၆၇၈)၊ ကုန္တာ(၆)လမ်း၊ (၈)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ 09–974000839**

## "အများသိစေရန် ကြေညာချက်"

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၀)ရပ်ကွက်၊ သံသုမာလမ်း၊ အမှတ်(၆၄၂)နေ ဒေါ်ရီရီနု [၁၂/ဥကတ(နိုင်)၀၈၃၃၇၂]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေး ကြေညာအပ်ပါသည်–

ကျွန်ုပ်မိတ်ဆွေ၏ သမီးဖြစ်သူ မထက်ထက်စိုး [၁၂/ဥကတ(နိုင်)၁၅၄၄၈၂] လုပ်ကိုင်သော Shwe Khaing Business Group Company Limited နှင့်ပတ်သက်၍ ငွေကြေးပိုင်ဆိုင်ရာ အရှုပ်အရှင်းပြဿနာများနှင့်သော်လည်းကောင်း၊ အခြားလူမှုရေးပြဿနာကိစ္စများ၊ ပေးရန်၊ ရရန်ရှိသော ငွေကြေးကိစ္စရပ်များနှင့်သော်လည်းကောင်း မထက်ထက်စိုး၏မိခင် ကျွန်ုပ်၏မိတ်ဆွေမှ တာဝန်ယူဖြေရှင်းဆောင်ရွက်ပေးမည်မဟုတ်ကြောင်းနှင့် အဆိုပါကိစ္စရပ်အားလုံးသည် မထက်ထက်စိုးနှင့်သာလျှင်သက်ဆိုင်ပြီး မထက်ထက်စိုးသည် ကျွန်ုပ်မိတ်ဆွေ၏ ဆိုဆုံးမမှုများကို မနာခံသဖြင့် သွာနုတ္တသမီးဆိုးအဖြစ် သတ်မှတ်ပြီး ယနေ့မှစ၍ အမွေစားအမွေခံသမီးအဖြစ်မှ စွန့်လွှတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ခင်မာချို (LL.B,DIPL)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၇၇၇၀)**
**အမှတ် –(၆၇၈)၊ ကုန္တာ(၆)လမ်း၊ (၈)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ 09–974000839**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြော်ငြာချက်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃/ဒု)၊ လူနေရပ်ကွက်အမှတ်(၇)၊ မင်္ဂလာ(၁)လမ်း၊ အမှတ်(၂၄၃) ဟုခေါ်တွင်သော (၆၀x၅၀)ပေ၏ (ခြေရင်းခြမ်း) (၃၀x၅၀)ပေ အကျယ်အဝန်းရှိ မြေကွက်တစ်ကွက်နှင့် ယင်းမြေကွက်ပေါ်တွင်ဆောက်လုပ်ထားသော လူနေအဆောင်(၁)လုံး အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဒေါ်သက်သက်လှိုင် [၁၂/စခန(နိုင်) ၀၂၂၀၁၂]မှ ၎င်းလက်ရှိပိုင်ဆိုင်ကြောင်းဝန်ခံလျက် ရောင်းချလိုကြောင်း ကမ်းလှမ်းလာသည်ကို ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအိမ်ခြံမြေအရောင်းအဝယ်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူများသည် ကန့်ကွက်လိုပါက ဤကြော်ငြာပါပြီး (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးကြည်လွင် (LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်– ၁၃၀၈၂)**
**တိုက်(၂၈)၊ အခန်း(၁၀၃)၊ ကျန်စစ်မင်းအိမ်ရာအပိုင်း(၂)၊ (၈)ရပ်ကွက်၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်။**

# တော
# တောင်
# ပျက်
# ပြုန်း
# မြေ
# ဆီ
# သုံး
# ၏

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၆၉၊ မြေကွက်အမှတ်– ၁၈၅၆၊ မြေအကျယ်အဝန်း (၄၀ပေx ၆၀ပေ) မြေကွက်၏ ပါမစ်အမည်ပေါက်မှာ ဦးစိန်စိန်မော် (AE– ၀၅၇၄၃၅)ဖြစ်ပြီး ၎င်းထံမှ အဆက်ဆက်စာချုပ်များဖြင့် (၁၀ပေx ၆၀ပေ) မြေအိမ်ကို ဝယ်ယူပိုင်ဆိုင်လက်ရှိဖြစ်သူ ဒေါ်ခင်အေးမြင့် [၁၂/အလန(နိုင်) ၀၂၀၆၈၁]မှ တရားဝင်လက်ရှိပိုင်ဆိုင် အကျိုးခံစားလျက်ရှိပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသောကြောင့် ကျွန်ုပ်မိတ်ဆွေမှ အဆိုပါ မြေအိမ်ကို ဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ဤကြော်ငြာပါပြီး (၇)ရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်သီဂီဝင်း**
**(LL.B, D.B.L, D.M.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၈၁၈၀)**
**ရုံးအမှတ် (၈၃/၁၁)၊ ဒု–ထပ်၊ ပန်းဆိုးတန်းလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်– ၅၊ နည်းဥပဒေ– ၂၀)
## သဃ်န်းကျွန်းခရိုင်တရားရုံးတော်၌
## ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ်– ၂၆၆

ဒေါ်လဲ့လဲ့စိုး နှင့် ဒေါ်သိန်းညွန့်
(၎င်း၏အခွင့်ရကိုယ်စားလှယ်ဦးမောင်မောင်တင်)
(တရားလို) (တရားပြိုင်)

**ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၁)ရပ်ကွက်၊ (၇)လမ်း၊ အမှတ်– ၃၀၂နေ ဒေါ်သိန်းညွန့် (ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။**

သင့်အပေါ်၌ တရားလိုက **"ပဋိညာဉ်အတိုင်း မြေနှင့်အိမ် အပြီးအပိုင် အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှု"** လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၂၉ ရက် (၁၃၈၆ ခုနှစ်၊ တန်ဆောင်မုန်းလဆုတ် ၁၄ ရက်)နေ့ မွန်းမတည့်မီ (၁၀:၀၀)နာရီအချိန်တွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ (၅)ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မြမြဦး)**
**ခရိုင်တရားသူကြီး**
**သဃ်န်းကျွန်းခရိုင်တရားရုံး**

**ပြင်ပအလင်းရောင်ကို အသုံးချပါ၊ မလိုအပ်သော အိမ်တွင်းလျှပ်စစ်မီးများကို လျှော့သုံးပါ**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းခရိုင်၊ ကော့သောင်းမြို့နယ်၊ ၂၉–ပိတောက်ရွှေဝါ၊ မြေကွက်အမှတ်–၅၈၃၊ အကျယ်အဝန်း(၀.၀၃၁)ဧကရှိ မြို့တွင်းလူနေထိုင်သည့်မြေအမျိုးအစားမြေကွက်၊ ဦးဖေသိန်း အမည်ပေါက် အိမ်အမှတ် – ၁၁၀၊ ဗိုလ်ချုပ်လမ်း၊ ပိတောက်ရွှေဝါရပ်ကွက်၊ ကော့သောင်းမြို့ဟုခေါ်တွင်သော မြေကွက်နှင့် ယင်းမြေကွက်တွင် ဆောက်လုပ်ထားသော ၃ထပ်အာရ်စီတိုက်အဆောက်အဦ၊ သီးပင်၊ စားပင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို (တရားဝင် လက်ဝယ်ရှိပြီး အမွေဆက်ခံပိုင်ဆိုင်ကြောင်းကြေညာ၍ အရောင်းအဝယ်ပြုလုပ်လိုကြောင်း ကမ်းလှမ်းလာသူများဖြစ်ကြသော ဒေါ်ခင်တုတ်[၆/ကသန(နိုင်)၀၀၈၆၅၇]၊ ဒေါ်မူမူအေး[၆/ထဝန(နိုင်)၀၄၉၃၀၇]၊ ဦးမြင့်သိန်း[၆/ကသန(နိုင်)၀၁၂၆၂၃]၊ ဒေါ်မူမူလေး[၆/ကသန(နိုင်)၀၁၂၆၂၂]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းတန်ဖိုးငွေမှ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့် မြေကွက်ပေါ်ရှိ ၃ထပ်အာရ်စီတိုက် အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား အရောင်းအဝယ်ပြုလုပ်သည့်ကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်ရန် အကြောင်းရှိခဲ့ပါလျှင် ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ဆက်သွယ်၍ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အဆိုပါအရောင်းအဝယ်ကိစ္စကို ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဇော်ဝင်းထွန်း ( LL.B , D.B.L ) တရားလွှတ်တော်ရှေ့နေ (စဉ်– ၈၇၀၃)**
**ရုံးခန်း(၅)၊ ပထမထပ် Strand Condominium ၊ အမှတ် (၃၃/၄၉)၊**
**မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း – ၀၉–၄၅၀၀၃၉၂၁၀၊ ၀၉–၅၀၃၄၆၅၂**

## သက်ဆိုင်သူများနှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်နေ ဒေါ်မိုးမိုးမြတ်ဇင်(ခ) မြတ်သူသူ [၁၂/မရက(နိုင်) ၁၅၅၀၆၈] (Facebook Account Page Name– Htet Myat Thu– ထက်မြတ်သူ၊ Diamond & Jewellery)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေး၍ အများသိစေရန် ကြေညာအပ်ပါသည်–

ဒေါ်မိုးမိုးမြတ်ဇင်(ခ)မြတ်သူသူသည် HTET MYAT THU (DIAMOND & JEWELLERY) ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို တရားဝင် မှတ်ပုံတင်ကာ စိန်၊ ရွှေ၊ လက်ဝတ်ရတနာပစ္စည်းများကို ဆိုင်ဖွင့်လှစ်၍ တရားဝင်ရောင်းချလျက်ရှိပါသည်။ Online ပေါ်တွင် Facebook Account Name (Myat Thu Thu–မြတ်သူသူ) နှင့် Page–(Htet Myat Thu– ထက်မြတ်သူ Diamond & Jewellery), TikTok, Telegram, ဖုန်း–09–957577333, 09–957577444 ဖုန်း (၂)လုံးမှလွဲ၍ တခြားသော အကောင့်များသုံးစွဲခြင်းမရှိပါ။ ယခုအခါတွင် မသမာသူများမှ အကောင့်အတုများ ဖန်တီးအသုံးပြု၍ ရွှေသားသီးသန့်အထည်များ ရောင်းခြင်း၊ ချေးငွေလုပ်ငန်းလုပ်ခြင်းများ၊ ငွေလိမ်ခြင်းများပြုလုပ်ကာ ကျွန်ုပ်၏မိတ်ဆွေ ဂုဏ်သိက္ခာကျဆင်းစေရန်နှင့် ၎င်း၏အသက်မွေးဝမ်းကျောင်းဆိုင်ရာလုပ်ငန်းကိစ္စရပ်များ ထိခိုက်နစ်နာစေရန် မဟုတ်မမှန် လုပ်ကြံဆောင်ရွက်နေသည်များကို မြင်တွေ့ကြားသိနေရပါသည်။ ထိုအကောင့်အတုများကြောင့်လည်းကောင်း၊ အခြားသော TikTok, Viber, Telegram များကြောင့် ပေါ်ပေါက်လာမည့် မည်သည့်ကိစ္စအရပ်ရပ်ကိုမဆို ဒေါ်မိုးမိုးမြတ်ဇင်(ခ)မြတ်သူသူမှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ ထို့သို့ ကျွန်ုပ်မိတ်ဆွေ၏ Logo လုပ်ငန်းနာမည်ကို အသုံးပြု၍ အကောင့်တုများဖွင့်လှစ်ခြင်း၊ မဟုတ်မမှန်လုပ်ငန်းများအား လုပ်ကိုင်ဆောင်ရွက်နေသူများကို တည်ဆဲဥပဒေများနှင့်အညီ ဖော်ထုတ်အရေးယူ ဆောင်ရွက်မည်ဖြစ်ကြောင်းနှင့် မမှန်မကန်သတင်းများကို ဆက်သွယ်ရေးကွန်ရက်မှ အသုံးပြု၍ဖြစ်စေ၊ လူမှုပတ်ဝန်းကျင်မှဖြစ်စေ ပြောဆိုခြင်း၊ ရေးသားဖြန့်ဝေခြင်း၊ မှတ်ချက်ပေးခြင်းများ လုံးဝမပြုလုပ်ပါရန် တားမြစ်ပါသည်။ ပြုလုပ်ထားပါက ယနေ့မှစ၍ ပြန်လည်ရုပ်သိမ်းဖျက်သိမ်းပေးပါရန်နှင့် လိုက်နာမှုမရှိပါက တည်ဆဲဥပဒေများနှင့်အညီ ဆက်လက်အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သက်ဆိုင်သူများနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်မိုးမိုးမြတ်ဇင်(ခ)မြတ်သူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ထူးသဥ္ဇာဦး(LLB, CBL,DBL) (DL 101 WIPO Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၆၄၈၃)**
**အမှတ်–၃၂၀၊ ၃လွှာ၊ ဘုရင့်နောင်လမ်း၊ (၃၁)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း–၀၉–၄၀၄၄၁၀၀၇၀၊ ၀၉–၇၈၇၀၈၀၃၃၇**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၁ နှင့် ၅)
## ဒဂုံမြို့သစ်ခရိုင် တရားရုံးတော်
## ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ်–၁၉၅

ဦးမျိုးမြင့် နှင့် ၁။ ဦးဘဆွေ
၂။ ဦးလှမြင့်
(တရားလို) (တရားပြိုင်များ)

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊(က+ခ)ရပ်ကွက်၊ ၁၅၇ လမ်း၊ အမှတ်(၁၁၆)နေ (၂)တရားပြိုင် ဦးလှမြင့် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးမျိုးမြင့်က ပဋိညာဉ်အတိုင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ (၂၂)ရက်၊ (၁၃၈၆ ခုနှစ်၊ တန်ဆောင်မုန်းလဆုတ် ၇ ရက်)နေ့ မွန်းမတည့်မီ (၁၀)နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၇ ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(လှဦး)**
**တွဲဖက်ခရိုင်တရားသူကြီး(၂)**
**ဒဂုံမြို့သစ်ခရိုင်တရားရုံး**

## ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်
## (၂၂) ကြိမ်မြောက် ဘွဲ့နှင်းသဘင်လျှောက်လွှာခေါ်ယူခြင်း

ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ် ၂၀၂၃–၂၀၂၄ ပညာသင်နှစ်တွင် မဟာဝိဇ္ဇာဘွဲ့၊ ဝိဇ္ဇာဘွဲ့၊ ဒီပလိုမာဘွဲ့နှင့် Advanced Certificate (Intermediate Level) အောင်မြင်ကြသူများအတွက် (၂၂)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို အောက်ပါအတိုင်း ကျင်းပမည်ဖြစ်ပါသည်–

| | |
|---|---|
| ကျင်းပမည့်နေ့ | – ၂၀–၁၂–၂၀၂၄ (သောကြာနေ့) |
| ကျင်းပမည့်နေရာ | – ဘွဲ့နှင်းသဘင်ခန်းမ (ရန်ကုန်တက္ကသိုလ်) |
| ကျင်းပမည့်အချိန် | – နံနက်(၉:၀၀)နာရီ |
| ဘွဲ့နှင်းသဘင်ကြေး | – ၁၅၀၀၀/– (ကျပ်တစ်သောင်ငါးထောင်တိတိ) |
| အဝေးရောက်ဘွဲ့ကြေး | – ၁၀၀၀၀/– (ကျပ်တစ်သောင်းတိတိ) |
| အစမ်းလေ့ကျင့်မည့်ရက်၊ အချိန် | – ၁၉–၁၂–၂၀၂၄ (ကြာသပတေးနေ့)၊ နံနက် (၁၀:၀၀)နာရီ |
| လျှောက်လွှာလက်ခံမည့်ရက် | – ၁၁–၁၁–၂၀၂၄ ရက်နေ့မှ ၂၂–၁၁–၂၀၂၄ ရက်နေ့အထိ |

သတ်မှတ်လျှောက်လွှာပုံစံဖြင့် လျှောက်ထားရန်

(၁) ခြောက်လအတွင်း ရိုက်ကူးထားသော (၁ ½ " x ၂") ဓာတ်ပုံ (၃)ပုံနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား မူရင်းနှင့်မိတ္တူကို လျှောက်လွှာတင်သည့်ရက်တွင် ယူလာရပါမည်။ (ဓာတ်ပုံသည် အင်္ကျီလက်ပြတ်၊ တီရှပ်၊ လည်ဟိုက်နှင့် ဆံပင်ဆိုးထားသောပုံ မဖြစ်ရပါ။)
(၂) ၂၀၂၃–၂၀၂၄ ပညာသင်နှစ်တွင် မဟာဝိဇ္ဇာဘွဲ့ (တရုတ်၊ အင်္ဂလိပ်၊ ပြင်သစ်၊ ဂျာမန်၊ ဂျပန်၊ ကိုရီးယား၊ ရုရှား၊ ထိုင်းဘာသာ) ဖြင့် အောင်မြင်ကြသူများ
(၃) ၂၀၂၃–၂၀၂၄ ပညာသင်နှစ်တွင် ဝိဇ္ဇာဘွဲ့ [တရုတ်၊ အင်္ဂလိပ်၊ ပြင်သစ်၊ ဂျာမန်၊ ဂျပန်၊ ကိုရီးယား၊ ရုရှား၊ ထိုင်း၊ မြန်မာဘာသာ(နိုင်ငံခြားသား)] ဖြင့် အောင်မြင်ကြသူများ
(၄) ၂၀၂၃–၂၀၂၄ ပညာသင်နှစ်တွင် ဒီပလိုမာဘွဲ့ (တရုတ်၊ အင်္ဂလိပ်၊ ကိုရီးယား၊ အီတာလျံ၊ စပိန်ဘာသာ] ဖြင့် အောင်မြင်ကြသူများ
(၅) ၂၀၂၃–၂၀၂၄ ပညာသင်နှစ်တွင် ဒီပလိုမာ(CHRD) (International Relations) သင်တန်းအမှတ်စဉ်(၃)နှင့် Online သင်တန်းအမှတ်စဉ် (၁)၊ (၂) Diploma in Tourism and Economic Geography (DTEG) ဖြင့် အောင်မြင်ကြသူများ
(၆) ၂၀၂၃–၂၀၂၄ ပညာသင်နှစ်တွင် အချိန်ပိုင်းဒီပလိုမာ ဒုတိယနှစ် (တရုတ်၊ ဂျာမန်၊ ဂျပန်၊ ကိုရီးယား၊ ထိုင်း) ဖြင့် အောင်မြင်ကြသူများ
(၇) ယခင်ပညာသင်နှစ်များမှ ဘွဲ့ လျှောက်ထားခြင်းမရှိခဲ့ဖူးသူများသည် အဝေးရောက်ဘွဲ့အတွက်သာ လျှောက်ထားနိုင်ပါသည်။
(၈) ဘွဲ့ဝတ်စုံငှားရန် ထောက်ခံစာကို (၁၆–၁၂–၂၀၂၄) ရက်နေ့နှင့် (၁၇–၁၂–၂၀၂၄) ရက်နေ့များတွင် ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်စာမေးပွဲနှင့် ဘွဲ့နှင်းဌာနတွင် ထုတ်ပေးပါမည်။ (ဘွဲ့ဝတ်စုံ ငှားရမ်းရန် မှတ်ပုံတင်မူရင်းကို ယူဆောင်လာရမည်။)
(၉) ဘွဲ့နှင်းသဘင်တက်ရောက်မည်ဟု တင်သွင်းပြီး တက်ရောက်ရန် ပျက်ကွက်ပါက ဘွဲ့လက်မှတ်ကို အဝေးရောက်ဘွဲ့လက်မှတ်များ ထုတ်ပေးသည့်အချိန်မှသာ ထုတ်ပေးပါမည်။
(၁၀) ဘွဲ့တက်ရောက်ယူမည့် အမျိုးသားများသည် မြန်မာဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံ (သို့) အနောက်တိုင်းဝတ်စုံအပြည့် (ဘောင်းဘီရှည်၊ ကုတ်အင်္ကျီ၊ နက်ကတိုင်)နှင့် အမျိုးသမီးများသည် မြန်မာ့ယဉ်ကျေးမှု နှင့်ကိုက်ညီသော မြန်မာ့ထဘီ၊ အင်္ကျီနှင့် တိုင်းရင်းသားဝတ်စုံကိုသာ ဝတ်ဆင်ခွင့်ပြုမည်။ (အောက်နားခွဲထားသော သုံးလွှာလုံချည်များ ဝတ်ခွင့်မပြုပါ။)
(၁၁) အသေးစိတ်ကို ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ် စာမေးပွဲနှင့် ဘွဲ့နှင်းဌာနတွင် စုံစမ်းနိုင်ပါသည်။

**စန္ဒာထွင်း**
**မော်ကွန်းထိန်း**

## ပြင်ဆင်ဖတ်ရှုပေးပါရန်

ကြေးမုံသတင်းစာ၏ စာမျက်နှာ (၂၇)၌ (၂၅–၁၀–၂၀၂၄)ရက်နေ့တွင် အထက်တန်းရှေ့နေ ဦးမောင်မောင်အေး၏ အများသိစေရန် ထည့်ထား သော တိုက်ခန်းအရောင်းအဝယ်ကြော်ငြာအား အိမ်အမှတ် (၁၁၂/A–B)ဟု မှားယွင်းဖော်ပြထားပါသဖြင့် အိမ်အမှတ် (၂၂၁/A–B)ဟု ပြင်ဆင်ဖတ်ရှုပေးပါရန် အများသိစေရန် ကြော်ငြာအပ်ပါသည်။

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်–၂၅၊မြေကွက်အမှတ်–၉၆၁/က၊မြေကွက်တည်နေရာအမှတ်–၉၆၁/က၊ယဇနလမ်း၊(၂၅)ရပ်ကွက်၊ဒဂုံတောင်၊ဦးမြမောင်(ISN–၂၁၅၅၄၁)အမည်ပေါက်နှစ်(၆၀)မြေငှားဂရန်မြေအားဂရန်အမည်ပေါက်–ဦးမြမောင်(ဖခင်)ဖြစ်သူသည်(၁၀–၂–၂၀၀၅)ရက်နေ့တွင်လည်းကောင်း၊မိခင်ဖြစ်သူဒေါ်စိန်သည်(၁၂–၈–၂၀၀၂)ရက်နေ့တွင်လည်းကောင်းအသီးသီးကွယ်လွန်ခဲ့ကြပြီး၎င်းတို့၏တစ်ဦးတည်းသောသမီးဖြစ်သူဒေါ်သန်းသန်းနွဲ့(၁၂/သဃက(နိုင်)၁၀၆၇၈၀)မှတရားဝင်အမွေဆက်ခံခွင့်ရှိသူသမီးဖြစ်ကြောင်း၊မိမိမှလွဲ၍အခြားကိတ္တိမမွေးစားသားသမီးတစ်ဦးတစ်ယောက်မျှမရှိပါကြောင်း၊အထက်ပါမြေကွက်၏အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အားတစ်ဦးတည်းသောသမီးဖြစ်သူမိမိကသာလျှင်အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း၊မိမိမှလွဲ၍အခြားသောအမွေဆက်ခံခွင့်မည်သူတစ်ဦးတစ်ယောက်မျှမရှိပါကြောင်းကျမ်းကျိန်လွှာအမှတ်–၅/၁၂၄၂/၂၀၂၄(၂၁–၅–၂၀၂၄)၊အသိသက်သေနှစ်ဦး၏ထောက်ခံကျမ်းကျိန်လွှာနှစ်စောင်၊မိခင်ဖခင်သေစာရင်း၊အိမ်ထောင်စုစာရင်း၊နှစ်(၆၀)မြေငှားစာချုပ်မူရင်း၊နိုင်ငံသားစိစစ်ရေးကတ်ပြားတို့တင်ပြ၍ပိုင်ဆိုင်ကြောင်းမြေပုံကူးလျှောက်ထားခြင်းအားမြေပြင်ကွင်းဆင်းစစ်ဆေးရာ(၁)ထပ်သွပ်မိုးပျဉ်ကာ(၁)လုံးရှိပြီးကိုယ်တိုင်နေထိုင်ပြီးဒေါ်သန်းသန်းနွဲ့မှကွင်းဆင်းသိရှိကြောင်းလက်မှတ်ရေးထိုးပေးပါသဖြင့်၎င်း၏ပိုင်ဆိုင်ကြောင်းလျှောက်ထားလာရာတရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

**ဥ တု ရာ သီ တော ကို မှီ ၏**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန
## မြန်မာနိုင်ငံလေကြောင်းနှင့်အာကာသပညာတက္ကသိုလ်
## မဟာအင်ဂျင်နီယာဘွဲ့အမှတ်စဉ်(၁၀) နှင့် အင်ဂျင်နီယာဘွဲ့လွန်ဒီပလိုမာ (အာကာသနှင့်ဂြိုဟ်တုစနစ်နည်းပညာ) သင်တန်းအမှတ်စဉ်(၃) သင်တန်းများအတွက် သင်တန်းသားလျှောက်လွှာခေါ်ယူခြင်း

၁။ မြန်မာနိုင်ငံလေကြောင်းနှင့်အာကာသပညာတက္ကသိုလ်တွင် မဟာအင်ဂျင်နီယာဘွဲ့အမှတ်စဉ်(၁၀)နှင့် အင်ဂျင်နီယာဘွဲ့လွန်ဒီပလိုမာ (အာကာသနှင့်ဂြိုဟ်တုစနစ်နည်းပညာ) သင်တန်းအမှတ်စဉ်(၃) သင်တန်းများ ဖွင့်လှစ်မည်ဖြစ်ပါသည်။

၂။ အထက်ပါသင်တန်းများကို (၂၁-၁၁-၂၀၂၄) ရက်နေ့တွင် စတင်ဖွင့်လှစ်သင်ကြားမည်ဖြစ်ပါသည်။

၃။ မြန်မာနိုင်ငံလေကြောင်းနှင့်အာကာသပညာတက္ကသိုလ်၏ Website **www.maeu.edu.mm** တွင် အသေးစိတ်အချက်အလက်များကို ကြည့်ရှု၍ ကျောင်းသားရေးရာဌာန ဖုန်းနံပါတ်-၀၉-၉၄၂၄၂၂၄၄၆ နှင့် ၀၉-၂၅၆၁၀၂၃၁၉ တို့သို့လည်း တိုက်ရိုက် ဆက်သွယ်စုံစမ်းနိုင်ပါသည်။

## ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆)မေယု(၄)လမ်း၊ မြေကွက်အမှတ်(၁၃၁၉)အကျယ်အဝန်း(၄၀× ၆၀)ပေရှိခေါ် ဖြူဖြူဝင်း(၁၂/မရက(နိုင်)၀၃၆၉၃၆)အမည်ပေါက်နှစ်(၆၀)ဂရန်မြေကွက်နှင့်နေအိမ်အရောင်းအဝယ်အားကန့်ကွက်နိုင်ပါကြောင်း။

